# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခိုင်မာမြဲမြံစွာရပ်တည်နိုင်**

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့ လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့ လည်းကောင်း ခိုင်မာမြဲမြံစွာ ရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော် ပူဇော်ကန်တော့ရာ၏။

**အရဟန္တဝဂ်(ဓမ္မပဒ-၉၅)**


၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လပြည့်ကျော် ၅ ရက် | ၂၀၁၈ ခုနှစ်၊ သြဂုတ် ၃၁ ရက်၊ သောကြာနေ့ | အတွဲ (၅၇)၊ အမှတ် (၃၃၃)




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mrs. Bidhya Devi Bhandari အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါနိုင်ငံ သမ္မတနှင့် ဝန်ကြီးချုပ်တို့နှင့် တွေ့ဆုံ

**ကတ္တမန္ဒူ သြဂုတ် ၃၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli နှင့် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ကတ္တမန္ဒူမြို့ Soaltee Crown Palaza Hotel, Malshree ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ်က နိုင်ငံတွင်း ပြည်တွင်းငြိမ်းချမ်းမှုရရှိရေးနှင့် ဒီမိုကရေစီစနစ်သို့ အသွင်ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မြန်မာနိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်ရေး ဆောင်ရွက်မှု


*စာမျက်နှာ ၃ ကော်လံ ၄* ◆




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ သတင်းစဉ်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ

**နေပြည်တော် သြဂုတ် ၃၀**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခဒေါက်တာအောင်ထွန်းသက်တို့အား ယနေ့ နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ဦးမြင့်သူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် န၀မပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ


*ပြည်ထောင်စုလွှတ်တော် - စာမျက်နှာ - ၇*


## လိုအပ်ပါက နျူကလီးယားသဘောတူစာချုပ်ကို စွန့်လွှတ်မည်ဟု ခါမေနီပြော


*နိုင်ငံတကာသတင်း - စာမျက်နှာ - ၁၄*



C B BANK

Contact Center : (+95) 1 231 777 0

INTERNATIONAL TRADE SERVICES

- Export / Import Services
- Export / Import Financing
- International Remittance

Contact Us : (95-1) 2317698, (95-9) 261997208 www.cbbank.com.mm STU@cbbank.com.mm

# ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်

ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သည် ကရင်အမျိုးသားတို့၏ ရိုးရာထုံးတမ်းအစဉ်အလာတစ်ရပ် ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုကော်မတီက ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့က ရန်ကုန်မြို့ရှိ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ ကျင်းပခဲ့ပါသည်။ ဤကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ကရင်အမျိုးသား အစည်းအရုံး-KNU (ဗဟို)ဒုဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းတို့က တက်ရောက်ချီးမြှင့်ပြီး ဖားစည်တီး၍ ဖွင့်လှစ်ပေးခဲ့ပါသည်။

အဆိုပါ ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က အမှာစကားပြောကြားခဲ့ပါသည်။ ဤကဲ့သို့ အမှာစကားပြောကြားရာ၌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ဤကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာပွဲတော်ကို လူငယ်များက ဦးဆောင်ကျင်းပသည့်အပေါ် အထူးအလေးအနက်ထား အသိအမှတ်ပြုပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူသားတို့၏ စိတ်ဓာတ်သည် အမုန်းစိတ်ကို ဆွသည့်အခါ ပိုကြွလွယ်သော်လည်း မေတ္တာတရားကို ဆွသည့်အခါ ကြွရန် မလွယ်သည်ကို ထောက်ပြခဲ့ပါသည်။ ဤအချက်သည် လူမျိုးရေးပဋိပက္ခများနှင့် လူမျိုးရေး၊ ဘာသာရေး အခြေခံအစွန်းရောက် အကြမ်းဖက်ဝါဒတို့ ပျံ့နှံ့နေသည့် ပစ္စုပ္ပန်ကမ္ဘာကြီး၌ အထူးအလေးအနက်ထား သုံးသပ်ရမည့်အချက် ဖြစ်ပါသည်။

ပစ္စုပ္ပန်ကမ္ဘာကြီး၌ မေတ္တာတရား၏ အင်အားကြီးမားလာရန် အရေးကြီးသကဲ့သို့ ပြည်ထောင်စုနိုင်ငံတော်ဖြစ်သော မြန်မာနိုင်ငံ၌လည်း ပြည်ထောင်စုသား တိုင်းရင်းသားလူမျိုးများကြား၌ မေတ္တာတရား၏ အင်အားကြီးမားလာရေးသည်လည်း အရေးကြီးပါသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်သည် ကရင်တိုင်းရင်းသားတို့၏ရိုးရာအရ လိပ်ပြာများကို ပြန်ခေါ်ခြင်း(တစ်နည်း) ကွဲပြားသွားသော လူမျိုးစုများ တစ်ယောက်နှင့်တစ်ယောက် သိရှိစေရန် ချည်ဖြူလေးများပတ်ခြင်းဟု ဖွင့်ဆိုတင်ပြသွားပါသည်။ အဆိုပါ ဖွင့်ဆိုမှုအပေါ် မူတည်၍ ကရင်ရိုးရာချည်ဖြူဖွဲ့ပွဲတော်၏ အနှစ်သာရသည် စုစည်းခြင်းဟု နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထပ်ဆင့်သုံးသပ်ရှုမြင်သွားပါသည်။ တစ်ဆက်တည်း၌ပင် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ပြည်ထောင်စုသားများဖြစ်သည့် တိုင်းရင်းသားလူမျိုးစုတိုင်း၌ တာဝန်ရှိသည်ကိုလည်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြသွားပါသည်။

နှစ်ပေါင်းများစွာ လက်နက်ကိုင်ရာမှ ငြိမ်းချမ်းရေးလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းရခြင်းသည် စေတနာမှန်ကန်ရုံသာမက သတ္တိနှင့် စိတ်ဓာတ်ခိုင်မာမှုလိုအပ်သည့်အတွက် ဤကဲ့သို့ စွမ်းဆောင်နိုင်ခဲ့သည့် ကရင်အမျိုးသား ခေါင်းဆောင်ကြီးများနှင့်အတူ တိုင်းရင်းသားခေါင်းဆောင်ကြီးများအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကျေးဇူးတင်စကားပြောခဲ့ခြင်းသည် ပြည်ထောင်စုစိတ်ဓာတ်ကို ထပ်မံအားသစ်လောင်း ပုံဖော်လိုက်ခြင်းပင် ဖြစ်ပါသည်။ ထမင်းလက်ဆုံစား မိတ်ဆွေဖွဲ့ခြင်း၏ အရေးပါပုံကို အသိအမှတ်ပြုလျက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ကရင်ရိုးရာချည်ဖြူဖွဲ့မင်္ဂလာပွဲတော်ကို နှစ်စဉ်နှစ်တိုင်း ညီညီညွတ်ညွတ် ကျင်းပနိုင်ရေးအတွက် ဆုတောင်းမေတ္တာပို့သခဲ့ခြင်းသည် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ထူထောင်နိုင်ရေးအတွက် မေတ္တာပို့သခဲ့ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားဥပဒေစိုးမိုးရေး အစီအစဉ်မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ

**စစ်တွေ ဩဂုတ် ၃၀**

ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှု အစီအစဉ် (UNDP) က အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားဥပဒေစိုးမိုးရေး အစီအစဉ်မိတ်ဆက်ခြင်း အခမ်းအနားကို ယမန်နေ့က စစ်တွေ ဟိုတယ်ခန်းမ၌ကျင်းပကြောင်း သိရသည်။



အခမ်းအနားတွင် ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်းက ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ်(UNDP) က အကောင်အထည်ဖော်ဆောင်ရွက်မည့် တရားဥပဒေစိုးမိုးရေး အစီအစဉ်မိတ်ဆက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ရန်ကုန်အခြေစိုက်ရုံးမှ Programma Advisor Mr.Joery Stahlhut က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် Program Manager ဦးစိုးမိုးကျော်က ဥပဒေအထောက်အကူပြုရေး ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ International Legal Foundation မှ ဒေါ်သိင်္ဂီထွန်းက ဥပဒေပညာပေး အစီအစဉ်နှင့် မူဝါဒရေးရာကိစ္စရပ်များကို လည်းကောင်း၊ ဥပဒေရေးရာ ကုစားရေးအဖွဲ့ (စစ်တွေ) ရုံးမှ ဒေါ်မြတ်သူဇာက ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရုံးဖွင့်လှစ် ပြီးUNICEF နှင့်ပူးပေါင်း၍ ဥပဒေပညာပေးအစီအစဉ်နှင့် ဥပဒေအထောက် အကူပြု အစီအစဉ်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို လည်းကောင်း၊ Thazin Legal Aid Group မှ ဦးငြိမ်းချမ်းက ရခိုင်ပြည်နယ်အတွင်းရှိ လယ်ယာမြေဆိုင်ရာ ကိစ္စရပ်များနှင့် ဆက်စပ်၍လည်းကောင်း ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် UNDP မှ Chief Technical Advisor Mr.Scolt Ciment က မေးမြန်းဆွေးနွေး တင်ပြချက်များအား ပေါင်းစပ်ညှိနှိုင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ် ဥပဒေချုပ် ဦးကျော်လှထွန်း၊ ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ယဉ်ယဉ်လှ၊ ပြည်နယ်တရား လွှတ်တော်တရားသူကြီး၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ ရခိုင်ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**ဝင်းမင်းစိုး (ပြန်/ဆက်)**

## စစ်တောင်းမြစ်ကူးတံတားသစ် တည်ဆောက်နိုင်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်းနယ်ပယ်အနီးရှိ ဒေသခံများနှင့်တွေ့ဆုံ

**ဝေါ ဩဂုတ် ၃၀**

အရှေ့အနောက် စီးပွားရေးစင်္ကြံ အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း(ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းမသစ်) ရှိ စစ်တောင်းမြစ်ကူး တံတားသစ် တည်ဆောက်နိုင်ရေးအတွက် စီမံကိန်းနယ်ပယ်အနီးရှိ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံပွဲကို ယမန်နေ့က ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးကြည်နှင့် ဌာနဆိုင်ရာများ၊ JICA အဖွဲ့မှ Mr.Hironor KUROCI နှင့် တံတားဦးစီးဌာန အင်ဂျင်နီယာများ၊ ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်ဆောက်လုပ်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မာမာသိန်းက တံတားစီမံကိန်းအကျဉ်းကို ရှင်းလင်းပြောကြားပြီး ဝေါမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးအေးမြင့်က လုပ်ငန်းများ ထိခိုက်မှုအန္တရာယ်များအသိပညာပေးရှင်းလင်းပြောကြားသည်။ ယင်းနောက် စစ်တောင်းတံတားသစ်အတွက် ပတ်ဝန်းကျင်ဆန်းစစ်လေ့လာခြင်း တွေ့ရှိချက်များကို JICAအဖွဲ့မှ ဦးတင်အောင်မိုးက အရှေ့အနောက်စီးပွားရေးစင်္ကြံ အဝေးပြေးလမ်းမကြီး အဆင့်မြှင့်တင်ခြင်းစီမံကိန်း (ပဲခူး-ကျိုက်ထို အဝေးပြေးလမ်းမသစ်) လမ်းပိုင်းအတွင်း စစ်တောင်းမြစ်ကူး လေးလမ်းသွား ၂၅မီတာအကျယ်ခန့် တံတားအသစ်တစ်စင်း တည်ဆောက်ရန် ဒုတိယအကြိမ် ဒေသခံပြည်သူလူထုနှင့် လာရောက်၍ ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်းအတွက် ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း၊ အဆိုပါ မြစ်ကူးတံတားသစ်သည် လေးလမ်းသွား စုစုပေါင်း အရှည် ၂ ဒသမ ၃ကီလိုမီတာ ရှိပြီး။ လေးလမ်းသွား သံကူကွန်ကရစ်တံတားအဖြစ် ဂျပန်နည်းပညာဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းအကြို လေ့လာခြင်းကို ၂၀၁၇ ခုနှစ် ဧပြီလက လေ့လာခဲ့ပြီး တံတားတည်ဆောက်မှု အသေးစိတ်ကို ရှင်းလင်းတင်ပြခဲ့သည်။ တက်ရောက်လာသူများက သိရှိလိုသည်များကို ဆွေးနွေးမေးမြန်းခဲ့ကြပြီး တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။ ယင်းနောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်က လမ်း/တံတား စီမံကိန်းသစ်သည် အနာဂတ်အတွက် မျှော်မှန်းဆောင်ရွက်ခြင်းဖြစ်ပြီး အမှန်တကယ်လိုအပ်သည့် စီမံကိန်းများ ဖြစ်ကြောင်း၊ တံတားတည်ဆောက်ရာတွင် မြေနေရာ အနည်းဆုံးကိုသာ အသုံးပြုရန်လိုအပ်ပြီး တံတား တည်ဆောက်ရေးလုပ်ငန်းနှင့် မလွတ်ကင်းသည့် လယ်ယာမြေများအတွက် ဥပဒေနှင့်အညီ ဒေသခံတောင်သူများအား ထိုက်သင့်သည့် လျော်ကြေး ငွေ/နစ်နာကြေးရရှိရန် လိုအပ်ကြောင်းနှင့် မိမိတို့ဒေသအတွင်း စစ်တောင်းမြစ်ကူးတံတားသစ် တစ်စင်းကို နှစ်ရှည်ချေးငွေဖြင့် တည်ဆောက်ရန် လာရောက်ဆန်းစစ် ရှင်းလင်းပြောကြားမှုအပေါ် ကျေးဇူးတင်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ မြစ်ကူးတံတားသည် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ရှမ်းကိုင်းကျေးရွာအနီးမှ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း စစ်တောင်းမြစ်အား လက်ရှိတံတားအဟောင်း အောက်ဘက် ၃ ဒသမ ၆ ကီလိုမီတာ အကွာအဝေးမှ ဖြတ်၍ ဖောက်လုပ်သွားမည်ဖြစ်ပြီး ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်လာခြင်း၊ ဒေသထွက်ကုန်များ ဈေးကွက်အသစ်တစ်ခု ဖန်တီးနိုင်ခြင်းနှင့် အနာဂတ်တွင် အရေးပါသည့် အဝေးပြေးလမ်းမကြီး တစ်ခုအဖြစ်အသုံးပြုနိုင်မည်ဖြစ်၍ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာမှုများကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။ **အောင်မြတ်လင်း(ပြန်/ဆက်)**

## တနင်္သာရီ ရေဘေးသင့်ဒေသများသို့ ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဆန်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**တနင်္သာရီ ဩဂုတ် ၃၀**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်တွင် ဇူလိုင် ၁၅ ရက်မှစ၍ လက်ရှိအချိန်အထိ ရက်ပေါင်း ၄၀ ကျော် တနင်္သာရီမြစ်ရေကြီးပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လျက်ရှိရာ အဆိုပါဒေသမှ ရေဘေးသင့်ပြည်သူများအတွက် ဆန်နှင့် စားသောက်ဖွယ်ရာများကို ဝေဠုကျော်ဖောင်ဒေးရှင်းမှ ဩဂုတ် ၂၈ ရက်က လှူဒါန်းခဲ့ကြောင်း သိရသည်။

ဝေဠုကျော်ဖောင်ဒေးရှင်းမှ မညိုမီသိန်း ဦးဆောင်သောအဖွဲ့က သက်ဆိုင်ရာ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၏ လိုက်ပါကူညီမှုဖြင့် ရေဘေးကြုံတွေ့နေရသော ဆင်ခြေဖုန်းကျေးရွာအုပ်စု လယ်တောင်ယာကျေးရွာ၊ တမုတ်ချုန်းကျေးရွာအုပ်စု တမုတ်ချုန်းကျေးရွာနှင့် သိန်ခွန်းကျေးရွာအုပ်စု သိန်ခွန်းကျေးရွာတို့ရှိ ရေဘေးသင့်အိမ်ထောင်စု ၂၀၇ စုတို့မှ ပြည်သူများအတွက် ဆန်၊ ငါးသေတ္တာဘူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ဆီများကို လှူဒါန်းခဲ့ခြင်းဖြစ်သည်။

ဝေဠုကျော်ဖောင်ဒေးရှင်းအနေဖြင့် ဩဂုတ် ၂၇ ရက်ကလည်း အရှေ့မော်တုန်းကျေးရွာအုပ်စု၊ အနောက်မော်တုန်းကျေးရွာအုပ်စု၊ ပဝကျေးရွာအုပ်စုနှင့် သာရဖုံကျေးရွာအုပ်စုတို့မှ ရေဘေးသင့်အိမ်ထောင်စု ၅၃၀ အတွက် ဆန်နှင့်စားသောက်ဖွယ်ရာများကို ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **နန်းသာရီ-ထိန်ဝင်း (ပြန်/ဆက်)**

**ထင်သာမြင်သာပြုပြင်စရာ**

## ဥသျှစ်ပင်မြို့သစ် လမ်းဘေးဝဲ ယာ ရေနုတ်မြောင်းကျယ်ကြီးများ ပြန်လည်တူးဖော်ပေးစေလို

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ လမ်းမတော်လမ်း(ပြည်-တောင်ကုတ် အဝေးပြေးလမ်းမကြီး)၏ ကတ္တရာလမ်းများ မိုးတွင်းအခါရောက်တိုင်း ပျက်စီးမှုများပြားခြင်းမှာ မြို့တွင်း လမ်းဘေးဝဲ/ယာရေနုတ်မြောင်းများ ပျောက်ကွယ်သွားခြင်းကြောင့်ဖြစ်သဖြင့် ယခင်ရှိခဲ့သော ရေနုတ်မြောင်းကြီးများအား သက်ဆိုင်ရာမှ ပြန်လည်တူးဖော်ပေးရန် ဒေသခံများ လိုလားလျက်ရှိနေကြောင်း သိရသည်။

"ဥသျှစ်ပင်မြို့သစ်ကို တပ်မတော်အစိုးရလက်ထက်က မြို့သစ်အဖြစ် ဖော်ထုတ်ပေးရာမှာ လမ်းဘေးဝဲ ယာ ငါးပေအကျယ် မြောင်းကြီးတွေအပြင် လမ်းမတော်လမ်းဘေး သီးခြားရေနုတ်မြောင်းပါ နှစ်ထပ်လမ်းတွေ၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ အပန်းဖြေပန်းခြံ၊ မီးသတ်ရေကန်၊ မီးတားကွင်း၊ ရေစုကန်တွေနဲ့ စနစ်တကျ အကွက်ရိုက်ဆောင်ရွက်ပေးထားတာပါ" ဟု မြို့သစ်ဖော်ထုတ် အကွက်ရိုက်ရာတွင် ပါဝင်ဆောင်ရွက်ခဲ့သူ ဒေသခံတစ်ဦးက ပြောသည်။



သို့ရာတွင် လမ်းမတော်လမ်းနေ လမ်းဘေးဝဲ ယာနေအိမ်အများစုမှ ရေနုတ်မြောင်းကြီးများကို မြေဖို့ခြင်း၊ လမ်းပေါ်သို့ ကျူးကျော်တိုးချဲ့ဆောက်လုပ်ခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ လမ်းထက်မြင့်မားစွာ မြေဖို့ထားခြင်းတို့ကြောင့် မိုးတွင်းအခါတွင် ရေများကနိမ့်ရာကတ္တရာလမ်းပေါ်သို့ ချောင်းသဖွယ် စီးဆင်းနေခြင်းများကြောင့် လမ်းများပျက်စီးရသဖြင့် ယခင်မူလတည်ဆောက်ထားခဲ့သော လမ်းဘေးဝဲ ယာ ငါးပေအကျယ် ရေနုတ်မြောင်းကြီးများကို သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်တူးဖော်၍ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါရန် ဒေသခံများ လိုလားလျက်ရှိနေကြောင်း သိရသည်။

**အောင်မြင့်(ပန်းတောင်း)**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် သီရိလင်္ကာဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတတို့ တွေ့ဆုံ

## မြန်မာ - သီရိလင်္ကာ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေး

**ကတ္တမန္ဒူ ဩဂုတ် ၃၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Maithripala Sirisena တို့သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နီပေါနိုင်ငံ ကတ္တမန္ဒူမြို့ရှိ Soaltee Crown Palaza Hotel, Board Room ၌ တွေ့ဆုံကြသည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ - သီရိလင်္ကာ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် နှစ်နိုင်ငံ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ Mr. Maithripala Sirisena အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

သတင်းစဉ်

◆ *ရှေ့စုံးမှ*

အခြေအနေများနှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့ပြင် မြန်မာ - နီပေါ နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များ အကြား အပြန်အလှန်လည်ပတ်မှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံပြည်သူများ ထိတွေ့ဆက်ဆံမှုတိုးမြှင့်ရေး၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် အပြန်အလှန် အထောက်အကူပြုရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဒေသစံတော်ချိန် ညနေ ၆ နာရီတွင် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်သို့ ရောက်ရှိပြီး နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mrs. Bidhya Devi Bhandari နှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ - နီပေါ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့ကြသည့် သမိုင်းကြောင်း၊ မြန်မာ - နီပေါ နှစ်နိုင်ငံ အကြား ဆက်ဆံရေးနှင့် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် နှစ်ဦးနှစ်ဖက် အဆင်ပြေသည့် အချိန်တွင် နီပေါနိုင်ငံသမ္မတ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲများသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး သီရိပျံချီ ဦးထွန်းနေလင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ် သမ္မတနိုင်ငံသမ္မတ Mrs. Bidhya Devi Bhandari က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ **သတင်းစဉ်**



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ အိမ်တော် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးစဉ်။**

သတင်းစဉ်

# နယ်စပ်ရေးရာဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးသင့် ပညာရေးကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်

**နေပြည်တော် ဩဂုတ် ၃၀**

နယ်စပ်ရေးရာဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် ရေဘေးသင့်ပညာရေးကျောင်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဧည့်ခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်၊ တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးများ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်ကျော်၊ တနင်္သာရီတိုင်းဒေသကြီး ပညာရေးမှူး၊ ညွှန်ကြားရေးမှူး ဒေါ်မြင့်စိန်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က အဖွင့်အမှာစကားပြောကြားပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်ဝင်းက ထောက်ပံ့ငွေများပေးအပ်ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။



နယ်စပ်ရေးရာ ဝန်ကြီးဌာနအနေဖြင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် ၃၀၀၀၀၀၀၀ နှင့် ရေဘေးသင့်ပညာရေးကျောင်းများအတွက် ငွေကျပ် ၂၂၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၃၂၂၀၀၀၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

**နေပြည်တော် ဩဂုတ် ၃၀**

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ထုတ်ပြန်ချက်အရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတက်ရောက်

ကတ္တမန္ဒူ ဩဂုတ် ၃၀

**နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ၌ တရားဝင်ချစ်ကြည်ရေးခရီး ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် ယနေ့တွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများစုပေါင်းတွေ့ဆုံပွဲနှင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ တက်ရောက်သည်။**




**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့အား နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** သတင်းစဉ်

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် ဒေသစံတော်ချိန် နံနက် ၁၁ နာရီခွဲတွင် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတအိမ်တော်သို့ ရောက်ရှိကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ နိုင်ငံ သမ္မတ Mrs. Bidhya Devi Bhandari နှင့် ဘင်းမ်စတက်အဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်း နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းတွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံပွဲအပြီးတွင် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**နေ့လယ်စာစားပွဲတက်ရောက်**

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ Mrs. Bidhya Devi Bhandari က တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီးဒေါ်ချိုချိုတို့သည် Soaltee Crown Palaza Hotel , Malhar Hall ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ရာ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်ကြသည်။

အခမ်းအနားသို့ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများ၊ ဘင်းမ်စတက်အတွင်းရေးမှူးချုပ်၊ နီပေါနိုင်ငံ အခြေစိုက်သံတမန်များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့ အကြီးအကဲများက မိန့်ခွန်း ပြောကြားကြသည်။

နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က မိန့်ခွန်းပြောကြားရာတွင် မိမိတို့ ကိုယ်စားလှယ်အဖွဲ့ကို နွေးထွေးစွာကြိုဆိုပြီး ဧည့်ဝတ်ကျေပွန်သည့် နီပေါနိုင်ငံအစိုးရနှင့် ပြည်သူများကို အထူးကျေးဇူးတင်ရှိပါကြောင်း။

မိမိအနေနှင့် ယခုအစည်းအဝေးကို ပထမဆုံးအကြိမ် တက်ရောက်ပြီး အဆွေတော်တို့နှင့် အမြင်ချင်းဖလှယ်ခွင့်ရရှိသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ယခုအစည်းအဝေးတွင် BIMSTEC ပူးပေါင်းဆောင်ရွက်မှု ပိုမိုအားကောင်းလာအောင် မည်သည့်နည်းလမ်းများနှင့် ဆောင်ရွက်သင့်သည်ကို ဆွေးနွေးနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။

**ပိုမိုခိုင်မာအောင်ဆောင်ရွက်ရေးသဘောတူ**

၂၀၁၄ ခုနှစ် နေပြည်တော်တွင် ကျင်းပခဲ့သည့် တတိယအကြိမ် BIMSTEC ထိပ်သီးအစည်းအဝေးတွင် BIMSTEC ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာစေရန်နှင့် အဖွဲ့ကြီး၏ ဖွဲ့စည်းမှုဆိုင်ရာလုပ်ငန်းစဉ်များ ပိုမိုခိုင်မာအောင် ဆောင်ရွက်ရေး သဘောတူညီခဲ့ပါကြောင်း၊ ယင်းအစည်းအဝေးတွင် BIMSTEC အတွင်းရေးမှူးရုံးကို ဒါကာမြို့တွင် ထူထောင်ရန်နှင့် BIMSTEC အတွင်းရေးမှူးချုပ် ခန့်အပ်ရေးကိုလည်း အဖွဲ့ဝင်နိုင်ငံများက သဘောတူညီနိုင်ခဲ့ပါကြောင်း။

ပထမဆုံး BIMSTEC အတွင်းရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် မစ္စတာ ဆူမတ် နာကန်ဒါလာကိုလည်း ၎င်း၏စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့မှုအတွက် ဂုဏ်ပြုပါကြောင်း ပြောကြားလိုပါကြောင်း၊ မစ္စတာ ရှဟီဒူး- အစ္စလမ်အား ဒုတိယမြောက် BIMSTEC အတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့မှုအပေါ်ကိုလည်း ကြိုဆိုပါကြောင်း။

BIMSTEC ခေါင်းဆောင်များအလွတ်သဘောအစည်းအဝေးကို ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ လက်ခံကျင်းပပေးခဲ့သည့် အိန္ဒိယနိုင်ငံကိုလည်း ဂုဏ်ပြုပါကြောင်း၊ ယင်းအစည်းအဝေးက ထုတ်ပြန်ခဲ့သည့် Outcome Document နှင့် Agenda of Action များသည် BIMSTEC ပူးပေါင်းဆောင်ရွက်မှု၏ လမ်းညွှန်မှုဘောင်များ ဖြစ်ခဲ့ပါကြောင်း။

စိုက်ပျိုးရေးသည် မိမိတို့နိုင်ငံအများစု၏ အဓိကစီးပွားရေး ဖြစ်ကြပါကြောင်း။ စိုက်ပျိုးရေးသည် ဒေသတွင်းစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုကို အစားအစာနှင့် အာဟာရလုံခြုံမှုကဏ္ဍကနေပြီး အထောက်အကူပြုလျက်ရှိပါကြောင်း။

ယနေ့ကမ္ဘာတွင် တိုးပွားနေသည့်လူဦးရေအတွက် အစားအစာနှင့် အာဟာရလုံခြုံမှုရှိဖို့ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ၂၀၅၀ ပြည့်နှစ်တွင် လူဦးရေ ၉ ဒသမ ၆ ဘီလီယံအထိ ရှိလာမည်ဟု ခန့်မှန်းရပါကြောင်း၊ ကမ္ဘာ့လူဦးရေ၏ ၂၂ ရာခိုင်နှုန်းနေထိုင်သည့် BIMSTEC ဒေသသည်လည်း ဒီစိန်ခေါ်မှုကို မလွဲမသွေ ရင်ဆိုင်ရမည်ဖြစ်ပါကြောင်း။

**စိုက်ပျိုးရေးဝန်ကြီးများအစည်းအဝေးလက်ခံကျင်းပ**

BIMSTEC စိုက်ပျိုးရေးဆိုင်ရာ ကျွမ်းကျင်သူများ အစည်းအဝေး၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့် တစ်ချိန်တည်းတွင် မြန်မာနိုင်ငံအနေနှင့် BIMSTEC ၏ ဦးဆောင်နိုင်ငံဖြစ်သည့်အတွက် ပထမဆုံး စိုက်ပျိုးရေး ဝန်ကြီးများ အစည်းအဝေးကို ၂၀၁၈/၂၀၁၉ ခုနှစ်အတွင်း လက်ခံကျင်းပ သွားမည်ဖြစ်ကြောင်းကို အသိပေးလိုပါကြောင်း။

မိမိတို့ဒေသခွဲတွင်ရှိသည့်နိုင်ငံများသည် ရေအားလျှပ်စစ် အပါအဝင် စွမ်းအင်အရင်းအမြစ်ပေါကြွယ်ဝကြပါကြောင်း။ သို့သော် တိုးမြင့်လာသည့် စွမ်းအင်လိုအပ်ချက်များနှင့် ကိုက်ညီအောင် ထုတ်လုပ်ဖြည့်တင်းနိုင်မှုမရှိပါကြောင်း။ ထို့ကြောင့် မိမိတို့ဒေသတွင်း နိုင်ငံများအနေနှင့် စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ စွမ်းအင်ကုန်သွယ်မှုတို့ကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်နေပါကြောင်း။

**အဓိကအခန်းကဏ္ဍကပါဝင်နေ**

၂၀၀၉ ခုနှစ် မြန်မာနိုင်ငံတွင် လက်မှတ်ရေးထိုးနိုင်ခဲ့သည့် BIMSTEC Energy Centre တည်ထောင်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာသည် BIMSTEC စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အထင်ကရအောင်မြင်မှုတစ်ခုဖြစ်ပါကြောင်း၊ ယင်းစင်တာ စတင်လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် မိမိတို့နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုသည် အဓိကအခန်းကဏ္ဍက ပါဝင်နေပါကြောင်း။

*စာမျက်နှာ ၅ သို့*



**နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံသမ္မတ Mrs. Bidhya Devi Bhandari နှင့် ဘင်းမ်စတက်အဖွဲ့ဝင် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ မြန်မာ၊ သီရိလင်္ကာနှင့် ထိုင်းနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ စုပေါင်းတွေ့ဆုံပွဲ အခမ်းအနားကျင်းပစဉ်။** သတင်းစဉ်




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် စတုတ္ထအကြိမ်မြောက် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

# "BIMSTEC ဒေသကြီး ငြိမ်းချမ်းဝေစည်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် BIMSTEC ပူးပေါင်းဆောင်ရွက်ရေး ပိုမိုအားကောင်းလာအောင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်"

*စာမျက်နှာ ၄ မှ*

ယခုထိပ်သီးအစည်းအဝေးတွင် BIMSTEC Grid Interconnection နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း။ ယင်းနားလည်မှုစာချွန်လွှာသည် အဖွဲ့ဝင်နိုင်ငံများအကြား စွမ်းအင်ကုန်သွယ်မှုအတွက် မူဘောင်တစ်ရပ် ဖြစ်လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း။

ပေါင်းစည်းဆက်နွယ်မှုသည် ဒေသတွင်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် ဒေသတွင်း ပေါင်းစည်းမှုလုပ်ငန်းစဉ်များအတွက် အဓိကအခန်းက ပါဝင်နေပါကြောင်း၊ သယ်ယူပို့ဆောင်ရေးဆိုင်ရာ BIMSTEC Master Plan ရေးဆွဲမှုတွင် အောင်မြင်မှုများ ရရှိနေသည်ဟု သိရှိရသည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ ထိုသို့ ရေးဆွဲရာတွင် အကူအညီများပေးနေသည့် ADB ကိုလည်း ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါကြောင်း။

**စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေ**

အဖွဲ့ဝင်နိုင်ငံများအကြား ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် အောင်မြင်မှုအတိုင်းအတာတစ်ခုအထိ ရရှိနေသော်လည်း စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲ ဖြစ်ပါကြောင်း။

၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်က ပြုလုပ်ခဲ့သည့် တတိယအကြိမ် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးက ထုတ်ပြန်ခဲ့သည့် "ဆင်းရဲနွမ်းပါးမှုလျှော့ချရေးဆိုင်ရာ ကိုလမ်ဘိုကြေညာချက်"ကို ကြိုဆိုပါကြောင်း၊ ယင်းကြေညာချက်တွင် BIMSTEC အဖွဲ့ဝင်နိုင်ငံများ၏ ဒေသတွင်းရှိပြည်သူများ အဆင့်အတန်းရှိသော တိုးတက်ကောင်းမွန်သည့် လူနေမှုဘဝကိုပိုင်ဆိုင်နိုင်ရေး ဆောင်ရွက်ပေးသွားလိုသည့် ကတိကဝတ်များကို ဖော်ပြထားသည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၆ ခုနှစ် ဇူလိုင်လ ၅ ရက်တွင် မြန်မာနိုင်ငံသည် "၂၀၀၉ ခုနှစ် BIMSTEC အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်မှုခင်းများနှင့် မူးယစ်ဆေးတိုက်ဖျက်ရေးဆိုင်ရာစာချုပ်"တွင် အတည်ပြုပါဝင်ခဲ့ပါကြောင်း။

BIMSTEC အမျိုးသားလုံခြုံရေးဆိုင်ရာ အကြီးအကဲများအစည်းအဝေးသည် အဖွဲ့ဝင်နိုင်ငံများအကြား လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၏ အဓိကအရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ကြောင်း အသိအမှတ်ပြု ဖော်ပြလိုပါကြောင်း၊ ယင်းအစည်းအဝေးတွင် အဖွဲ့ဝင်နိုင်ငံများအကြား မဟာဗျူဟာမြောက်ဆွေးနွေးနိုင်ရုံသာမက လက်တွေ့ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကိုပါ ဆွေးနွေးအဖြေရှာနိုင်သည့်အတွက် BIMSTEC အကြမ်းဖက်မှု တိုက်ဖျက်ရေးကဏ္ဍအတွက် များစွာအရေးပါပါကြောင်း။

**အစည်းအဝေးများ လက်ခံကျင်းပပေးခဲ့**

မြန်မာနိုင်ငံသည် " BIMSTEC မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဓာတုပစ္စည်းများ" အဖွဲ့ခွဲ၏ ဦးဆောင်နိုင်ငံအဖြစ် တာဝန်ယူထားသည့်အတွက် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဆိုင်ရာ အစည်းအဝေးများကို လက်ခံကျင်းပပေးခဲ့ပါကြောင်း။

မြန်မာနိုင်ငံသည် အကြမ်းဖက်မှု၏ ဆိုးရွားသည့်ရိုက်ခတ်မှုများကို ရင်ဆိုင်နေရလျက်ရှိပါကြောင်း၊ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များကို များစွာအလေးထားပြီး BIMSTEC ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမည်ဟု ကတိပြုပြောကြားလိုပါကြောင်း။

BIMSTEC လွတ်လပ်သော ကုန်သွယ်မှုဆိုင်ရာ သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံများက ၂၀၀၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့သော်လည်း ယင်းတွင်ပါဝင်သည့် သီးခြားသဘောတူစာချုပ်ခွဲများကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ဆက်လက်ညှိနှိုင်းဆဲအဆင့်တွင်သာ ရှိနေပါကြောင်း၊ ထိုသို့ညှိနှိုင်းဆဲအခြေအနေတွင် မိမိတို့အဖွဲ့ဝင်နိုင်ငံများအနေနှင့် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးဆိုင်ရာ လှုပ်ရှားမှုများပြုလုပ်ခြင်း အစရှိသည့် လုပ်ငန်းများဆောင်ရွက်ပြီး ကုန်သွယ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်သွားသင့်ပါကြောင်း။

BIMSTEC ၏ အဆင့်ဆင့်သော အစည်းအဝေးများနှင့် ဖွဲ့စည်းထားသည့် ကွပ်ကဲမှုစနစ်သည် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို ထိန်းသိမ်းလမ်းညွှန်ရာတွင် များစွာအရေးပါသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ သို့သော် "လုပ်ထုံးလုပ်နည်းများ" သတ်မှတ်ရေးဆွဲနိုင်ခဲ့ပါက မိမိတို့ ပူးပေါင်းဆောင်ရွက်ရေးသည် ပိုမိုထိရောက်မှုရှိလာမည်ဟု ထင်မြင်မိပါကြောင်း၊ ထို့ပြင် ယင်းလုပ်ထုံးလုပ်နည်းများသည် အနာဂတ် "BIMSTEC ပဋိညာဉ်စာတမ်း" ရေးဆွဲရာတွင်လည်း အခြေခံကောင်းအဖြစ် ရှိနေမည်ဖြစ်သည့်အတွက် လုပ်ထုံးလုပ်နည်းမူကြမ်းရေးဆွဲသွားမည့် အစီအစဉ်ကို ကြိုဆိုကြောင်း ပြောကြားလိုပါကြောင်း။

**ဦးစားပေးအနေနှင့် ရွေးချယ်**

BIMSTEC ၏ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ ၁၆ ခုကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော်ရန်မှာ ငွေကြေးအရနှင့် အရင်းအမြစ်များအရပါ ကန့်သတ်ချက်များရှိနေသည့်အတွက် အခက်အခဲများစွာရှိပါကြောင်း၊ ထို့ကြောင့် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရန် မိမိတို့ဆောင်ရွက်လိုသည့် စီမံကိန်းများထဲကအချို့ကို ဦးစားပေးအနေနှင့် ရွေးချယ်သွားရမည်ဖြစ်ပါကြောင်း။

**ထိတွေ့ဆက်ဆံမှုမြှင့်တင်သွားရန်လို**

ရန်ပုံငွေရရှိနိုင်မှုသည် မိမိတို့ ပူးပေါင်းဆောင်ရွက်ရေးအတွက် ထည့်သွင်းစဉ်းစားရသည့် အချက်တစ်ချက်ဖြစ်သည်ကို မိမိတို့ နားလည်ပါကြောင်း၊ ထို့ကြောင့် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရန်ပုံငွေရရှိနိုင်မည့် အခြားနည်းလမ်းများ ရှာဖွေသွားမည့်အစီအစဉ်ကို ကြိုဆိုပါကြောင်း၊ လက်ရှိတွင် မိမိတို့၏ ဘုံစီမံကိန်းများကို အကောင်အထည်ဖော်ရန်အတွက် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများနှင့် ထိတွေ့ဆက်ဆံမှုမြှင့်တင်သွားရန် လိုအပ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် BIMSTEC ဒေသကြီး ငြိမ်းချမ်းဝေစည်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် BIMSTEC ပူးပေါင်းဆောင်ရွက်ရေး ပိုမိုအားကောင်းလာအောင် ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

**တက်ရောက်**

ထို့နောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် ဇနီး ဒေါ်ချိုချိုတို့သည် ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများနှင့်အတူ နီပေါဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Khadga Prasad Sharma Oli က တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲနှင့် ယဉ်ကျေးမှုဖျော်ဖြေပွဲသို့ တက်ရောက်သည်။

**သတင်းစဉ်**

# ထိုင်းနှင့် မြန်မာ ရုပ်ရှင်ထုတ်လုပ်သူများ တွေ့ဆုံဆွေးနွေး

**ရန်ကုန် ဩဂုတ် ၃၀**

ထိုင်းနှင့် မြန်မာ ရုပ်ရှင်ထုတ်လုပ်သူများ တွေ့ဆုံကာ ရုပ်ရှင်လုပ်ငန်းမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံအနီး ပူးမင်း ရန်ကုန်စင်တာပွိုင့်တွင် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

စိတ်ကူးနှင့် ဇာတ်ကားအရည်အသွေးပိုင်း တိုးတက်စေရန်နှင့် မြန်မာအနုပညာရှင်များသာမက ထိုင်းအနုပညာရှင်များပါ ပရိသတ်ပိုမိုရရှိပြီး ရုပ်ရှင်ဈေးကွက်ဖွံ့ဖြိုးလာစေရန်အတွက် ယခုကဲ့သို့ နှစ်နိုင်ငံ ရုပ်ရှင်ထုတ်လုပ်သူများ၊ ဒါရိုက်တာများ၊ ကုမ္ပဏီများ တွေ့ဆုံဆွေးနွေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် စီစဉ်သူတစ်ဦးဖြစ်သည့် ဒေါက်တာဖြိုးကိုကိုနိုင်က "ကျွန်တော်တို့မြန်မာရုပ်ရှင်အနေနဲ့က အနေအထားတစ်ခုကို တဖြည်းဖြည်းချင်း ကျသွားတယ်။ ကျသွားတာ တော်တော်ကြာပြီပေါ့နော်။ ဒါပေမယ့် အခုအချိန်ကျတော့ လှုပ်လှုပ်ရှားရှားလေး ပြန်ဖြစ်လာတယ်။ ပြည်သူလူထုရဲ့ စိတ်ဝင်စားမှုကလည်း တိုးတက်လာတယ်။ ရုပ်ရှင်တွေက အရည်အသွေးကောင်းမှ ဖြစ်မယ်လို့ လူထုကလည်း တောင်းဆိုလာတယ်လို့ ကျွန်တော်မြင်ပါတယ်။ အဲဒီလို အခြေအနေမျိုးမှာ ရုပ်ရှင်အရည်အသွေး တိုးတက်နေတဲ့ ထိုင်းနိုင်ငံနဲ့ပေါင်းပြီး သူတို့ဘယ်လိုစဉ်းစားလဲ၊ သူတို့ ဘယ်လိုရိုက်ကူးလဲ၊ ဘယ်လိုနည်းပညာတွေ အသုံးပြုလဲ၊ ဒါတွေကို အတုယူနိုင်ပြီး ပိုပြီးအရည်အသွေးကောင်းတဲ့ ရုပ်ရှင်ဇာတ်ကားတွေကို အများပြည်သူလိုချင်တဲ့ ရုပ်ရှင်ဇာတ်ကား အရည်အသွေးမျိုးတွေ ဖြစ်လာမယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်"ဟု ဆွေးနွေးပွဲနှင့် ပတ်သက်၍ ၎င်း၏ မျှော်လင့်ချက်ကို ပြောကြားသည်။

မြန်မာနိုင်ငံသို့ လာရောက်သည့် ထိုင်းရုပ်ရှင်ကုမ္ပဏီများတွင် ရုပ်ရှင်ကုမ္ပဏီ ၁၃ ခုနှင့် ကာတွန်းဇာတ်ကောင်များကို နည်းပညာဖြင့် ဖန်တီးထုတ်လုပ်သည့် Animation ကုမ္ပဏီငါးခုပါဝင်ကြောင်း သိရသည်။ ယင်းကုမ္ပဏီများထဲတွင် ဗန်ကောက်မှ မန္တလေးသို့ ဇာတ်ကားရိုက်ကူးသော ကုမ္ပဏီနှင့် မြန်မာအင်လပ်ဗန်ကောက် ရိုက်ကူးသောကုမ္ပဏီများ ပါဝင်ကြောင်း သိရသည်။

ဆွေးနွေးပွဲသို့ တက်ရောက်လာသည့် မြန်မာဒါရိုက်တာတစ်ဦးဖြစ်သူ ကိုအာကာက "သူတို့လုပ်ထားတဲ့ဟာတွေ အလွန်ကောင်းတယ်။ ကျွန်တော်ဖြစ်ချင်တာက မြန်မာနိုင်ငံမှာကော ဘယ်တော့လောက် ဖြစ်မလဲပေါ့နော်။ အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းက ကျွန်တော်တို့ထက် အလွန်ကွာပြီး အလွန်ကောင်းနေတယ်။ စိတ်ထဲမှာတော့ အလွန်အားကျမိတယ်။ တစ်ချိန်မှာတော့ ကျွန်တော်တို့ အဲလိုမျိုးဖြစ်ချင်တဲ့စိတ်လည်း စိတ်ထဲမှာ ဖြစ်မိတယ်"ဟု ပြောကြားသည်။

ဆွေးနွေးပွဲတွင် ရုပ်ရှင်ပူးပေါင်းရိုက်ကူးခြင်းများ၊ ဇာတ်ကားအရည်အသွေးမြှင့်တင်ရေးပိုင်းနှင့် ကာတွန်းဇာတ်ကောင်အား နည်းပညာဖြင့် ဖန်တီးမှုများ စသော ရုပ်ရှင်ဆိုင်ရာ နည်းပညာဖွံ့ဖြိုးရေးအတွက် အဓိကထား ဆွေးနွေးခဲ့ပြီး ထိုင်းကုမ္ပဏီများက ၎င်းတို့ဖန်တီးထားသော ဇာတ်ကားတိုများကို ပြသခဲ့ကြသည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ကေတုမတီမြို့၌ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**တောင်ငူ ဩဂုတ် ၃၀**

တောင်ငူမြို့နယ် ကေတုမတီမြို့သစ် အရှေ့ဆင်ကျေးရွာအုပ်စု ကမ်းပါးနီကျေးရွာ အခြေခံပညာအထက်တန်းကျောင်း ကျန်စစ်သားခန်းမ၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၂၉ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမွန်နှင့် ဆရာ ဆရာမများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး ဦးကျော်မျိုးသူနှင့် ကျောင်းကော်မတီဝင်များ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူ ၅၀၈ ဦး စုစုပေါင်း ၅၇၅ ဦး တက်ရောက်ခဲ့သည်။

အဆိုပါဟောပြောပွဲကို ကေတုမတီမြို့သစ် နယ်မြေရဲစခန်းမှ နယ်မြေရဲစခန်းမှူး ရဲအုပ်အောင်လင်းနှင့် တပ်ဖွဲ့ဝင်များက မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများ၊ လူငယ်များ လမ်းမှားလိုက်မှုနှင့် ဖြစ်ရပ်မှန်သာဓကများကို ဓာတ်ပုံမှတ်တမ်းများဖြင့် ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**သူရ (တောင်ငူ)**

❑ *ကျောဖုံးမှ*

ရှေးဦးစွာ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ ဥက္ကဋ္ဌ၊ ဒုတိယသမ္မတ ဦးမြင့်ဆွေက အဖွင့်အမှာစကားပြောကြားရာ၌ ယနေ့ကျင်းပပြုလုပ်သည့် အစည်းအဝေးသည် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီကို ဒုတိယသမ္မတ ဦးဆောင်၍ ၁၃ ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး ဦးဆောင်ကော်မတီ၏ လုပ်ငန်းတာဝန် (၇)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း။

**ဆပ်ကော်မတီ သုံးခု ဖွဲ့စည်းပြီး**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးဦးဆောင်ကော်မတီ၏ စီမံကွပ်ကဲမှုအောက်တွင် လုပ်ငန်းကော်မတီကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်၍ ကိုးဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းတာဝန် (၆)ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်အပြင် ဦးဆောင်ကော်မတီကို အထောက်အပံ့ဖြစ်စေရန်နှင့် လုပ်ငန်းများ လျင်မြန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ နည်းပညာဆပ်ကော်မတီ၊ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်ဆိုင်ရာ ဥပဒေရေးရာနှင့် လုပ်ထုံးလုပ်နည်းဆပ်ကော်မတီနှင့် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုထရန်စပွန်ဒါ ငှားရမ်းရေးဆပ်ကော်မတီ စသည့် ဆပ်ကော်မတီ သုံးခုကိုလည်း ဖွဲ့စည်းဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း။

ဦးဆောင်ကော်မတီ အနေဖြင့် အစည်းအဝေး သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးဆုံးဖြတ်ချက်ပေါင်း ၁၆ ချက်ချမှတ်ခဲ့ပါကြောင်း၊ အဆိုပါ ဆုံးဖြတ်ချက် ၁၆ ချက်အနက် ဆောင်ရွက်ပြီး ၁၃ ချက်နှင့် ဆောင်ရွက်ဆဲ သုံးချက်ဖြစ်ပြီး ဆောင်ရွက်ဆဲလုပ်ငန်းများသည် အချိန်ယူဆောင်ရွက်ရမည့် လုပ်ငန်းများ ဖြစ်သည့်အတွက် အချိန်ကာလ သတ်မှတ်၍ အကောင်အထည်ဖော်



ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်
ရှင်းလင်းတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း
ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး
ဆွေးနွေးတင်ပြစဉ်။



ပြည်ထောင်စုရှေ့နေချုပ်
ဦးထွန်းထွန်းဦး
ဆွေးနွေးတင်ပြစဉ်။



ဒုတိယဝန်ကြီး
ဦးသာဦး
ဆွေးနွေးတင်ပြစဉ်။

ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

**ငှားရမ်းသုံးစွဲ**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်နိုင်ရေးအတွက် အကောင်အထည် ဖော်ဆောင်ရွက်ရာ၌ အဆင့်သုံးဆင့်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပထမအဆင့်အနေဖြင့် အခြားနိုင်ငံကပိုင်သည့် ဂြိုဟ်တုထရန်စပွန်ဒါကို ငှားရမ်းပြီး ငွေပေးချေသော စနစ်ဖြစ်ပြီး လက်ရှိတွင် MyanmarSat-1 ကို ငှားရမ်းသုံးစွဲနေပါကြောင်း။

**သဘောတူစာချုပ်**

ဒုတိယအဆင့်အနေဖြင့် အချိုးကျ ပူးတွဲပိုင်ဆိုင်သည့်စနစ်ဖြစ်ပြီး ၎င်းစနစ်အကောင်အထည်ဖော်နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ သတင်းအချက်အလက် နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနနှင့် Intelsat Global Sales & Marketing Limited တို့ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ကြပါကြောင်း။

၎င်းစာချုပ်တွင် ကုန်ကျမည့်ငွေ စုစုပေါင်းအမေရိကန်ဒေါ်လာ ၁၅၅ ဒသမ ၇ သန်းဖြစ်ပြီး အဆိုပါငွေပမာဏ၏ ၃၀ ရာခိုင်နှုန်းကို ၂၀၁၈ ခုနှစ်၊ ၆ လ ဘတ်ဂျက်တွင် နှစ်ကြိမ် ပေးချေရမည်ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ၅၀ ရာခိုင်နှုန်းကို လေးကြိမ်ခွဲ၍ ပေးချေရမည်ဖြစ်ပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကျန်ရှိသည့် ၂၀ ရာခိုင်နှုန်းကို နှစ်ကြိမ်ခွဲ၍ ပေးချေရမည်ဖြစ်ပါကြောင်း။

အချိုးကျ ပူးတွဲပိုင်ဆိုင်မည့် MyanmarSat-2 ဂြိုဟ်တုကို ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် နည်းပညာအသစ်များဖြင့် စတင်အသုံးပြုနိုင်မည်ဖြစ်ပြီး ယခင်ထက် ပိုမိုအကျိုးရှိမည်ဟု ယုံကြည်ပါကြောင်း၊ အဆိုပါဂြိုဟ်တုတွင် မြန်မာနိုင်ငံအနေဖြင့် C-Band ခြောက်ခုအတွက် လိုင်းအင်အားပေါင်း ၄၃၂ MHz နှင့် Ku Band ခြောက်ခုအတွက် လိုင်းအင်အားပေါင်း ၄၃၂ MHz ၊ စုစုပေါင်း လိုင်းအင်အား ၈၆၄ MHz ကို အသုံးပြုနိုင်မည် ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ဂြိုဟ်တု Channel ငှားရမ်းခ နိုင်ငံခြားငွေပေးချေမှုသက်သာစေရန်နှင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍများတွင် အကျိုးရှိစွာ အသုံးပြုနိုင်စေရန်အတွက် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို စနစ်တကျ ရေးဆွဲဆောင်ရွက်သွားကြရန်နှင့် အစီအမံများရေးဆွဲရာတွင်လည်း စီးပွားရေးတွက်ခြေကိုက်မှု၊ ဖြစ်ပေါ်လာနိုင်မည့် အကျိုး၊ အပြစ်များနှင့် အခြားအကျိုးသက်ရောက်နိုင်မှု အခြေအနေများကိုလည်း ထည့်သွင်းစဉ်းစား ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း။

၂၀၁၈ ခုနှစ်၊ ဧပြီလ ၂၅ ရက်နေ့၌ ကျင်းပခဲ့သည့် နည်းပညာဆပ်ကော်မတီ အစည်းအဝေးတွင် သတင်းအချက်အလက်နည်းပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနက သက်ဆိုင်ရာဌာနများကို Migration Plan Schedule နှင့် စက်ပစ္စည်းများ အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်သည်ဟု သိရပါကြောင်း၊ ၎င်းလုပ်ငန်းများ အချိန်မီပြီးစီးရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်စေလိုပါကြောင်း။

**ပထမဦးစားပေး လျာထား**

တတိယအဆင့်အနေဖြင့် မြန်မာနိုင်ငံမှ အလုံးစုံပိုင်ဆိုင်သည့် ကိုယ်ပိုင်ဂြိုဟ်တုလွှတ်တင်မှု ဖြစ်ပါကြောင်း၊ အဆိုပါအဆင့်ကို အသုံးပြုမည့်ဂြိုဟ်တု Channel များပြားလာသည့်အချိန်နှင့် နည်းပညာ အတွေ့အကြုံများ ကြွယ်ဝပြီး ကိုယ်ပိုင်ထိန်းချုပ်နိုင်သည့်အချိန်တို့တွင် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ ကိုယ်ပိုင်ဂြိုဟ်တု လွှတ်တင်ပါက ကုန်ကျစရိတ် များပြားသည့်အတွက် ပထမဦးစားပေး လျာထားမှုအနေဖြင့် ကုန်ကျစရိတ်သက်သာသော Earth Observation Micro-Satellite အမျိုးအစားဂြိုဟ်တုကို လွှတ်တင်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ကြရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ အဆိုပါ ဂြိုဟ်တုလွှတ်တင်ရေးအတွက် ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်က ကမ်းလှမ်းထားသည်ဟု သိရှိရပါကြောင်း။

**ငွေပေးချေမှု နည်းလမ်းများ**

"Earth Observation Micro-Satellite လွှတ်တင်ရန်အတွက်" ဂြိုဟ်တုတွင် တပ်ဆင်အသုံးပြုမည့် Payload Camera နှင့် Sensor များ၏ Specification များကို သတ်မှတ်ပေးရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ဆွေးနွေးညှိနှိုင်းခဲ့သည်ကို သိရှိရပါကြောင်း၊ အဆိုပါဂြိုဟ်တုတွင် တပ်ဆင်မည့် စက်ပစ္စည်းများကို သတ်မှတ်ပြီးပါက ဂျပန်နိုင်ငံ Hokkaido တက္ကသိုလ်သို့ ပြန်လည်ပေးပို့ပြီး ကုန်ကျစရိတ်များကို စိစစ်၍ လိုအပ်သည့် Process များနှင့် အကောင်းဆုံးဖြစ်နိုင်မည့် ငွေပေးချေမှု နည်းလမ်းများကို ရွေးချယ်ကာဆောင်ရွက်ကြရန် ပြောကြားလိုပါကြောင်း။

Space Agency ထူထောင်နိုင်ရေးအတွက်လည်း Space Law များ စုဆောင်းပြင်ဆင်နိုင်ရန်နှင့် Earth Observation Micro-Satellite လွှတ်တင်နိုင်ရေးတို့အတွက် လိုအပ်ပါက ဆပ်ကော်မတီများ ထပ်မံဖွဲ့စည်းသွားရန် ပြောကြားလိုပါကြောင်း။

ယနေ့ အစည်းအဝေးကို တက်ရောက်လာကြသည့် ကော်မတီဝင်များအနေဖြင့် အချိုးကျ ပူးတွဲပိုင်ဆိုင်သောစနစ်ဖြစ်သည့် MyanmarSat-2 ဂြိုဟ်တုကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်နှင့် မိမိတို့၏ ရည်မှန်းချက်ဖြစ်သော ကိုယ်ပိုင်ဂြိုဟ်တု လွှတ်တင်နိုင်မည့်နည်းလမ်းများအတွက် လိုအပ်သော အကြံပြုချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေးနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းနှင့် ဒေါက်တာမျိုးသိမ်းကြီး၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ အမြဲတမ်းအတွင်းဝန်များ၊ ဆပ်ကော်မတီဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်နိုင်ရေးအတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် အကောင်အထည် ဖော်ဆောင်ရွက်နေမှုများ၊ ဆောင်ရွက်မည့်အခြေအနေများနှင့် အကြံပြုချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးမြင့်ဆွေက ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ဆွာတမံရေပိုလျှံကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့သော တောင်ငူမြို့၊ ဆွာမြို့၊ ရေတာရှည်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ရေဘေးသင့်ပြည်သူများကို အားပေးထောက်ပံ့

**နေပြည်တော် ဩဂုတ် ၃၀**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာချောင်းရေလှောင်တမံ ရေပိုလျှံကျိုးပဲ့ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သဖြင့် တောင်ငူမြို့၊ ဆွာမြို့၊ ရေတာရှည်မြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများရှိ ရေဘေးသင့် ပြည်သူများကို အားပေးထောက်ပံ့မှုများ ပြုလုပ်ခဲ့သည်။ **(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းက ချမ်းမြေ့ဓမ္မဗိမ္မာန် ယာယီရေဘေးရှောင်စခန်းသို့ ရောက်ရှိပြီး အားပေးစကားပြောကြားရာတွင် ရေဘေးသင့်ဒဏ်ခံစားနေရသော ပြည်သူများအတွက် အစိုးရက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ရေဘေးသင့်ပြည်သူအားလုံး အခွင့်အရေးအညီအမျှရရှိမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပြီး လူဦးရေ ၁၉၆၇ ဦးအတွက် တစ်ပတ်စာ ဆန်ရိက္ခာဖိုးငွေကျပ် ၄၁၂၅၈၇၀၀ အား ထောက်ပံ့ခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များ၊ လသားကလေးငယ်များ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းများအတွက် စုစုပေါင်း ထောက်ပံ့ငွေကျပ် ၈၄၀၀၀၀ ထောက်ပံ့ပေးခြင်းနှင့် ကလေးငယ်များအတွက် မုန့်များဝေငှပေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေဘေးကြောင့် အသက်ဆုံးရှုံးခဲ့ရသော မိသားစုထံသို့သွားရောက် နှစ်သိမ့်အားပေးစကားပြောကြားခဲ့ပြီး ထောက်ပံ့ ငွေကျပ်သုံးသိန်းအား ပေးအပ်ခဲ့သည်။ ယင်းနောက် အုတ်ကျွတ်(၁) အလယ်တန်းကျောင်းရှိ ယာယီရေဘေးရှောင်စခန်းနှင့် ရေတာရှည်မြို့ အောင်ချမ်းသာရွာ မယ်ဒက်ကယ် ဘုရားကျောင်းရှိ ယာယီရေဘေးရှောင်စခန်းသို့ သွားရောက်ခဲ့ပြီး အားပေးစကားပြောကြား၍ ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့် ကလေးငယ်များအတွက် မုန့်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

▼ *ကျောဖုံးမှ*

SAM RATULANGI PD ဖြစ်ပြီး သင်္ဘောအမျိုးအစားမှာ Magor HAZARD ဖြစ်၍ အလျား ၁၇၇.၃၅မီတာ၊ အနံ ၂၇.၉၁မီတာ၊ အလေးချိန် ၂၆၅၁၀ တန် ကုန်တင်သင်္ဘောဖြစ်ပြီး အင်ဒိုနီးရှားအလံ တင်ဆောင်ထားရှိကာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၃၉.၂၄၉မိနစ်၊ အရှေ့လောင်ဂျီကျု ၉၆ ဒီဂရီ ၅.၄၃၉ မိနစ်တွင် သင်္ဘောခါးကျိုး၍ သောင်တင်လျက်ရှိပြီး သင်္ဘောပေါ်တွင် ကုန်ပစ္စည်းများ မပါရှိကြောင်း သိရသည်။

ယင်းသင်္ဘောအနီးတွင် ငါးဖမ်းစက်လှေနှစ်စင်းတွေ့ရှိရပြီး ၎င်းငါးဖမ်းစက်လှေများပေါ်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာနေ ဦးလှရီ (၅၅ နှစ်)(ဘ)ဦးအောင်ကြိုင်၊ ရေလုပ်သား၊ ဇေယျာထွန်း (၂၀ နှစ်) (ဘ)ဦးအောင်ထွန်း၊ (လိပ်စာတူ) မြတ်သူအောင်(၁၈ နှစ်)(ဘ)ဦးကျော်မင်းနိုင်၊ (လိပ်စာတူ) ဝင်းသူအောင် (၁၇နှစ်)(ဘ) ဦးမောင်မြင့်၊ (လိပ်စာတူ) အောင်မျိုး (၁၅ နှစ်) (ဘ)ဦးဘတင် (လိပ်စာတူ)တို့ ငါးဦးအား မသင်္ကာဖွယ်တွေ့ရှိခဲ့ရပြီး ၎င်းတို့အား မေးမြန်းခဲ့ရာ အဆိုပါသင်္ဘောသည် ဩဂုတ် ၂၈ ရက်နေ့ ၁၀ နာရီတွင် မျောပါလာခဲ့ပြီး အဆိုပါနေရာ၌ သောင်တင်နေခြင်းဖြစ်ကြောင်းနှင့် သင်္ဘောပေါ်သို့ ကျော်မင်းနိုင် (၃၀နှစ်)(ဘ)ဦးသန်းဝင်း၊ ဝင်ဇော်ဦး (အသက်/(ဘ) အမည်စိစစ်ဆဲနှင့် နေမင်းထွန်း (အသက်/(ဘ) အမည်စိစစ်ဆဲ) သုံးဦးတို့ တက်ရောက်ခဲ့ကြောင်း စစ်ဆေးသိရှိရသည်။ **တင်တင်ထွေး**

✳ *ကျောဖုံးမှ*

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ သို့ဖြစ်ပါ၍ မဒေါက်မြို့ တောင်ငူမြို့နယ်နှင့် ဘားအံမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ၁၅ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ယနေ့အစည်းအဝေးတွင် မြို့ ကျေးရွာအုပ်စု၊ ကျေးရွာနှင့် ရပ်ကွက်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို မှတ်တမ်းတင်ခြင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်ကမှတ်တမ်းတင်ခြင်း၊ ဥပဒေကြမ်းတစ်ခု လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊ ပြည်ပချေးငွေနှစ်ခုရယူရန် ကိစ္စနှင့် အစီရင်ခံစာတစ်ခုအား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့ ကျေးရွာအုပ်စု၊ ကျေးရွာနှင့် ရပ်ကွက်များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲဖွဲ့စည်းခြင်း၊ ပယ်ဖျက်ခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်မှ ၂၀၁၈ ခုနှစ်၊ မတ်လ ၃၀ ရက်အထိ ဆောင်ရွက်ခဲ့သော လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးမှုများအပေါ် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင် ဥက္ကဋ္ဌ ဦးသောင်းထွန်းက ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဦးသောင်းထွန်းက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ သန်း ၉၀၀ လျော့နည်းကျဆင်းသွားရခြင်းမှာ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍနှင့် ဆောက်လုပ်ရေးကဏ္ဍတို့တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအသစ်များ မဝင်ရောက်ခြင်းကြောင့် ဖြစ်ပါကြောင်း၊ ယခုနှစ်တွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ ယခင်နှစ်ထက် နည်းပါးခဲ့သော်လည်း နိုင်ငံအရေးအတွက်နှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတို့သာမက လုပ်ငန်းအရေးအတွက်ပါ တိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း၌ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဝင်ရောက်မှုအခြေအနေကို နှိုင်းယှဉ်ကြည့်လျှင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့က ရင်းနှီးမြှုပ်နှံမှု အများဆုံးရရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ထုတ်ပြန်သည့် စာရင်းအရ ၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုနှင့် ဂျီဒီပီအချိုးမှာ ၇ ရာခိုင်နှုန်းဖြစ်၍ မြန်မာနိုင်ငံသည် အာဆီယံ ၁၀ နိုင်ငံအနက် စတုတ္ထအဆင့်တွင် ရှိသည်ကို တွေ့ရှိရပါကြောင်း။

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာမူဘောင်များကို ကာလတိုအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့

မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု၌ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အိမ်ရာအဆောက်အအုံကဏ္ဍတွင် ငွေကျပ် ၁၅၀၆ ဘီလီယံဖြစ်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍတွင် ငွေကျပ် ၅၄၄ ဘီလီယံဖြစ်ပါကြောင်း၊ အခြားဝန်ဆောင်မှုကဏ္ဍတွင် ငွေကျပ် ၄၉၇ ဘီလီယံဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မှုအခြေအနေတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့၌ အလုပ်အကိုင် အခွင့်အလမ်းအများဆုံး ဖန်တီးပေးနိုင်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်များကို ကာလတိုအတွင်း ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ကမ္ဘာ့ဘဏ်အုပ်စုက မြန်မာနိုင်ငံကို ၂၀၁၇ ခုနှစ်အတွက် Star Reformer Award ပေးအပ်ခဲ့ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းအစီရင်ခံစာကို လွှတ်တော်ကမှတ်တမ်းတင်ကြောင်း ကြေညာသည်။

ယင်းနောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁) မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဆွေးနွေးကြပြီး တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ရန်ပုံငွေအဖွဲ့ (IFAD) ထံမှ အမေရိကန်ဒေါ်လာ ၈ ဒသမ ၉၈၄ သန်း ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးလှကျော်က ယခုစီမံကိန်းသည် မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးပြီး ဖွံ့ဖြိုးမှုနည်းသည့် ချင်းပြည်နယ်တောင်ပိုင်းရှိ မင်းတပ်မြို့နယ်နှင့် ကန်ပက်လက်မြို့နယ်၊ မကွေးတိုင်းဒေသကြီး မြောက်ပိုင်းတွင်ရှိသည့် ပေါက်မြို့နယ်နှင့် မြိုင်မြို့နယ်တို့မှာ ရှိသည့် အသေးစားနှင့်အလတ်စား စိုက်ပျိုးရေးလုပ်ကိုင်သူများ၊ မွေးမြူ ထုတ်လုပ်သူများ၊ လယ်ယာလုပ်ငန်း မလုပ်ကိုင်နိုင်သူများနှင့် မြေယာမဲ့ပြည်သူများအတွက် ဦးတည်ဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ စီမံကိန်းဒေသရှိ မြို့နယ်လေးမြို့နယ်တွင် အိမ်ထောင်စုပေါင်း ကိုးသောင်းကျော်နှင့် ကျေးလက်လူဦးရေ ၄ ဒသမ ၃ သိန်းခန့်ကို အကျိုးပြုနိုင်စေရန် မျှော်မှန်းထားပါကြောင်း၊ စီမံကိန်းကာလမှာ လက်မှတ်ရေးထိုးသည့်နေ့မှစ၍ ခြောက်နှစ်အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ စီမံကိန်းရည်ရွယ်ချက်မှာ မိသားစုဝင်ငွေတိုးတက်စေရန်၊ စားနပ်ရိက္ခာဖူလုံစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိစေရန်၊ အာဟာရပြည့်ဝစေရန်နှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်နိုင်စွမ်းအားကောင်းလာစေရန်နှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ဖြစ်ပါကြောင်း၊ စီမံကိန်းမြို့နယ်များ ရွေးချယ်ရာတွင် ဆင်းရဲနွမ်းပါးမှုနှုန်း မြင့်မားပြီး ပထဝီအနေအထားအရ တစ်ဆက်တစ်စပ်တည်းဖြစ်သည့် မြို့နယ်များကို ရွေးချယ်ခဲ့ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။




ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကိုရီးယားသမ္မတနိုင်ငံ EXIM Bank of Korea ထံမှ EDCF ချေးငွေ အမေရိကန်ဒေါ်လာ ၆၁ ဒသမ ၈၁၆ သန်း ချေးငွေရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က လွှတ်တော်သို့ ရှင်းလင်းတင်ပြကြသည်။

ဒုတိယဝန်ကြီး ဦးကျော်လင်းက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ညောင်နှစ်ပင်သင်တန်းကျောင်း မြေဧရိယာ ၅၅၈ ဧကပေါ်တွင် ကိုရီးယား- မြန်မာ Industrial Complex စီမံကိန်းကို နှစ်နိုင်ငံအစိုးရ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ အဆိုပါချေးငွေဖြင့် ဆောင်ရွက်မည့် စက်မှုဇုန်ဧရိယာပြင်ပ အခြေခံအဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းစီမံကိန်းတွင် ရေရရှိရေးအတွက် ကလီထော်ဆည်မှတစ်ဆင့် ရေပိုက်လိုင်းဆက်သွယ်ခြင်း၊ ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်း၊ လျှပ်စစ်မီးရရှိရေးအတွက် မြောင်းတကာ-ကမာနက် Transmission Line မှတစ်ဆင့် ဓာတ်အားလိုင်းဆက်သွယ်ခြင်း၊ ဓာတ်အားခွဲရုံနှင့် Transformer တည်ဆောက်ခြင်း၊ လမ်းပန်းဆက်သွယ်ရေးအတွက် ငါးဆူတောင်လမ်းအရှည် ၉ ဒသမ ၄၅ ကီလိုမီတာအား လေးလမ်းသွား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ နိုင်ငံတကာလုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ချေးငွေဆိုင်ရာစည်းကမ်းချက်များမှာ ဆိုင်းငံ့ကာလ ၁၅ နှစ်၊ ပြန်ဆပ်ရမည့်ကာလ ၂၅ နှစ် ဖြစ်ပါကြောင်း၊ ချေးငွေသက်တမ်းမှာ နှစ် ၄၀ ဖြစ်ပြီး အတိုးနှုန်းမှာ ၀ ဒသမ ၀၁ ရာခိုင်နှုန်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အဆိုပါ ချေးငွေရယူရန်ကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၇/၂၀၁၈)နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပုလဲများပိုမိုထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံပိုင်ပုလဲများ ပိုမိုရရှိအောင် လွှတ်တော်တွင် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်လျက်ရှိ

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ရွှေစင်ကြေးကျန်ပေးသွင်းမှု ထိရောက်စွာဆောင်ရွက်ရန်နှင့် စပ်လျဉ်းပြီး ရွှေစင်ပေးသွင်းရမည့် ကုမ္ပဏီများထံမှ ကြေးကျန်ရွှေစင်များ ရရှိနိုင်အောင် လုပ်ထုံးလုပ်နည်းဖြင့် လည်းကောင်း၊ တရားမကြောင်းဖြင့် လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး စာချုပ်ပါ စည်းမျဉ်းစည်းကမ်းများအတိုင်း မလိုက်နာသည့် ကုမ္ပဏီများအား တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တွင်းဝရတနာခွန်များ ပိုမိုအပ်နှံစေရန်နှင့် တွင်းဝခွန် ပိုမိုတိုးတက်ရရှိရန် ကျောက်စိမ်းတူးဖော်ရေးဌာနမှ အနီးကပ်ကြီးကြပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာသယံဇာတများ တူးဖော်ထုတ်လုပ်ခြင်းအား လုပ်ကွက်အသစ်များ ထပ်မံချထားမှုမပြုခြင်းနှင့် သက်တမ်းကုန်လုပ်ကွက်များကိုလည်း သက်တမ်းတိုး လုပ်ကိုင်ခွင့်မပြုဘဲ နိုင်ငံတော်ပိုင် လစ်လပ်လုပ်ကွက်များအဖြစ် ထိန်းသိမ်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းအနေဖြင့် ပုလဲများပိုမို ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသကဲ့သို့ နိုင်ငံပိုင်ပုလဲများ ပိုမိုရရှိအောင် လွှတ်တော်တွင် ဥပဒေ၊ နည်းဥပဒေများ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာ့သစ်လုပ်ငန်းပိုင် သစ်စက်များကို စနစ်တကျထုခွဲရောင်းချသွားရန်နှင့် စပ်လျဉ်း၍ ရပ်နားသစ်စက်များအား ဖျက်သိမ်းရန် ပြည်ထောင်စုဝန်ကြီးရုံးမှ မူအားဖြင့် သဘောတူခွင့်ပြုထားပြီး ဖြစ်ပါကြောင်း၊ ဖျက်သိမ်းမည့် သစ်စက်များရှိ မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်းနှင့် အခြားပစ္စည်းများ တန်ဖိုးသင့်တွက်ချက်သတ်မှတ်ရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်၍ တန်ဖိုးသင့်တွက်ချက်သတ်မှတ်မှုများ အထက်အဆင့်ဆင့်သို့ တင်ပြ ခွင့်ပြုချက်များရယူပြီး ခွင့်ပြုမိန့်များရရှိပါက စနစ်တကျ ထုခွဲရောင်းချရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်း ဆွေးနွေးတင်ပြသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် Analogue စနစ်မှ DVB-T2 စနစ်သို့ အဆင့်လိုက်ပြောင်းလဲဆောင်ရွက်ခဲ့ရာတွင် မော်ချီးစက်ရုံအတွက် DVB-T2 နှင့် FM လွှင့်စက်များကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထား ဝယ်ယူခဲ့ပါကြောင်း၊ အသစ်တပ်ဆင်မည့် စက်ပစ္စည်းများမရောက်ရှိမီ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် မော်ချီးဒေသ၌ မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုများ ဖြစ်ပွားခဲ့ပါကြောင်း၊ မြေပြိုမှုအန္တရာယ်ရှိနေသည့်အတွက် တိုးချဲ့တပ်ဆင်မည့် (50W) DVB-T2 နှင့် (150W) FM တို့ကို တပ်ဆင်ရန်အခက်အခဲရှိလာပါကြောင်း၊ ထို့ကြောင့် ကယားပြည်နယ်အစိုးရအဖွဲ့သို့ မြေနေရာရရှိရေး ညှိနှိုင်းခဲ့ပြီး မော်ချီးကျေးရွာအုပ်စု၊ (၁၆)ကုန်းရပ်ကွက်၊ ဆေးရုံဟောင်းအနီး မြေကွက်နေရာကို ရွေးချယ်၍ ကယားပြည်နယ်အစိုးရအဖွဲ့သို့ တင်ပြခဲ့ပါကြောင်း။

အဆိုပါမြေနေရာကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သို့ မြေနေရာစွန့်လွှတ်လွှဲပြောင်း ပေးအပ်နိုင်ရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် စက်ရုံအသစ်တည်ဆောက်ရေးအတွက် ဘဏ္ဍာငွေလျာထားဆောင်ရွက်ပြီး စက်ရုံတည်ဆောက်ပြီးပါက သိမ်းဆည်းထားသည့် စက်ပစ္စည်းများ ဆက်လက်တပ်ဆင်ထုတ်လွှင့်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

Forever Group Co.,Ltd က နောက်ကျငွေပေးသွင်းခြင်းအတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် လစဉ်နှိုးဆော်စာပေးပို့ခြင်း၊ သတိပေးတောင်းခံခြင်း၊ ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များကိုတွေ့ဆုံပြီး အကြိမ်ကြိမ်သတိပေးဆောင်ရွက်ခြင်း၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ထောက်ညွှန်ချက်များကို အကြောင်းကြားစာပေးပို့ခြင်း၊ ပေးသွင်းရန်ကျန် ငွေကြေးပမာဏ များပြားသည့်အတွက် ကုမ္ပဏီမှ တာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံပြီး ပေးသွင်းမည့်အစီအစဉ် ရေးသားတင်ပြစေခြင်း၊ ပေးသွင်းမှုရှိ၊ မရှိ စောင့်ကြည့်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဌာနအနေဖြင့် ကုမ္ပဏီအပေါ် ငွေပေးသွင်းရေးကိစ္စများတွင် တိတိကျကျ ဆောင်ရွက်နိုင်ရန်အတွက် မူလစာချုပ်ပါ ငွေကြေးပေးသွင်းမှုနှင့်ဆိုင်သည့် အားနည်းချက်အပိုဒ်အချို့ကို ပြင်ဆင်နိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းနှင့် Global Direct Link Co.,Ltd တို့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အကျိုးတူ(Joint Venture) အဖြစ် ပူးပေါင်းဆောင်ရွက်ခဲ့ရာတွင် ဖက်စပ်သဘောတူစာချုပ်အပိုဒ်(၁၀-၂) အရ ကနဦး မတည်ရင်းနှီးငွေအဖြစ် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ၅၁ ရာခိုင်နှုန်းနှင့် ညီမျှသော ကျပ်သန်း ၆၅၄၀ ဒသမ ၇နှင့် Global Direct Link Co.,Ltd မှ ၄၉ ရာခိုင်နှုန်းနှင့် ညီမျှသော ကျပ်သန်း ၆၂၈၄ ဒသမ ၃ တို့ ထည့်ဝင်ရမည် ဖြစ်သော်လည်း ယနေ့အထိ ၃၈ ဒသမ ၄၉ ရာခိုင်နှုန်းနှင့်ညီမျှသော ကျပ်သန်း ၄၈၀၇ ဒသမ ၅၆၅ သာ ထည့်ဝင်ပြီး ၁၁ ဒသမ ၅၁ ရာခိုင်နှုန်းနှင့်ညီမျှသော ကျပ်သန်း ၁၄၇၆ ဒသမ ၇၃၅ ထည့်ဝင်ရန်ကျန်ရှိသဖြင့် သတ်မှတ်ချက်အတိုင်း ဆက်လက်ထည့်ဝင်နိုင်ရေးအတွက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ Global Direct Link Co.,Ltd သို့ အကြိမ်ကြိမ် ညှိနှိုင်းခဲ့ပြီး အကြောင်းကြားစာများလည်း ပေးပို့ဆောင်ရွက်ခဲ့ပါကြောင်း၊ သို့ရာတွင် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေအသစ် အခန်း ၁၅၊ အပိုဒ် ၁၁၅(က)(၁)တွင် “ငွေပေးချေထားခြင်းမရှိသေးသည့် အစုရှယ်ယာမတည်ငွေရင်း တာဝန်ရှိမှုကို ပယ်ဖျက်နိုင်သည် (သို့မဟုတ်)လျှော့ချနိုင်သည်”ဟု ပြဋ္ဌာန်းချက်အရ ထည့်ဝင်ရန်ကျန်ငွေ ကျပ်သန်း ၁၄၇၆ ဒသမ ၇၃၅ အား ဆက်လက်ထည့်ဝင်ခြင်း မပြုတော့ဘဲ ရှယ်ယာလျှော့ချခြင်းနည်းလမ်းဖြင့် ဆောင်ရွက်လိုကြောင်း တင်ပြဆွေးနွေးခဲ့သဖြင့် BOD အစည်းအဝေးမှ သဘောတူဆုံးဖြတ်ထားရှိပြီးဖြစ်ပါကြောင်း၊ သို့ပါ၍ Global Direct Link Co.,Ltd မှ လက်ရှိထည့်ဝင်ထားသည့် အစုရှယ်ယာ ၃၈ ဒသမ ၄၉ ရာခိုင်နှုန်းအပေါ် မူတည်၍ အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့် ၄၉ ရာခိုင်နှုန်း သတ်မှတ်ချက်အချိုးအတိုင်း ဖြစ်စေရန် လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖက်စပ်စာချုပ်နှင့် မြေငှားစာချုပ်များ ပြင်ဆင်ရေးကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

## ကြိုတင်မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စရပ်များအတွက် အရအသုံး ခန့်မှန်းခြေစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ သီးသန့်ရန်ပုံငွေဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရေလမ်းကောင်းမွန်ရေးနှင့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများမှာ နိုင်ငံတော်အကြီးအကဲ ခရီးစဉ်လမ်းညွှန်ချက်များနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရတို့၏ တောင်းဆိုချက်များအရ ဖြစ်ပါကြောင်း၊ ကြိုတင်မမျှော်မှန်းနိုင်သည့် အရေးပေါ်ကိစ္စရပ်များအတွက် အရအသုံး ခန့်မှန်းခြေစာရင်းတွင် ပါဝင်ခြင်းမရှိဘဲ သီးသန့်ရန်ပုံငွေဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ အမှန်တကယ်ဆောင်ရွက်ရန် လိုအပ်သော လုပ်ငန်းများကိုသာ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက် ရယူဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ သီးသန့်ရန်ပုံငွေ ၉ ဒသမ ၀၆ ဘီလီယံဖြင့် လုပ်ငန်း ၁၃ ခုကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် လုပ်ငန်းများအားလုံး ရာနှုန်းပြည့်နီးပါး ပြီးစီးအောင် ဆောင်ရွက်ခဲ့ပြီး အပြီးသတ်လုပ်ငန်းများ၏ လုပ်အားခများအတွက်သာ နှစ်လွန်အသုံးစရိတ် တောင်းခံခဲ့ခြင်းဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းသည်။

အလားတူ ပြည်ထဲရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ၊ စက်မှုဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန နှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များလည်း ရှင်းလင်းတင်ပြကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန် အစည်းအဝေး ၁၆ ရက်မြောက်နေ့ကို စက်တင်ဘာ ၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမြင့်၊ဟန်လင်းနိုင်(သတင်းစဉ်)**

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးကျင်းပ



နေပြည်တော် ဩဂုတ် ၃၀

**ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီအစည်းအဝေးများကို ယနေ့ မွန်းလွဲ ၁ နာရီက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေကြမ်းကို လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ပြည်သူ့ကြွေးမြီစီမံခန့်ခွဲမှုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လည်းကောင်း၊ ညနေပိုင်းတွင် ၂၀၁၈-၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းကို လည်းကောင်း ပြည်ထောင်စုလွှတ်တော် D ဆောင် ပထမထပ်အစည်း အဝေးခန်းမ၌ ကျင်းပသည်။** (ဝဲပုံ)

အဆိုပါ အစည်းအဝေးများသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

ဩဂုတ် ၃၀ ရက်က အမေရိကန်ပြည်ထောင်စုနိုင်ငံ၏ လွှတ်တော်အမတ်ဖြစ်သူ H.E. Mr. John Mc Cain ကွယ်လွန်သွားသည့်အတွက် ရန်ကုန်မြို့ရှိ အမေရိကန်စင်တာတွင် ဖွင့်လှစ်ထားရှိသော ဝမ်းနည်းခြင်းအထိမ်းအမှတ်စာအုပ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး လက်မှတ်ရေးထိုးစဉ်။ သတင်းစဉ်



# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Hong Liang ဦးဆောင်သည့်အဖွဲ့အား ဩဂုတ် ၂၈ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ကံ့ကော်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



**ဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးအတွက် စာရင်းရှင်းလင်းမှုများ၌ ပိုမိုချောမွေ့စေရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံငွေရေးကြေးရေးကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၃၀**

အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ကျင်းပသည်။ **(အောက်ယာပုံ)**

အလုပ်ရုံဆွေးနွေးပွဲတွင် ဖက်ဒရယ်စနစ်ဆိုင်ရာ နိုင်ငံတကာကျွမ်းကျင်ပညာရှင်ပါမောက္ခ မစ္စခရစ်စတီးနားက ၎င်းပါဝင်ခဲ့သည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

အလုပ်ရုံဆွေးနွေးပွဲနှင့်ပတ်သက်၍ ပေါင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်မိကွန်ချမ်းက "ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး တောင်အာဖရိကနိုင်ငံ၊ ယီမင်နိုင်ငံနဲ့ ကင်ညာနိုင်ငံရဲ့အတွေ့အကြုံတွေကို နိုင်ငံခြားသားပညာရှင်က လာပြီးဆွေးနွေးတဲ့ သဘောဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတကာရဲ့ ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းစဉ်တွေကို ဘယ်လိုဆောင်ရွက်ခဲ့တယ်။ ကျွန်မတို့ နိုင်ငံအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရနိုင်မလဲဆိုတဲ့အချက်တွေကို အပြန်အလှန်ဆွေးနွေး ဖြစ်ပါတယ်။

"ကျွန်မတို့က အစိုးရအဖွဲ့အစည်းဖြစ်တဲ့အတွက် လုပ်ငန်းကော်မတီမှာ ပြန်ပြီးဆွေးနွေးတဲ့အခါ အဖွဲ့ရဲ့သဘောထားတွေ၊ အားနည်းချက်တွေနဲ့ တစ်ဖွဲ့ချင်းစီရဲ့ လိုအပ်ချက်တွေက ဘာတွေရှိသလဲ၊ လိုအပ်ချက်တွေကို ပြန်ဖြည့်ပေးလိုက်မယ်ဆိုရင် လုပ်ငန်းစဉ်က ပိုပြီးမြန်ဆန်လာမယ်။ ဒါကို အထောက်အကူပြုဖို့အတွက် ပြန်လည်ဆန်းစစ်တဲ့သဘောပါ။ တိုင်းရင်းသားတွေများတဲ့အတွက် ဖက်ဒရယ်က အခြားဖက်ဒရယ်တွေနဲ့တူချင်မှတူနိုင်မယ်။ အဲဒီအပေါ်မှာ ဖက်ဒရယ်ကို ကိုယ်တိုင်ညှိနှိုင်းမှုရမယ်။ သူတို့ ဖက်ဒရယ်က ဘယ်လိုဖြေရှင်းလဲ၊ ဘယ်လိုလမ်းကြောင်းပေါ်သွားသလဲ၊ ဆုံးဖြတ်ရမှာတော့ ကိုယ်တိုင်ဆုံးဖြတ်ချက်ချရမှာမို့ ဆုံးဖြတ်ချက်ချတဲ့ ပုံစံတူနိုင်သော်လည်း လုပ်ပုံလုပ်နည်းတွေက မတူနိုင်ပါဘူး"ဟု ၎င်း၏ အမြင်ကို ပြောကြားသည်။

ထို့ပြင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက "တောင်အာဖရိက၊ ကင်ညာနဲ့ ယီမင်နိုင်ငံတွေမှာလုပ်ခဲ့တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲ လုပ်ငန်းစဉ်တွေနဲ့ပတ်သက်ပြီး သူတို့ရဲ့ အားသာချက်၊ အားနည်းချက်တွေ၊ သူတို့အောင်မြင်တဲ့အချက်၊ မအောင်မြင်တဲ့အချက်တွေကို သင်ခန်းစာယူနိုင်အောင် အဓိက ဆွေးနွေးတာ ဖြစ်ပါတယ်။




"လက်ရှိအနေအထားအရ သူတို့ရဲ့အတွေ့အကြုံနဲ့ နှိုင်းယှဉ်ပြီး ကျွန်တော်တို့ ဘာလုပ်သင့်တယ်ဆိုတဲ့ အကြံပြုချက်တွေ တောင်းတဲ့သဘော ဖြစ်ပါတယ်။ ကျွန်တော်တို့ မသိသေးတဲ့ ကိစ္စရပ်လေးတွေ သိရှိရပါတယ်။ ကျွန်တော်တို့ နိုင်ငံရဲ့ အခြေအနေက သူများနိုင်ငံနဲ့ မတူပါဘူး။ မြန်မာနိုင်ငံမှာ ဆွေးနွေးမှုတွေ တကယ်လုပ်တဲ့အခါ ပကတိအခြေအနေကို ထင်ဟပ်တဲ့ လက်ရှိလုပ်နေတဲ့ လုပ်ငန်းစဉ်က ဆီလျော်တယ်ဆိုတာကို သူက သုံးသပ်သွားတာရှိပါတယ်။ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ကို ပြန်သုံးသပ်တဲ့အခါ အတိုင်းအတာတစ်ခု အနေနဲ့ အထောက်အကူပြုမယ်လို့ ထင်ပါတယ်"ဟု ပြောကြားသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပသည်။

ဆွေးနွေးပွဲတွင် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်၏ ဖွဲ့စည်းမှုပုံသဏ္ဍာန်နှင့် ဖွဲ့စည်းတည်ဆောက်ပုံ၊ အခြေခံယူဆချက်များအပေါ် ဆွေးနွေးခြင်းနှင့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲဆိုင်ရာများ စသည်တို့ကို ပြန်လည်သုံးသပ်ဆွေးနွေးကြသည်။

စားပွဲဝိုင်းဆွေးနွေးပွဲနှင့်ပတ်သက်၍ အစိုးရအစုအဖွဲ့မှ ပါဝင်သင့်ပါဝင်ထိုက်သူ ဦးဇော်ဝင်းက "နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်နဲ့ပတ်သက်လို့ Centralizationနဲ့ Decentralization ပုံစံနှစ်ခုထဲက ရွေးချယ်စဉ်းစားသင့်ပါတယ်။ ဘယ်ပုံစံနဲ့လုပ်လုပ် ပြည်သူလူထုက လက်ခံနိုင်တဲ့အနေအထားဖြစ်အောင် ကြိုးစားတာအကောင်းဆုံးဖြစ်ပါတယ်။ အစုအဖွဲ့တွေနဲ့ တိုင်းရင်းသားတွေ တင်ပြလာတဲ့ အချက်အလက်တွေအပေါ်မှာ ဘုံသဘောတူညီတဲ့ ဆုံးဖြတ်ချက်တွေ ရရှိဖို့အတွက် ဆွေးနွေးရမယ့် ခေါင်းစဉ်တွေ၊ တိုင်းရင်းသားတွေရဲ့ လိုလားချက်တွေအပေါ်မှာ ဦးစားပေးပြီး သတ်မှတ်ဖို့လိုပါတယ်"ဟု ပြောကြားသည်။

ယနေ့ကျင်းပသည့် ဆွေးနွေးပွဲများသို့ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင်များ၊ ပူးတွဲကော်မတီဝင်များနှင့် အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့တို့မှ လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြသည်။

အစိုးရ၊ လွှတ်တော်၊ တပ်မတော်အစုအဖွဲ့၏ နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ စားပွဲဝိုင်းဆွေးနွေးပွဲကို ဩဂုတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်းသိရသည်။

**ဇော်ဇင်၊ ဓာတ်ပုံ-အေးသန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်အဖွဲ့ ကိုရီးယားသမ္မတနိုင်ငံတွင် ရုပ်ရှင်နှင့် ဗီဒီယိုဆိုင်ရာများ ကြည့်ရှုလေ့လာ

ဘူဆန် ဩဂုတ် ၃၀

**ကိုရီးယားသမ္မတနိုင်ငံ၌ လေ့လာရေးခရီးရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ဦးဆောင်သည့် ရုပ်ရှင်နှင့်ဗီဒီယိုဆိုင်ရာ လေ့လာရေးအဖွဲ့သည် ယနေ့တွင် ဘူဆန်မြို့ရှိ Korea Media Rating Board, Busan Asian Film School (AFiS), Busan Cinema Studios, Busan Film Commission နှင့် Korea Film Council (KOFIC) တို့ကို သွားရောက်လေ့လာကြသည်။**

နံနက်ပိုင်းတွင် Busan Visual Industry Center ရှိ Korea Media Rating Board သို့ ရောက်ရှိရာ ဖွဲ့စည်းရခြင်း ရည်ရွယ်ချက်၊ ဖွဲ့စည်းဆောင်ရွက်နေမှု၊ ဇာတ်ကားအဆင့်အတန်းငါးမျိုး ခွဲခြားသတ်မှတ်ပေးမှု၊ ကန့်သတ်ချက် ပြုလုပ်နေသည့် အကြောင်းအရာခုနစ်မျိုးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များက ခွဲခြားသတ်မှတ်ပေးသည့် ဇာတ်ကားများအား ပြသသည့် ရုပ်ရှင်ရုံစနစ်အပါအဝင် အခြားသိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြသည်။

**မေးမြန်းဆွေးနွေး**

မွန်းလွဲပိုင်းတွင် ဘူဆန်အာရှရုပ်ရှင်သင်တန်းကျောင်း (AFiS) သို့ ရောက်ရှိရာ Busan Film Commission အကြောင်းနှင့် ဖွဲ့စည်းပုံ၊ စတူဒီယိုများ၊ ဟိုတယ်နှင့် သင်တန်းကျောင်းအပါအဝင် ဘူဆန်တွင် လာရောက်ရုပ်ရှင် ရိုက်ကူးမှုများအတွက် အသုံးပြုရမည့် ပစ္စည်းကိရိယာများအပြင် တည်းခိုမှုနှင့် သွားလာရေးမှစ၍ ဝန်ဆောင်မှုပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း၊ AFiS သင်တန်းကျောင်းကို ၂၀၁၆ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့မှု၊ သင်ကြားပို့ချသည့်ဘာသာရပ်များ၊ အာဆီယံနိုင်ငံများမှ သင်တန်းသားများအတွက် ကျောင်းဝင်ခွင့်ဆိုင်ရာများ၊ လူငယ်များအတွက် ရုပ်ရှင်ဇာတ်လမ်းတိုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မေးမြန်းဆွေးနွေးကြသည်။

ညနေပိုင်းတွင် ဘူဆန်ရုပ်ရှင်စတူဒီယိုသို့ ရောက်ရှိရာ ရုပ်ရှင်ဖွံ့ဖြိုးရေးအတွက် ၂၀၀၂ ခုနှစ်တွင် စတူဒီယိုစတင်ဆောက်လုပ်ခဲ့ပြီး ပံ့ပိုးဆောင်ရွက်ပေးနေမှု၊ ဘူဆန်အစိုးရနှင့် လုပ်ငန်းရှင်များ အကျိုးတူအစုရှယ်ယာထည့်ဝင်ပြီး ပူးပေါင်းဆောင်ရွက်နေမှု၊ စတူဒီယိုတွင် လုပ်ဆောင်မှုကြောင့် ပြင်ပရိုက်ကွင်းများ၌ ကြုံတွေ့ရသည့် အနှောင့်အယှက်များ ကင်းလွတ်မှု၊ ရာသီဥတုဖောက်ပြန်မှုကြောင့် ရွှေ့ပြောင်းရသည့် အခက်အခဲများ ကင်းလွတ်မှု၊ အချိန်ကုန်သက်သာမှု၊ ပုံတူ၊ ပုံပွားစနစ်များ တီထွင်လုပ်ဆောင်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး မီတာ (၆၀ × ၃၀ × ၁၀) အရွယ်အစားရှိ စတူဒီယိုအတွင်း ပုံစံတူ ပြင်ဆင်ဆောက်လုပ်နေမှုကို လိုက်လံပြသသည်။




**လိုက်လံရှင်းလင်းပြသ**

ဆက်လက်၍ ကိုရီးယားဖလင်ကော်မရှင်သို့ ရောက်ရှိကြရာ ကိုရီးယားဖလင်ကောင်စီ၏ မူဝါဒနှင့်အညီ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှု၊ ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် ဘူဆန်သို့ လာရောက်ရိုက်ကူးမှုများအတွက် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ၎င်းအဆောက်အအုံအတွင်း လိုက်လံရှင်းလင်းပြသသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ကိုရီးယားဖလင်ကောင်စီ (KOFIC) သို့ ရောက်ရှိ၍ ကောင်စီဥက္ကဋ္ဌ အိုဆော့ဂွန်း ဦးဆောင်သော ကောင်စီဝင်များနှင့် တွေ့ဆုံရာ ကောင်စီ၏ဖွဲ့စည်းပုံ၊ ရည်ရွယ်ချက်နှင့် မူဝါဒချမှတ်လုပ်ဆောင်နေမှု၊ ဝင်ငွေရရှိမှု၊ ခွဲဝေမှုနှင့် ထောက်ပံ့ပေးမှု၊ ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ဇာတ်ကားများ ပြသမှုစနစ်၊ အာရှနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရုပ်ရှင်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့က မေးမြန်းဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဘေးဒဏ်ကြောင့် ပျက်စီးသွားသော လမ်း၊ တံတားများ ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၃၀**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန် - မန္တလေး အမြန်လမ်း (နေပြည်တော်-ရန်ကုန် အပိုင်း) မိုင်တိုင်အမှတ် ၁၆၅/၁ နှင့် ၁၆၅/၃ ကြားရှိ ဆွာချောင်းတံတားသို့ ရောက်ရှိပြီး တံတားချဉ်းကပ်လမ်း



ရေတိုက်စားမှုအား ကျောက်ကြီးဖြည့်၍ ပြန်လည်ပြုပြင်နေမှု၊ ရေကျသွားသည့် အချိန်တွင် ပြန်လည်ပြုပြင်ရန် လိုအပ်ချက်များနှင့် မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တံတားရေလယ်တိုင်များ ရေတိုက်စားမှုကာကွယ်ရန် စက်ယန္တရားကြီးများဖြင့် ကျောက်ကြီးများချနေမှု၊ ရန်ကုန်ဘက်ခြမ်း တံတားကမ်းကပ်ခုံ ရေတိုက်စားမှုအား ကာကွယ်ထိန်းသိမ်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်ကောင်းချိုက တံတားအထူးအဖွဲ့များ၊ အင်ဂျင်နီယာများနှင့် လုပ်သား ၅၀၀ တို့ဖြင့် တံတားဘေလီသံပေါင် အရှည် ပေ ၄၂၀အား ၂၄ နာရီအတွင်း ကားငယ်များ အမြန်ဆုံးဖြတ်သန်းသွားလာနိုင်ရေး နေ့၊ ည ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေးအတွက် ယခုတံတားအား အသွား၊ အပြန် အသုံးပြုနေရသည့်အတွက် အထူးသတိပြုစောင့်ကြည့်ရန်၊ ဘေလီတံတား တည်ဆောက်ပြီးပါက တံတားခံနိုင်ဝန်စမ်းသပ်ပြီး ပထမအဆင့် ကားငယ်များ ဖြတ်သန်းသွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ် ၁၉၈/၀ နှင့် ၁၉၈/၇ ကြားတွင် သဘာဝဘေးဒဏ်ကြောင့် ရေတိုက်စားပျက်စီးသွားသော လမ်းအပိုင်းနှင့် တံတားအမှတ် (၄/၁၉၉) ရေတိုက်စားပျက်စီးမှုတို့အား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးသွားသော လမ်းအပိုင်းအား အမြန်ဆုံးပြုပြင်ရန်နှင့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရေး၊ ကုန်စည်စီးဆင်းမှု နှောင့်နှေးကြန့်ကြာမှု မရှိစေရေး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်တရားလွှတ်တော်၌ ပြည်ထောင်စုတရားသူကြီးချုပ်၏ မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

**စစ်တွေ ဩဂုတ် ၃၀**

ပြည်ထောင်စု တရားလွှတ်တော်ချုပ်တွင် ကျင်းပပြုလုပ်ခဲ့သော ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တရားရေးဦးစီးမှူးများ၏ (၁၅)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှ မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းပွဲအခမ်းအနားကို ဩဂုတ် ၂၅ ရက် နံနက် ၉ နာရီခွဲတွင် ပြည်နယ်တရားလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ **(ယာပုံ)**

ရှင်းလင်းပွဲတွင် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးကျောက်က တရားစီရင်ရေးမဏ္ဍိုင် တည့်မတ်ခိုင်မာရေး၊ ဘက်လိုက်မှုကင်းသည့် တရားစီရင်ရေး၊ အဂတိတရားကင်းစင်သည့် တရားစီရင်ရေး ဖြစ်ပေါ်ရေးတို့အတွက် အဆင့်ဆင့်တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ကြပ်မတ်ထိန်းသိမ်းဆောင်ရွက်သွားကြရန်၊ တရားစီရင်ရေးဆိုင်ရာ ကျင့်ဝတ်များကို လေးစားလိုက်နာပြီး ဖြောင့်မတ်တည်ကြည်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် တရားစီရင်ရေးအပေါ် အများပြည်သူများ ယုံကြည်ကိုးစားမှု တိုးတက်မြင့်မားလာစေရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် စသည်ဖြင့်လမ်းညွှန်မှာကြားချက်များအား ထပ်ဆင့်ရှင်းလင်းသည်။ ဆက်လက်၍ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ ဖြစ်ကြသော ဦးသိန်းအောင်နှင့် ဒေါ်စန်းစန်းရီတို့က တရားစီရင်ရေးဆိုင်ရာလုပ်ငန်းများကိုလည်းကောင်း၊ ပြည်နယ်တရားရေးဦးစီးမှူးက စီမံရေး၊ ထောက်ပံ့ရေးလုပ်ငန်းများကို လည်းကောင်း ရှင်းလင်းဆွေးနွေး




မှာကြားကြသည်။

အဆိုပါအခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးများ၊ ပြည်နယ်တရားရေးဦးစီးမှူးနှင့် ပြည်နယ်အတွင်းရှိ တရားရေးအဆင့်ဆင့်မှ တရားသူကြီးများနှင့် တရားရေးအရာရှိများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# တိုင်းပြည်မှာရှိတဲ့ သူတွေအားလုံး အားနည်းလာတဲ့ စာဖတ်ခြင်း အလေ့အထလေးကို တစ်ဦးတစ်ယောက်ချင်းစီ ဝိုင်းဝန်းပြုပြင် မွေးမြူကြဖို့ အကြံပြုလိုပါတယ်

မောင်ဇော်လင်းနိုင်

**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ရသစာပေ စကားဝိုင်းတွင် ပါဝင်ခဲ့ကြသော ရန်ကုန်မြို့ရှိ တက္ကသိုလ်များမှ ကျောင်းသား ကျောင်းသူများ၏ စကားသံများကို ဆက်လက်ဖော်ပြလိုက်ပါသည်။**

*(ယမန်နေ့မှ အဆက်)*

**မအေးစန္ဒာအောင် (အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်)**

စာဖတ်တာကို ဘယ်တုန်းကစပြီး စိတ်ဝင်စားတာလဲဆိုတာကို ပြောရရင် စာပေဆိုတာထက် ကာတွန်းတွေ၊ ရုပ်ပြဇာတ်လမ်းလေးတွေကနေ တဖြည်းဖြည်း စာအုပ်တွေဖတ်ဖြစ်လာတယ်။ သင်္ကြန်ပိတ်ရက်တွေဆို ကာတွန်းစာအုပ်တွေ၊ ဝတ္ထုစာအုပ်တွေကို အများကြီးငှားဖတ်တာတွေက စာဖတ်တာကိုကြိုက်တယ်လို့ ပြောလို့ရမယ်လို့ ထင်မိတယ်။ ပထမဆုံးစာပေဆိုတာကို သိခဲ့တာက ဆယ်တန်းတုန်းက စဖတ်ရတဲ့ ဆရာကြီးရွှေဥဒေါင်းရဲ့ ပထမံဆရာသိန်းကနေ စခဲ့တယ်။ နောက်ပိုင်း စာအုပ်တွေဖတ်ရတာ ကြိုက်လာတယ်။ ဖုန်းထဲကနေ ဖတ်တယ်ဆိုတာထက် စာအုပ်နဲ့ ဖတ်ရတာကို ပိုသဘောကျတယ်။



မအေးစန္ဒာအောင်



မောင်မင်းခန့်မောင်မောင်



မောင်ဇော်လင်းနိုင်



မယွန်းပွင့်မေသူ



မဝင့်မြတ်နိုး



မောင်မင်းအေးချမ်းကို

နောက် သတင်းအတတ်ပညာ ကျောင်းသူဖြစ်လာတဲ့အခါ စာပေတွေဖတ်ရှုဖို့ လိုအပ်လာတယ်။ ဗဟုသုတကြွယ်ဖို့အတွက် စာများများ ဖတ်ရတယ်။ အများစုကတော့ သုတထက် ရသစာပေတွေကို ပိုဖတ်ဖြစ်တယ်။ ဂျာနယ်ကျော်မမလေးရဲ့ သူလိုလူက တော်တော်လေးကို ဗဟုသုတလည်းရ၊ ရသလည်းရတဲ့ စာအုပ်လို့ထင်မိတယ်။ နောက် လူ့ရဲ့သဘောထားတွေကို ဖော်ပြနိုင်တဲ့ အရေးအသားမျိုး၊ တစိမ့်စိမ့်တွေးကြည့်ရတဲ့ စာအုပ်မျိုးတွေဆို သိပ်သဘောကျပါတယ်။ ဆရာမကြီး ကြည်အေးရဲ့ မီဝတ္ထုဟာ လူ့အမြင်၊ တွေးထင်ပုံတွေကို အကောင်းဆုံးချပြနိုင်တယ်လို့ ထင်တဲ့အတွက် အတော်ကြိုက်ပါတယ်။

သတင်းအတတ်ပညာကို လေးနှစ်တိုင်တိုင်ဆည်းပူးခဲ့ရတာမို့ ဒီပညာရပ်နဲ့ပဲ အသက်မွေးဝမ်းကျောင်း ပြုချင်ပါတယ်။ မီဒီယာသမားတစ်ယောက်၊ အထူးသဖြင့် သတင်းထောက်ကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ တစ်ဖက်မှာလည်း စာရေးရတာကို အထူးစိတ်ဝင်စားသောကြောင့် စာရေးတာကိုလည်းလေ့လာပြီး စာပေကောင်းတွေ၊ ကဗျာကောင်းတွေ ဖန်တီးသွားချင်ပါတယ်။

**မောင်မင်းခန့်မောင်မောင် (ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်)**

အိမ်မှာက အမေက ငယ်ငယ်တည်းက စာအုပ်တွေဝယ်ပေးတယ်။ သူ့အသက်အရွယ်နဲ့ ဖတ်သင့်တဲ့စာအုပ်တွေ ဝယ်ပေးလေ့ရှိတယ်။ မင်္ဂလာမောင်မယ်တို့ဆို ပုံမှန်ဝယ်ပေးတယ်။ လူတော်တွေကိုအားကျပြီး အတုယူနိုင်အောင်လို့ပါ။ သုတ၊ ရသစာအုပ်တွေလည်း ဝယ်ပေးပါတယ်။ အားတဲ့အချိန် စာဖတ်တတ်တဲ့ အလေ့အကျင့်ရှိအောင် ငယ်ငယ်တည်းက ပြုစုပေးထားပါတယ်။



မသင်းသင်းသော်



မောင်မင်းသန့်ထူး



မအေးမင်းသွယ်



မခန့်ခန့်ချော

တက်နေတဲ့ မေဂျာနဲ့သက်ဆိုင်တဲ့ အင်ဂျင်နီယာအလုပ်ပဲ ဆက်လက်လုပ်ဆောင်ဖို့ရှိပါတယ်။ ပိုမိုတိုးတက်တဲ့ ပြည်ပနိုင်ငံမှာ နည်းပညာနဲ့ပတ်သက်တဲ့ ဘွဲ့လွန်သင်တန်းတက်ရောက်ပြီး အဲဒီနိုင်ငံတွေရဲ့ နည်းစနစ်တွေကိုလေ့လာကာ နိုင်ငံအတွက် အဆင်ပြေမယ့် နည်းပညာအခြေပြု လူမှုအကျိုးပြု စီးပွားတစ်ခု တည်ထောင်ပြီး ကျောင်းသားလူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးနိုင်ဖို့ ရည်မှန်းထားပါတယ်။

**မောင်ဇော်လင်းနိုင် (ဒဂုံတက္ကသိုလ်)**

စာပေကို စိတ်ဝင်စားခဲ့တာကတော့ ငယ်စဉ်ကလေးဘဝ ကျောင်းစတက်တဲ့ အရွယ်ကတည်းကပါပဲ။ ငယ်စဉ်က လူကြီးမိဘတွေရဲ့ လမ်းညွှန်ပေးမှုကနေ ရွှေသွေးတို့လို ရုပ်ပြကာတွန်းလေးတွေ စပြီးဖတ်ရှုဖြစ်ပါတယ်။ အဲဒီကမှတစ်ဆင့် သတင်းစာ၊ ဝတ္ထု၊ ဆောင်းပါး အစရှိသဖြင့် တစ်ဆင့်ပြီးတစ်ဆင့် ဖတ်ရှုလေ့လာမိရာကနေ စာပေအပေါ် ဝါသနာထုံလာခဲ့တာပါ ။

ကျွန်တော်က လက်ရှိဂုဏ်ထူးတန်း တတိယနှစ်မှာ အင်္ဂလိပ်စာဘာသာရပ်နဲ့ ပညာသင်ကြားနေပါတယ်။ နောက်ထပ် ရှေ့ဆက်မျှော်မှန်းချက်ကို ပြောပါဆိုရင်တော့ အင်္ဂလိပ်စာ ဆရာကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။ ဒါ့အပြင် အင်္ဂလိပ်စာနဲ့ သက်ဆိုင်တဲ့ ပညာရပ်ပေါင်းစုံကို သင်ကြားပေးနိုင်တဲ့ ကျောင်းတစ်ကျောင်းကို အနာဂတ်မှာ ဖွင့်နိုင်ဖို့လည်း ရည်ရွယ်ကြိုးစားလျက်ရှိပါတယ်။

လူငယ်တွေတင် မကပါဘူး။ တိုင်းပြည်မှာရှိတဲ့ သူတွေအားလုံး အားနည်းလာတဲ့ စာဖတ်ခြင်း အလေ့အထလေးကို တစ်ဦးတစ်ယောက်ချင်းစီ ဝိုင်းဝန်းပြုပြင် မွေးမြူကြဖို့ အကြံပြုလိုပါတယ်။ လူတစ်ယောက်ရပ်တည်ဖို့ နှလုံးသားနဲ့ဦးနှောက် မျှခြေစဉ်းစားဖို့လိုသလို တိုင်းပြည်တစ်ပြည် ပြန်လည်ဦးမော့လာဖို့အတွက်ကလည်း တစ်ဦးတစ်ယောက်ချင်းစီရဲ့ နှလုံးသားနဲ့ ဦးနှောက်တွေ အမြဲရှင်သန်နိုးကြားနေဖို့ လိုအပ်နေတယ်လို့ မြင်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ လက်ရှိ ဒီအခြေခံလိုအပ်ချက်တွေ အားနည်းနေတယ်လို့လည်း သုံးသပ်မိပါတယ်။ ဒီလိုအပ်ချက်တွေကို သုတသော်လည်းကောင်း၊ ရသသော်လည်းကောင်း ဖတ်ရှု၊ အာဟာရပြုကြခြင်းဖြင့် တိုင်းပြည်ကို အကျိုးပြုကြပါစို့လို့ ပြောချင်ပါတယ်။

**မယွန်းပွင့်မေသူ (ရန်ကုန်တက္ကသိုလ်)**

ငယ်ငယ်က စာအုပ်အငှားဆိုင် ယဉ်ကျေးမှုထွန်းကားခဲ့တော့ အဲဒီကနေ စာအုပ်၊ စာပေတွေကို စတင်စိတ်ဝင်စားခဲ့တယ်လို့ ပြောလို့ရပါတယ်။ အလယ်တန်း၊ မူလတန်းလောက်မှာ ရုပ်ပြ ကလေးစာပေတွေ စတင်ဖတ်ဖြစ်တယ်။ ဆယ်တန်းပြီးတော့ လူငယ်တွေအတွက် စိတ်ဓာတ်မြှင့်တင်ရေးစာအုပ်တွေ ဖတ်ဖြစ်ခဲ့ပြီး အခုအချိန်မှာတော့ ရသစာပေတွေ အဖတ်များနေပါတယ်။

အနာဂတ်မှာတော့ ကုလသမဂ္ဂမှာ မြန်မာကိုယ်စားပြု သံတမန်အနေနဲ့ လုပ်ချင်ပါတယ်။ အထူးသဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ တက်တက်ကြွကြွပါဝင်ဆောင်ရွက်ချင်ပါတယ်။

**မဝင့်မြတ်နိုး (ရန်ကုန်နည်းပညာတက္ကသိုလ်)**

စာဖတ်ဝါသနာပါဖြစ်ခဲ့ပုံကတော့ မူလတန်းအရွယ်က ရွှေသွေး၊ ပုံပြင်တွေကို ဖတ်ခဲ့တာက အစပြုခဲ့တာပါ။ အဲဒီနောက်ပိုင်းမှာ ဂန္ထဝင်ဝတ္ထုတွေ ၊ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေရဲ့ အကြောင်းတွေကို စွဲစွဲမြဲမြဲဖတ်ဖြစ်ခဲ့ပါတယ်။ ကျောင်းသင်ခန်းစာအပြင် ပြင်ပဗဟုသုတရဖွယ်တွေဖြစ်တဲ့ စာအုပ်စာပေတွေ ဖတ်ရှုမှတ်သားရတယ်ဆိုတာ မိမိစိတ်ကို ခွန်အားတွေ အများကြီးရစေပါတယ်။ ကိုယ့်အမြင်ကို ကျယ်စေသလို တခြားသူတွေနဲ့ ပြောဆိုဆက်ဆံဆွေးနွေးတဲ့အခါမှာလည်း မိမိကိုယ်ကို ဆင်ခြင်နိုင်စေပါတယ်။ လူ့လောက ပတ်ဝန်းကျင်တွေအကြောင်းကို ရသစာပေကတစ်ဆင့် ခံစားဖတ်ရှုနိုင်သလို သုတစာပေကိုဖတ်ရှုခြင်းအားဖြင့်လည်း ဆင်ခြင်တုံတရားတွေ၊ ဆုံးဖြတ်နိုင်စွမ်းတွေ ရှိလာစေပါတယ်။ ဒါကြောင့်မို့ မိမိကိုယ်ကို ရင့်ကျက်ချင်တယ်၊ နှလုံးရည် ပြည့်ဝချင်တယ်၊ တွေးခေါ်မှုစွမ်းရည်တွေ မြင့်မားချင်တယ်ဆိုရင်တော့ ရသစာပေနဲ့ သုတစာပေကို မျှပြီးဖတ်ပါလို့ တိုက်တွန်းလိုပါတယ်။

ကျွန်မရဲ့ အနာဂတ်ရည်မှန်းချက်ကတော့ နိုင်ငံတော်အတွက် အိုင်တီနည်းပညာလုံခြုံရေးနဲ့သက်ဆိုင်တဲ့ သုတေသနလုပ်ငန်းတွေမှာ တစ်ဖက်တစ်လမ်း ပါဝင်လုပ်ဆောင်ချင်ပါတယ်။

**မောင်မင်းအေးချမ်းကို (ဆေးတက္ကသိုလ်-၁၊ ရန်ကုန်)**

စာပေကို ငယ်ငယ်ကတည်းက စိတ်ဝင်စားခဲ့ပါတယ်။ကျွန်တော့်စိတ်ထင် နှစ်တန်းလောက်ကဖြစ်မယ်။ အဲဒီတုန်းကတော့ စဖတ်ဖြစ်တာ ဇာတ်နိပါတ်တွေ၊ ဓမ္မပဒဝတ္ထုတွေ၊ ပုံပြင်တွေပေါ့။ စာပေစိတ်ဝင်စားလာဖို့အတွက် အဓိကကျေးဇူးရှိတာက ကျွန်တော့်အဖေပါ။

အနာဂတ်ရည်မှန်းချက်ကတော့ စိတ်ရောဂါကုဆရာဝန်တစ်ယောက် ဖြစ်ချင်တယ်။ စာရေးဆရာဖြစ်ချင်တယ်။ နောက်ပြီး ကဗျာဆရာဖြစ်ချင်တယ်ပေါ့လေ။ သို့သော် ကဗျာဆရာဆိုတာမျိုးကလည်း ဖြစ်ချင်တိုင်းမှ ဖြစ်လို့မရတာ။

**မသင်းသင်းသော် (ဆေးတက္ကသိုလ် -၂၊ ရန်ကုန်)**

ကလေးအရွယ်ကတည်းက ရုပ်ပြကာတွန်းတွေ သဘောကျတယ်။ စာဖတ်တတ်တဲ့အရွယ်လောက်မှာတော့ သဘောအကျဆုံးက ရွှေသွေးစာစောင်ပါ။ နောက်ပိုင်းတော့ ဝတ္ထုတိုတွေ ဖတ်ဖြစ်တာများပါတယ်။

အနာဂတ်ရည်မှန်းချက်အနေနဲ့ကတော့ ဒီ profession နဲ့ပဲ အသက်မွေးဝမ်းကျောင်းပြုဖြစ်ဖို့ များပါတယ်။ posting ဝင်တယ်၊ မဝင်ဘူး၊ အစိုးရဆေးရုံတွေမှာ ပြန်အလုပ်လုပ်ဖို့ကတော့ ဘွဲ့ရပြီးမှပဲ ဆုံးဖြတ်ဖြစ်ဖို့များပါတယ်။

**မောင်မင်းသန့်ထူး ( ဆေးတက္ကသိုလ် -၁၊ ရန်ကုန်)**

ငယ်ငယ်တုန်းက ကျွန်တော်က ကာတွန်းစာအုပ်၊ ပုံပြင်စာအုပ် အဲဒါတွေကို ဖတ်ရင်းနဲ့ စာအုပ်တွေကို စဖတ်လာဖြစ်တာပေါ့။

ကျွန်တော်က ဆေးကျောင်းသားဆိုတော့ ဆရာဝန်ကောင်းတစ်ယောက် ဖြစ်လာချင်တာပေါ့။

အခုခေတ် ကျွန်တော်တို့လူငယ်တွေက အရင်ကလူတွေထက်ပိုပြီး အခွင့်အရေးတွေ ရလာကြတယ်။ အခွင့်အလမ်းတွေ ရလာကြတယ်။ ပြီးတော့ ပိုပြီးတော့လည်း တော်လာကြတယ်။ ကျွန်တော်တို့ လူငယ်တွေက အရည်အချင်းလည်း ရှိကြပါတယ်။ ဒါကြောင့် ကျွန်တော်တို့လူငယ်တွေကို ယုံယုံကြည်ကြည်နဲ့ နေရာပေးသင့်နေပြီလို့ ပြောလိုပါတယ်။

**မအေးမင်းသွယ် (ဒုတိယနှစ်၊ ရန်ကင်းပညာရေးကောလိပ်)**

နှစ်တန်း သုံးတန်းမှာ စာကိုစဖတ်တတ်ကတည်းက စာဖတ်ဝါသနာပါခဲ့တာပါ။ အဲဒီအရွယ်ကတည်းက အခုချိန်အထိ သုတ၊ ရသစာစုံဖတ်ခဲ့ပါတယ်။ အတ္ထုပ္ပတ္တိ၊ ဘာသာပြန်၊ ဝတ္ထုတို၊ ဝတ္ထုရှည်စတာတွေအပြင် စာအကုန်လုံး (ကျောင်းစာမဟုတ်တဲ့စာ) ဖတ်ပါတယ်။ စာပေနဲ့ပတ်သက်ရင်တော့ အမြဲစိတ်ဝင်စားပါတယ်။

အနာဂတ်ရည်မှန်းချက်ကတော့ သမီးမိသားစုအတွက် အားထားရတဲ့ သမီးကောင်းဖြစ်ဖို့၊ သမီးရဲ့ကလေးတွေအတွက် အားကိုးရတဲ့ ဆရာမကောင်းဖြစ်ဖို့ပါပဲ။

**မခန့်ခန့်ချော (ဆေးတက္ကသိုလ် -၁၊ ရန်ကုန်)**

ဆရာဝန်တစ်ယောက်ဖြစ်ဖို့၊ (ကိုယ်ပိုင်လုပ်ငန်း တစ်ခု- စာအုပ်ထုတ်ဝေတာလည်း ဖြစ်ချင်ဖြစ်မယ်) ဦးစီးဖို့ ရည်မှန်းချက်ရှိပါတယ်။ လူသားတစ်ယောက် ရသင့်တဲ့ ဘဝတစ်ခုရဖို့ပါ။ အသက်ကြီးသည့်တိုင်အောင် တောင်တွေဆက်တက်နိုင်ဖို့လည်း ရည်ရွယ်ပါတယ်။

ဒီနေ့ခေတ်မှာ စာအုပ်တွေ စိတ်ဝင်စားမှု လျော့နည်းလာတယ်။ အဲဒီလျော့နည်းလာတဲ့ စိတ်ဝင်စားမှုကို ပြန်ဆွဲဆောင်နိုင်ဖို့လိုပါတယ်။ လူငယ်တွေဟာ တက်ကြွတယ်။ ခေါင်းဆောင်နိုင်စွမ်းလည်း ရှိကြပါတယ်။ လိုတာက သူတို့ကို လက်တွဲခေါ်ဖို့၊ နားထောင်ပေးဖို့၊ နေရာပေးဖို့၊ ယုံကြည်ပေးဖို့ပဲလိုပါတယ်။

**မခိုင်ဆွေဇင်သက် (ရန်ကုန်ပညာရေးတက္ကသိုလ်)**

စာပေဝါသနာကတော့ နှစ်တန်းလောက်က စတာပါ။ အဲဒီအချိန်က မေမေက ကလေးစာအုပ်လေးတွေ၊ ကာတွန်းလေးတွေဝယ်ပြီး ဖတ်ခိုင်းတာမျိုးက စတာပါ။ နောက်ပိုင်း ခြောက်တန်းလောက်ရောက်တော့ အိမ်ကဦးလေးတွေ၊ အစ်ကိုတွေဖတ်တဲ့ ဘောလုံးဂျာနယ်တွေ ယူဖတ်တယ်။ အဲဒီအချိန်ကတည်းက စာဖတ်နေရရင်ကို ပျော်နေတာပါ။ ဘာစာအုပ်ဖတ်ဖတ်ပေါ့။ *စာမျက်နှာ ၁၁ သို့*

# အင်းဝဘဏ်လီမိတက် စက်ဆန်းဘဏ်ခွဲ ဖွင့်လှစ်

**ရန်ကုန် ဩဂုတ် ၃၀**

အင်းဝဘဏ်လီမိတက် စက်ဆန်းဘဏ်ခွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါ ဘဏ်ခွဲပရဝဏ်တွင် ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်စိုးမိုး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီလင်းနှင့် အင်းဝဘဏ်လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သက်ပုံက အင်းဝဘဏ်လီမိတက် စက်ဆန်းဘဏ်ခွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ ဘဏ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ယနေ့ဖွင့်လှစ်လိုက်သော အင်းဝဘဏ်လီမိတက် စက်ဆန်းဘဏ်ခွဲသည် အင်းဝဘဏ်လီမိတက်၏ ၅၃ ခုမြောက် ဘဏ်ခွဲဖြစ်သည်။



အင်းဝဘဏ်လီမိတက်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများအကြား ငွေကြေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေလွယ်ကူချောမောစွာ လည်ပတ်နိုင်ရေး ဝန်ဆောင်မှုပေးလျက်ရှိသည်။

အင်းဝဘဏ်လီမိတက်အနေဖြင့် ပြည်တွင်းငွေလွှဲဝန်ဆောင်မှု လုပ်ငန်းများအပြင် ငွေစုဘဏ်အပ်ငွေအပေါ် အတိုးနှုန်း ၉ ရာခိုင်နှုန်းနှင့် စာရင်းသေအပ်ငွေအပေါ် ငွေစုဆောင်းသူများ၏ သဘောဆန္ဒအလျောက် စုဆောင်းသည့် အချိန်ကာလ အပိုင်းအခြားအလိုက်မူတည်၍ ၁၀ ရာခိုင်နှုန်းအထိ အတိုးနှုန်းများ ပေးအပ်လျက်ရှိပြီး စီးပွားရေးလုပ်ငန်းမတည်ရင်းနှီးလုပ်ကိုင်လိုသူများအတွက် ချေးငွေများ ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရမည်းသင်းမြို့ မေတ္တာရှင်(အခမဲ့)ဆေးခန်း သုံးနှစ်ပြည့်နှင့် ဆေးအလှူငွေပေးအပ်ပွဲကျင်းပ

**ရမည်းသင်း ဩဂုတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့ ရွှေပြည်သာအနောက်ကျောင်းတိုက်ရှိ မေတ္တာရှင်(အခမဲ့) ဆေးခန်း၏ သုံးနှစ်ပြည့်အထိမ်းအမှတ်နှင့် ဆေးပဒေသာပင် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၃၀ရက်က အဆိုပါကျောင်းတိုက်ပရိဝုဏ် ဘုရားသုံးဆူတန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မေတ္တာရှင်(အခမဲ့)ဆေးခန်းနာယက ရွှေပြည်သာအနောက်ကျောင်းတိုက်ဆရာတော် ဦးဣန္ဒက က ဩဝါဒကထာမိန့်ကြားပြီး ဆေးခန်းကြီးကြပ်ရေးကော်မတီနာယက ဗိုလ်ချုပ်ကိုကိုနိုင် (ငြိမ်း)၊ ဗိုလ်ကြီးဇော်မင်း(ငြိမ်း)တို့က အမှာစကားပြောကြားကာ ဆေးကုခန်း၏ ဝန်ဆောင်မှုနှင့် ဘဏ္ဍာရေးအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူငွေများ ပေးအပ်ရာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ပြီး စေတနာဖြင့် ကုသဝန်ဆောင်မှုပေးသော ဆရာဝန်အား လူမှုရေးဂုဏ်ပြုဆုလက်မှတ် ပေးအပ်ချီးမြှင့်သည်။

ရမည်းသင်းမြို့ မေတ္တာရှင် (အခမဲ့)ဆေးခန်းသည် ပင်မဆေးကုဌာန၊ ဆင့်ပွားဆေးကုဌာနနှင့် ကျေးရွာများသို့လည်း အခါအားလျော်စွာ ကွင်းဆင်းကုသခဲ့ရာ သုံးနှစ်အတွင်း လူနာပေါင်း ၁၂၀၀၀ ကျော် အခမဲ့ကုသပေးခဲ့ပြီးဖြစ်ကြောင်း၊ မေတ္တာရှင်(အခမဲ့) ဆေးခန်းသည် ရမည်းသင်းမြို့ ရွှေပြည်သာအနောက်ကျောင်းတိုက် ဘုရားသုံးဆူတန်ဆောင်းတွင် တည်ရှိကြောင်း သိရသည်။

**အတ်ကလေး(ရမည်းသင်း)**

# မိုင်းတုံမြို့၌ နမ့်တုံချောင်း ရေကြီးရေလျှံမှုကြောင့် လူနေအိမ်နှင့် လယ်မြေများရေလွှမ်းမှုဖြစ်

**မိုင်းဆတ် ဩဂုတ် ၃၀**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းတုံမြို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး နမ့်တုံချောင်း ရေကြီးရေလျှံမှုကြောင့် ဩဂုတ် ၃၀ ရက် နံနက် ၄ နာရီခွဲခန့်က မိုင်းဆတ်-မိုင်းတုံ-မိုင်းပန်ကားလမ်းမ ရေကျော်ခြင်း၊ နောင်ပါရင်ရပ်ကွက် အနိမ့်ပိုင်းရှိ လူနေအိမ် ၃၃ လုံး ရေဝင်ခြင်းနှင့် တောင်သူ ၂၁၇ ဦး၏ လယ်မြေ ၃၆၅ ဒသမ ၂၅ ဧက ရေနစ်မြုပ်ခြင်းများ ဖြစ်ပွားခဲ့သည်။

“ဒီနေ့ မနက် ၂ နာရီလောက်က စပြီး မိုးက သဲသဲမဲမဲရွာတာ။ မိုးရေချိန်က ၃ ဒသမ ၀၃ လက်မရှိတယ်လို့ သိရတယ်။ မနက် ၄ နာရီခွဲလောက်ကျတော့ ရေတွေ စတက်လာပြီး မိုင်းဆတ်-မိုင်းတုံ-မိုင်းပန်ကားလမ်းမပေါ်၊ နောင်ပါ ရင်ရပ်ကွက်နဲ့ ဝမ်နားရွာနားမှာ ရေတစ်ပေလောက်ကျော်ပြီး နောင်ပါရင် ရပ်ကွက်အနိမ့်ပိုင်းက လူနေအိမ်တွေမှာ ရေတစ်ပေလောက်ဝင်တယ်၊ တောင်ကျ ရေဆိုတော့ သစ်ကိုင်းတွေနဲ့ အမှိုက်တွေ မျောပါလာတာ၊ လမ်းမပေါ်တောင် ရောက်တယ်။ မနက် ၉ နာရီခွဲလောက်မှာ ရေတွေပြန်ကျသွားပါပြီ။ လယ်တွေက ရေမြုပ်နေသေးတော့ ပျက်စီးမှုအခြေအနေမသိရသေးဘူး” ဟု ဝမ်နားကျေးရွာနေ တောင်သူဦးစုစိန္တ က ပြောသည်။



မိုင်းဆတ်-မိုင်းတုံ-မိုင်းပန်ကားလမ်း ရေကျော်ပျက်စီးနေမှုကို တွေ့ရစဉ်။

အဆိုပါ တောင်ကျရေများစီးဆင်းမှုကြောင့် ကားလမ်းမပေါ်နှင့်တံတားတွင် တင်ရှိနေသော သစ်ကိုင်းနှင့် အမှိုက်များကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစောမူးလာ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေအောင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သောမတ် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များနှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မတော်သားများက ဝိုင်းဝန်းရှင်းလင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(ပြန်/ဆက်)**

---

*စာမျက်နှာ ၁၀ မှ*

နောက်တော့ ကျောင်းနဲ့ကျူရှင် လုံးလည်ချာလည်လိုက်ရင်း ဆယ်တန်းအထိ သိပ်မဖတ်ဖြစ်ပါဘူး။ ပညာရေးတက္ကသိုလ် (ပထမနှစ်) စတက်တော့ စီနီယာတစ်ယောက်ရဲ့ လမ်းညွှန်ပေးမှုကြောင့် စာအုပ်တွေနဲ့ ပြန်လည်ရင်းနှီးလာခဲ့ရပါတယ်။ အဲဒီကစပြီး ခုထိ ဆရာမောင်သာချို၊ ဦးဘုန်း(ဓာတု)၊ ဒေါက်တာ ခင်မောင်ညို၊ ဆရာချစ်ဦးညို၊ ဆရာဖေမြင့်၊ ဆရာမ ဂျူး၊ ပုညခင်၊ ဒေါက်တာ စိုးနန္ဒာထက် စတဲ့ သုတ၊ ရသစာအုပ်စာပေ အမျိုးအစားစုံလင်စွာ ဖတ်ဖြစ်လာခဲ့ပါတယ်။ အခုလက်ရှိဖတ်ဖြစ်နေတာကတော့ ပညာရေးနဲ့ပတ်သက်တဲ့ စာအုပ်တွေဖတ်ဖြစ်ပါတယ်။ ကျောင်းစာကြည့်တိုက်သာမက အမေရိကန်စင်တာမှ ပညာရေးစာအုပ်တွေပါ ငှားပြီး ဖတ်ဖြစ်နေပါတယ်။

ကျွန်မတို့ လူငယ်လူရွယ် (စာဖတ်ဝါသနာပါတဲ့) တက်ကြွသူများ၊ စီးပွားရေးတောင့်တင်းသော ရပ်မိရပ်ဖများ ပူးပေါင်းပြီး စာကြည့်တိုက်တွေကို မြို့ရွာ၊ ကျေးလက်မကျန် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွင့်လှစ်ချင်ပါတယ်။ ကျောင်းစာကြည့်တိုက်များလည်း စနစ်တကျအသုံးချပြီး ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ကူညီလုပ်ဆောင်ချင်ပါတယ်။

ကျွန်မက ပညာရေးသမားပီပီ အနာဂတ်ကလေး(လူငယ်)တွေကို စိတ်ဓာတ်ကောင်း၊ အတွေးအခေါ်ကောင်း၊ အပြုအမူကောင်းတွေ ပေးဝေနိုင်သောသူ၊ မိမိနိုင်ငံအတွက် အားကိုးအားထားပြုနိုင်သော ပညာရေးသမားကောင်းတစ်ယောက် ဖြစ်ချင်ပါတယ်။

ကျွန်မတို့ မြန်မာလူမျိုးတွေ စာဖတ်အားနည်းတယ်လို့ ထင်ပါတယ်။ ဖြစ်စေချင်တာက ကလေး၊ လူငယ်၊ လူလတ်၊ လူကြီး အရွယ်အားလုံး စာအုပ် စာပေဖတ်ရှုသင့်ပါတယ်။ အဆုံးသတ်အနေနဲ့ ဆရာသိန်းနိုင် (ပါမောက္ခ -ပညာရေး) စာအုပ်ထဲမှ “စာဖတ်ခြင်း ဓလေ့ဖြင့်သာ ငြိမ်းချမ်းသော ဒီမိုကရေစီလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်လိမ့်မည် မဟုတ်ပါလော”။ ဒါကြောင့် ကျွန်မတို့ ပြည်သူလူထုအားလုံး စာဖတ်ကြပါစို့လို့ တိုက်တွန်းချင်ပါတယ်။



မခိုင်ဆွေဇင်သက်



မောင်အောင်ကျော်ဆင့်



မမေရတနာဦး



မောင်ကျော်လင်း

**မောင်အောင်ကျော်ဆင့် (ရန်ကုန်နည်းပညာတက္ကသိုလ်)**

စာပေဆိုတာကို ငယ်စဉ်ကျောင်းစတက်ကတည်းက ရင်းနှီးကျွမ်းဝင်ဖြစ်ခဲ့ပါတယ်။ လူဆိုတာ ကိုယ်တိုင်ပါဝင်နိုင်မှသာလျှင် အမှန်တကယ် စိတ်ဝင်စားတာဖြစ်ပါတယ်။ စာပေဆိုတာ၊ စာဆိုတာ ကိုယ်တိုင်ပါဝင်ရတာမျိုးဖြစ်လို့ စိတ်ဝင်စားမှုဆိုတာ အချိန်ကာလနဲ့ သတ်မှတ်လို့မရပါဘူး။

ပညာရေးပြောင်းလဲနိုင်ဖို့ဆိုတာ ငြိမ်းချမ်းရေးနဲ့ တိုက်ရိုက်သက်ဆိုင်ပါတယ်။ ပညာရေးတင်မက အရာအားလုံးပါ။ ဖက်ဒရယ်ပြည်ထောင်စု ဖက်ဒရယ်မူဝါဒ မရသေးသရွေ့ ပြည်ထောင်စုရဲ့တိုးတက်မှုများကို လွတ်လပ်စွာ ဆောင်ကြဉ်းပေးနိုင်မှာ မဟုတ်ပါဘူး။

ကျွန်တော့်အနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် အင်အားလေးတစ်ခု ဖြစ်ခွင့်ရချင်ပါတယ်။ လူငယ်တွေဟာ အင်အားသစ်တွေနဲ့ အမှန်တကယ် အကျိုးဆောင်ဖို့ ရှိနေတာသေချာပါတယ်။

**မမေရတနာဦး (ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)**

စာပေကို ကိုးတန်း၊ ဆယ်တန်းလောက်မှာ စပြီးစိတ်ဝင်စားလာတယ်။ ပညာရေးအပေါ်အမြင်ကတော့ System ပိုင်း၊ Teaching Method စသည်ဖြင့် ပြုပြင်ပြောင်းလဲမှုတွေ များစွာလုပ်ဖို့ လိုအပ်နေသေးတယ်လို့ မြင်ပါတယ်။

လူငယ်တွေထဲမှာ တိုးတက်လိုစိတ်ရှိတဲ့သူတွေ၊ ကြိုးစားချင်စိတ်ရှိတဲ့ လူတွေ အများကြီးပါ။ လူကြီးတွေက ထောက်ပံ့အားပေးဖို့ လိုအပ်ပါတယ်။ ဒါမှ ထူးချွန်တဲ့ကလေးတွေ၊ လူငယ်တွေ များစွာထွက်ပေါ်လာပြီး နိုင်ငံ့အကျိုး ထမ်းဆောင်နိုင်မှာပါ။

**မောင်ကျော်လင်း (ရန်ကုန်တက္ကသိုလ်)**

ဘယ်အချိန်ကစပြီး စာပေကို စစိတ်ဝင်စားတာလဲဆိုတဲ့ မေးခွန်းကို ရိုးရိုးသားသားဖြေရရင်တော့ ဆယ်တန်းပြီးမှလို့ ပြောရမှာပါပဲ။ ဆယ်တန်းအထိဆိုရင် အကုန်လုံးသိကြတဲ့အတိုင်း စာသင်နေရတာက အကြောင်းတရား ဂုဏ်တွေအတွက်ပဲ သင်နေရသလို ပြိုင်ဆိုင်မှုဆိုတာတွေလည်း ပါလာသေးတယ်။ တကယ်တော့ စာပေဆိုတာက ပျော်ရွှင်မှုတွေ၊ လွတ်လပ်မှုတွေနဲ့ ခရီးနှင်ရတဲ့အရာပါ။ တစ်ပြိုင်နက်တည်းမှာ စာပေဟာ ဘဝရဲ့အာဟာရလည်းဖြစ်သလို စွမ်းအားလည်း ဖြစ်နေပါတယ်။

အနာဂတ်မှာ ကျွန်တော်က နိုင်ငံရေးနယ်ပယ်ထဲဝင်ဖို့ ဆုံးဖြတ်ထားပါတယ်။ တိတိကျကျပြောရရင်တော့ ပါတီနိုင်ငံရေးလုပ်မယ်ပေါ့။ ဒါပေမယ့် ဒါကကြာဦးမှာပါ။ နောက် အနည်းဆုံး ဆယ်နှစ်လောက်တော့ နိုင်ငံရေး အုပ်ချုပ်ရေးနဲ့ဆိုင်တဲ့ ပညာရပ်တွေကို ထဲထဲဝင်ဝင် လေ့လာချင်ပါသေးတယ်။ ။

**သတင်းအဖွဲ့**

# ဆွာချောင်းရေလှောင်တမံ ရေပိုလွှဲကျိုးပျက်၍ ပျက်စီးမှုဖြစ်ပေါ်ခဲ့သော လမ်း၊ တံတားများအား အချိန်နှင့်တစ်ပြေးညီပြုပြင်လျက်ရှိ

**ရေတာရှည် ဩဂုတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ဆွာမြို့တောင်ဘက် ရွှေသပြေကျေးရွာအနီး၌ ရန်ကုန်- မန္တလေးပုံမှန်ကားလမ်း တံတားအမှတ် ၁၉၉/၄ သည် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ဆည်ရေများ တိုက်စားမှုကြောင့် ကျိုးပျက်ပါသွားခဲ့ပြီး ယာဉ်အသွားအလာမှာ ယနေ့အထိပြတ်တောက်လျက်ရှိရာ အိုရီယံတယ် ဟိုင်းဝေးကုမ္ပဏီမှ တာဝန်ရှိသူများ၊ နယ်မြေခံတပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပြီး စက်ယန္တရားများဖြင့်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ တံတားပျက်စီးမှုကြောင့် လူကူးနိုင်ရန် ယာယီတံတားတစ်ခုကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ရွှေသပြေကျေးရွာသည် ရန်ကုန်-မန္တလေးကားလမ်း၏ ခွလျက်တည်ထားသည့်ကျေးရွာဖြစ်ကာ ဆည်ရေများ တရကြမ်းဝင်ရောက်လာသည့်အတွက် လူနေအိမ် ၁၂ လုံး ရေနှင့်အတူ မျောပါသွားခဲ့ပြီး လူနေအိမ် ၂၆ လုံး ယိုင်လဲပျက်စီးကာ နွားလေးကောင်၊ ဝက် ၃၄ ကောင် ရေနှင့်အတူ မျောပါသွားခဲ့ကြောင်း ကျေးရွာရာအိမ်မှူး ဦးမောင်ခိုင်က ပြောသည်။

"ပျက်စီးဆုံးရှုံးမှုကတော့ မရေတွက်နိုင်အောင်ပါပဲ။ လူနေအိမ်၊ အိမ်မွေးတိရစ္ဆာန်တွေ ဆုံးရှုံးကြရတဲ့အပြင် အိမ်သုံးပစ္စည်းတွေအားလုံး ဆုံးရှုံးကုန်တယ်။ ရေအားကများတော့ ဘာတစ်ခုမှကို သိမ်းဆည်းချိန်မရလိုက်ဘူး။ လူတွေအားလုံး ကိုယ်လွတ်ရုန်းထွက်ပြေးကြရတယ်" ဟု ဦးမောင်ခိုင်က ဆက်လက်ပြောသည်။

ထို့အပြင် ရန်ကုန်-မန္တလေးကားလမ်းအတိုင်းမောင်းနှင်လာသည့် ၁၂ ဘီးကုန်တင်ယာဉ်တစ်စီးမှာ မောင်းနှင်နေစဉ် ရေလုံးကြီးကျဆင်းလာသည်နှင့်တိုးကာ ကားလမ်းအရှေ့ဘက် နှစ်ဖာလုံခန့်အကွာ ဆွာချောင်းကမ်းပါးနားအထိ လိမ့်ပါသွားခဲ့ပြီး ယာဉ်မောင်းနှင်သူနှင့် ယာဉ်နောက်လိုက်တို့မှာ ယာဉ်ကိုဖက်တွယ်ထားနိုင်ခဲ့သည့်အတွက် အသက်ချမ်းသာရာရခဲ့ကြောင်း ကိုယ်တိုင်မြင်တွေ့ခဲ့သော ဦးဝင်းမြင့်က ပြောသည်။

ထို့ပြင် ဆွာမြို့တောင်ဘက်အထွက်မှ ဆွာချောင်းတံတားအကြား အရှည်နှစ်ဖာလုံခန့်ရှိ ရန်ကုန်-မန္တလေးရထားလမ်း အစုန်-အဆန်လမ်းပိုင်းနှစ်ခုလုံး ရေအားကြောင့် ရွေ့ပါသွားခဲ့ပြီး အောက်ခံမြေသားများပါတိုက်စားသွားခဲ့သည့်အတွက် ရထားခရီးစဉ်များပိတ်ထားရကြောင်း မီးရထားတာဝန်ရှိသူတစ်ဦးက ပြောသည်။

"လောလောဆယ် အုတ်တွင်းမြို့နယ် ခပေါင်းဘက်မှာလည်း ရထားလမ်းရေကျော်ထားတဲ့ ကွေ့နေရာကိုအရင်လုပ်နေရတယ်။ ဒီရထားလမ်းပိုင်းကပိတ်လိုက်ပြီ။ တောင်ငူနဲ့ရန်ကုန် ရထားတွေသွားလာနိုင်အောင်လို့ပါ။ ဒီဘက်ကတော့ရေပြန်ကျအောင်စောင့်ရဦးမှာ၊ အနောက်ဘက်က အဆန်လမ်းပိုင်းကို အရင်ဆုံး ရထားသွားနိုင်အောင် ဆောင်ရွက်ရမှာဆိုတော့ အနည်းဆုံးတစ်ပတ်လောက်ကြာနိုင်ပါတယ်။ ဒီဘက်အစုန်လမ်းပိုင်းကျတော့ အောက်ခံမြေသားတွေပြန်ဖို့ရမယ့် လုပ်ငန်းတွေပါလာတော့ စက်ယန္တရားတွေဝင်နိုင်ဖို့ ရေပြန်ကျအောင်စောင့်ရမှာနဲ့ဆိုရင် တစ်လလောက်ကြာနိုင်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။



ဆွာချောင်းရေလှောင်တမံပျက်စီး၍ ရေကြီးမှုကြောင့် ပျက်စီးခဲ့သည့် ရန်ကုန်-မန္တလေးမီးရထားလမ်းပိုင်းတစ်နေရာ

လတ်တလောအားဖြင့် ရန်ကုန်-မန္တလေးသို့ ခရီးသွားလိုသူများသည် အမြန်လမ်းပိုင်းတစ်ခုတည်းသာ သွားလာနိုင်ပြီး ယနေ့ညနေပိုင်း လမ်းဟောင်းဘက်ရှိ ကျိုးပြတ်သွားသောတံတားအား ယာယီသွားလာနိုင်ရန် ဆောင်ရွက်နိုင်ပါက ရေတာရှည်မြို့နှင့် ဆွာမြို့တို့တွင် ပိတ်မိနေသော ကုန်တင်ယာဉ်စီးရေ ၅၀၀ ခန့် စတင်ထွက်ခွာနိုင်ကြမည်ဖြစ်သည်။

**ကိုလွင်(ဆွာ)**



## ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာရွာသွန်း၍ မြို့နယ်သုံးမြို့နယ်၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်

**မြစ်ကြီးနား ဩဂုတ် ၃၀**

ကချင်ပြည်နယ် မြစ်ကြီးနား၊ ဗန်းမော်နှင့် မိုးမောက်မြို့နယ်များ၌ ဩဂုတ် ၃၀ ရက် နံနက်ပိုင်းက မိုးသည်းထန်စွာရွာသွန်းခဲ့၍ ကားလမ်းရေကျော်မှုများ၊ လူနေအိမ်ခြေများအတွင်း ရေဝင်ရောက်မှုများဖြစ်ပေါ်ခဲ့ကြောင်း ပြည်နယ်မီးသတ်ဦးစီးမှူးရုံးမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးဇေယျာမျိုးထံမှ သိရသည်။

ယနေ့နံနက် ၆ နာရီက ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းပြီး တောင်ကျချောင်းရေများ စီးဆင်းခဲ့မှုကြောင့် ဗန်းမော်-မန္တလေးကားလမ်းမပေါ်တွင် ရေထုတစ်ပေကျော်ဖုံးလွှမ်းခဲ့ရာ မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးအောင်ကိုကို ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစေရန် အန္တရာယ်ရှိနိုင်သည့်နေရာများ၌ အချက်ပြကြိုးတား အမှတ်အသားများ ပြုလုပ်ပေးကာ ခရီးသည်နှင့် ခရီးသည်များ၏ ပစ္စည်းများအား ကူညီသယ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထို့အတူ မိုးမောက်မြို့နယ်အတွင်း တောင်ကျရေများ စီးဆင်းခဲ့မှုကြောင့် အလင်းကောင်ရပ်ကွက်အောက်ချိုင့်ရှိ လူနေအိမ် ၃၀ ခန့်အတွင်း ရေဝင်ရောက်ခဲ့၍ မိုးမောက်မြို့နယ် မီးသတ်စခန်း တာဝန်ခံ ဦးစိုးသူထိုက် ဦးဆောင်သည့် မီးသတ်တပ်ဖွဲ့ဝင်များက လူနေအိမ်များမှ လူနှင့်ပစ္စည်းများအား ကူညီရွှေ့ပြောင်းပေးခဲ့ကာ မိုးမောက် - လွယ်ဂျယ်ကားလမ်းမကြီး အလျားပေ ၁၀၀၊ အနံ ၁၀ ပေခန့် ပျက်စီးသွားခဲ့၍ ဆောက်လုပ်ရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးဇင်ဘိုမောင်နှင့်အဖွဲ့က လမ်းကောင်းမွန်စေရန် ပြုပြင်လျက်ရှိကြောင်း သိရသည်။

အလားတူ မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ တောင်ပင်လယ်ကျေးရွာ၌ တောင်ကျရေများ စီးဝင်ခဲ့မှုကြောင့် ကျေးရွာအတွင်း ရေငါးပေခန့် ဝင်ရောက်လျက်ရှိရာ ဆင်ဘိုမီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ဆွာချောင်းရေလှောင်တမံ၏ ရေပိုလွှဲကျိုးပေါက်မှုကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များ သွားရောက်ကူညီ

**နေပြည်တော် ဩဂုတ် ၃၀**

ဩဂုတ် ၂၉ ရက် နံနက် ၆ နာရီ မိနစ် ၂၀ က ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်း မိုင်တိုင်အမှတ် ၁၆၅/၀ အနောက်ဘက် လေးမိုင်ခန့်အကွာ၌ရှိသော ဆွာချောင်းရေလှောင်တမံ၏ ရေပိုလွှဲနံရံ ကျိုးကာ ရေများအလုံးအရင်းဖြင့် စီးဆင်းလာသဖြင့် ပတ်ဝန်းကျင်ကျေးရွာများသို့ ရေဝင်ရောက်ခြင်း၊ ကားလမ်းနှင့် ရထားလမ်းများရေကျော်မှုကြောင့် သွားလာမှုခက်ခဲခြင်းများ ဖြစ်ပွားခဲ့သည်။

အဆိုပါ ရေကြီးရေလျှံဖြစ်ပွားသည့်နေရာများ၌ ရဲတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များက ဩဂုတ် ၂၉ ရက်နှင့် ၃၀ ရက်တွင် သွားရောက်ကူညီဆောင်ရွက်လျက်ရှိပြီး ရေဘေးသင့် ပြည်သူများအား ကူညီရာတွင် တောင်ငူမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့များကလည်းကောင်း၊ ကယ်ဆယ်ရေးပစ္စည်းများအား အတင်အချပြုလုပ်ရာတွင် ရဲမှူး ခရစ္စတိုဖာ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များပါဝင်သည့်ပူးပေါင်းအဖွဲ့များ၊ ယာယီ ကယ် ဆယ် ရေး စ ခန်း များ သို့ ပြည်သူများ ရွှေ့ပြောင်းသွားလာရာ လမ်းတစ်လျှောက် လုံခြုံမှုနှင့်ကယ်ဆယ်ရေးစခန်းများတွင် ရေဘေးသင့်ပြည်သူများ လုံခြုံရေးအတွက် သက်ဆိုင်ရာ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ ပါဝင်သည့် ပူးပေါင်းအဖွဲ့များ၊ အမြန်လမ်းမကြီးတွင် အမြန်လမ်းမ ကြီး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက အသီးသီး ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေပြည်တော်အခြေပြု၍ ရန်ကုန်သို့ ပြေးဆွဲနေသော ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲလျက်ရှိ

**နေပြည်တော် ဩဂုတ် ၃၀**

ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက အမြန်လမ်းမိုင်တိုင်အမှတ် ၁၆၅ မိုင် ၁ ဖာလုံရှိ ဆွာချောင်းတံတား ရေကြီးမှုဖြစ်ပေါ်ကာ ရန်ကုန်မှ မန္တလေးဘက်အခြမ်းတံတား၏ အလယ်ထောက်တိုင်နှစ်တိုင် နိမ့်ကျမှုဖြစ်ကာ ယင်းနေ့ နံနက် ၇ နာရီမှ စတင်ကာ အမြန်လမ်းမကြီးမှ ယာဉ်လိုင်းများဖြတ်သန်းမှု ခေတ္တပိတ်ခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးမှုဖြစ်ပေါ်သော ဆွာချောင်းတံတားနေရာသို့ ယင်းနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ကောင်စီဝင် နေပြည်တော် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်း၊ (မ.ထ.သ အဝေးပြေး) ဥက္ကဋ္ဌ ဦးဝင်းဆွေနှင့် တာဝန်ရှိသူများသွားရောက်ပြီး ဆွာချောင်းတံတား၏ နေပြည်တော်ဘက်ခြမ်းမှ ရန်ကုန်ဘက်သို့ သွားရမည့် Express ယာဉ်များအား ဖြတ်သန်းခြင်း ခေတ္တတားမြစ်ကာ ခရီးသည်များ၏ လက်မှတ်ခများ ငွေပြန်အမ်းပေးခြင်း၊ ခရီးစဉ်ပြောင်းရွှေ့စီစဉ်မှုများ ပြုလုပ်ပေးခဲ့ကြောင်းနှင့် ယင်းနေ့ မွန်းလွဲ ၂ နာရီတွင် Express ယာဉ်များ ပုံမှန်အတိုင်းပြေးဆွဲလျက်ရှိကြောင်း နေပြည်တော် (မ.ထ.သ အဝေးပြေး) မှ ဒု-ဌာနမှူး ဦးစိုးကြီး၏ ပြောပြချက်အရ သိရသည်။

အမြန်လမ်းမကြီးတွင် ဩဂုတ် ၂၉ ရက် မွန်းလွဲ ၂ နာရီတွင် Express ယာဉ်များ ပုံမှန်အတိုင်းသွားလာခွင့်ပြုသော်လည်း Express ယာဉ်တစ်စီးတွင် ယာဉ်+လူ တန် ၂၀ ထိသာ ခွင့်ပြုခြင်းဖြစ်၍ ယာဉ်၏ ဝမ်းဗိုက်အတွင်းတွင် ပစ္စည်းတင်ဆောင်မှုများပြားခြင်းကြောင့် ယာဉ်+လူ တန် ၂၀ ထက်ပိုမိုသည့် Express များကို မောင်းနှင်ခွင့်မပြုကြောင်းနှင့် လက်ရှိ နေပြည်တော်မှ အခြေပြု၍ ရန်ကုန်ဘက်သို့ ပြေးဆွဲနေသော ယာဉ်လိုင်း ၂၂ လိုင်းရှိကာ ယာဉ်အစီးရေ ၅၀ မှ ၆၀ ထိ နေ့စဉ်ပြေးဆွဲလျက်ရှိကြောင်း သိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

❍ *ကျောဖုံးမှ*

အတွက် ဩဂုတ် ၁၁ ရက်မှစ၍ ပဏာမကစားသမား ၂၆ ဦးဖြင့် လေ့ကျင့်ပြင်ဆင်မှုများပြုလုပ်ခဲ့ပြီး ကစားသမားလေးဦး လျှော့ချခဲ့ခြင်းဖြစ်သည်။ မြန်မာ ယူ-၂၁ အသင်း လျှော့ချလိုက်သည့် ကစားသမားလေးဦးတွင် လက်မောင်းရိုးကျိုးဒဏ်ရာရခဲ့သည့် အောင်ကောင်းမာန် အပါအဝင် စအောင်ပြည့်ကို၊ နေသူရအောင်နှင့် ရဲနိုင်ဦးတို့ ကျန်ရစ်ခဲ့သည်။ မြန်မာ ယူ- ၂၁ အသင်းသည် ယင်းပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန် ရက် ၂၀ ကျော်ရခဲ့ပြီး မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများဖြစ်သည့် ရှောဝတီ၊ ရှမ်းယူနိုက်တက်အသင်းတို့နှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုဖွဲ့စည်းထားသည့် ယူ-၂၁ အသင်းကို (ခ) အသင်းအဖြစ် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ၂၀၁၉ ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၁ (က) အသင်းအား အထောက်အကူပြုနိုင်ရန် ရည်ရွယ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

တရုတ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲကို စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အိမ်ရှင်တရုတ်အသင်းနှင့်အတူ မြန်မာ၊ တာဂျစ်ကစ္စတန်၊ ဥဇဘက်ကစ္စတန်အသင်းတို့ ပတ်လည်စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**

## မြန်မာ့လက်ရွေးစင် ဘော်လီဘောအသင်း အဆင့် ၁၁ နေရာရရှိ

**ဂျကာတာ ဩဂုတ် ၃၀**

အာရှအားကစားပြိုင်ပွဲ၏ အမျိုးသားဘော်လီဘောပြိုင်ပွဲ အဆင့် ၁၁ နေရာလုပွဲအဖြစ် မြန်မာအသင်းနှင့် အိန္ဒိယအသင်းသည် ယနေ့နံနက်ပိုင်းက အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းက သုံးပွဲ-နှစ်ပွဲဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် အိန္ဒိယအသင်းကို အကြိတ်အနယ်ယှဉ်ပြိုင်ကာ အနိုင်ရခဲ့ခြင်းဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၂၀ တွင် အဆင့် ၁၁ နေရာ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပွဲငယ်နှင့် တတိယပွဲငယ်တွင် အနိုင်ရသော်လည်း ဒုတိယပွဲငယ်နှင့် စတုတ္ထပွဲငယ်တွင် အရေးနိမ့်ခဲ့သောကြောင့် ငါးပွဲအထိ ယှဉ်ပြိုင်ကစားခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် အိန္ဒိယအသင်းကို ၂၅-၂၁ မှတ်၊ ၁၈-၂၅ မှတ်၊ ၂၇-၂၅ မှတ်၊ ၁၅-၂၅ မှတ်၊ ၁၅-၁၃ မှတ်ဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် အာရှထိပ်တန်းအသင်းများနှင့် ယှဉ်ပြိုင်ရသော်လည်း လက်စွမ်းပြကစားနိုင်ခဲ့ပြီး ရလဒ်ကောင်းရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**ရဲရင့်ရှိုင်း**

## လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

**နေပြည်တော် ဩဂုတ် ၃၀**

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့် မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

**မိုး/ဇလ**

## သူဌေးကုန်း အမက၌ ဗီတာမင်အေနှင့် သန်ချဆေးများတိုက်ကျွေး

**နေပြည်တော် ဩဂုတ် ၃၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ပျဉ်းမနားမြို့နယ် သူဌေးကုန်း အခြေခံပညာမူလတန်းကျောင်းတွင် ဩဂုတ် ၂၉ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးလက်ကျန်းမာရေးဌာန လက်အောက်ရှိ ကင်ပွန်းတန်းကျေးလက်ကျန်းမာရေးဌာနခွဲမှ ကျန်းမာရေးကြီးကြပ် (၂) ဒေါ်ဆွေဆွေလှိုင်တို့က ကျောင်းသားကျောင်းသူ ၁၅၈ ဦးအား ဗီတာမင်အေ၊ မျက်စိအားဆေးနှင့်သန်ချဆေးများ တိုက်ကျွေးခဲ့ကြောင်း သိရသည်။

**သူဇာလှိုင်(စက်မှု)**

# တာချီလိတ်၌ဆိုင်ကယ်လုယက်သူအား ဖမ်းဆီးရာမှ ရွှေဆိုင်အတွင်း သေနတ်ဖြင့် ပစ်ခတ်လုယက်မှုပေါ်ပေါက်




**တာချီလိတ် ဩဂုတ် ၃၀**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့ ဆန်ဆိုင်း(က)ရပ်ကွက် ဗယ်လင်တိုင်း ဟိုတယ်အနီး ဆိုင်ကယ်တက္ကစီသမား၏ လည်ပင်းကို သေနတ်ဖြင့် ပစ်ခတ်ပြီး ဆိုင်ကယ်လုယက်သွားသော ပြစ်မှုကျူးလွန်သူကို ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီက ဖမ်းဆီးစစ်ဆေးရာမှ ရွှေဆိုင်အတွင်း သေနတ်ဖြင့် ပစ်ခတ်လုယက်မှု ထပ်မံပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တာချီလိတ်မြို့၌ ဆိုင်ကယ်လုယက်မှုနှင့် ဒိုင်းမွန်းရွှေဆိုင် လုယက်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေးအတွက် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် ဇော်ခင်အောင်၊ ရဲမှူးကြီး မင်းအောင်၊ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ပေါ်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းနုတို့၏ ကြီးကြပ်မှုဖြင့် မြို့မစခန်း ဒုရဲမှူး မျိုးခိုင်နှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၉ ရက် ညနေ ၅ နာရီခန့်တွင် ဆန်ဆိုင်း (ခ) ရပ်ကွက် အားကစားရုံ အနီး ဆိုင်ကယ်ဝယ်/ရောင်းဆိုင်၌ ဆန်ဆိုင်း(က)ရပ်ကွက် ဗယ်လင်တိုင်း ဟိုတယ်အနီး ဆိုင်ကယ်တက္ကစီသမား၏ လည်ပင်းကို သေနတ်ဖြင့် ပစ်ခတ်ပြီး လုယက်သွားသည့် ဆိုင်ကယ်ကို စတင်တွေ့ရှိပြီး ဆိုင်ကယ်ဝယ်ရောင်းသူအား စစ်ဆေးရာ အဆိုပါဆိုင်ကယ်ကို လွန်ခဲ့သည့် ၁၂ ရက် ခန့်က မိုင်းပျဉ်းမြို့နယ် တာကော်(၂)မိုင်နေ စိုင်းလှဝင်း(၂၂ နှစ်) ဆိုသူက လာရောက်ရောင်းချသဖြင့် ထိုင်းဘတ်ငွေ ၁၁၀၀၀ ဖြင့် ဝယ်ယူခဲ့ကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့သည် မိုင်းပျဉ်းမြို့နယ် တာကော်(၂)မိုင်သို့ သွားရောက်ပြီး စိုင်းလှဝင်းအား ဩဂုတ် ၂၉ ရက် ညနေ ၆ နာရီက ဖမ်းဆီးရမိခဲ့သည်။

စိုင်းလှဝင်းကို စစ်ဆေးချက်အရ ဆိုင်ကယ်တက္ကစီသမား၏ လည်ပင်းကို သေနတ်ဖြင့်ပစ်ပြီး လုယက်သွားမှုနှင့် ဒိုင်းမွန်းရွှေဆိုင်လုယက်မှု ကျူးလွန်သူဖြစ်ကြောင်းနှင့် ၎င်းအသုံးပြုသည့် ပွိုင့် ၂၂ သေနတ်နှင့် ယင်းကျည် ၁၃ တောင့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ ဖြစ်စဉ်နှင့် ပတ်သက်၍ တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

## မြန်မာ့ရုပ်မြင်သံကြား

၃၁ -၈- ၂၀၁၈(သောကြာနေ့)

**နံနက်ပိုင်း**

- ၆ း ၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇ း ၀၀ - Breakfast News
- ၇ း ၃၅ - MRTV Travelogue
- ၈ း ၃၅ - “မီးတစ်ပွင့်ရဲ့ရာဇဝင် ” (အပိုင်း- ၅)
- ၉ း ၂၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၁၀ း ၃၀ - လူမှုစီးပွားမြင်ကွင်းများ
- ၁၁ း ၁၅ - ပြည်သူ့နီတိ “ထမင်းဝိုင်း ” (စတုတ္ထပိုင်း) (နွဲ့နွဲ့စန်း၊ ဝင်းမြင့်၊ ပန်းသော်တာ၊ ပေါ်လေး၊ အိမ့်ကြာဖြူ) (ဒါရိုက်တာ- မိုးဇော်ကို)
- ၁၁ း ၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၂ း ၃၅ - “ကံကံ၏အကျိုး” ကျော်သူ၊ ရီဝေယံ၊မေသဥ္စာဦး၊ မြတ်ကေသီအောင် (ဒါရိုက်တာ- မောင်နှင်းမိုး)
- ၁၄ း ၀၀ - မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း- ၄) (ဒါရိုက်တာ- ကြည်စိုးထွန်း၊ အကယ်ဒမီမောင်မောင်)
- ၁၄ း ၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ “အကယ်၍သာ”(အပိုင်း-၁၅)
- ၁၅ း ၃၅ - “ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ”(ရန်ကုန်)

**ညပိုင်း**

- ၁၆ း ၂၅ - “1 On 1 Football skills Challenge Cup ပြိုင်ပွဲအစီအစဉ်”
- ၁၇ း ၁၀ - ကျန်းမာရေးမဂ္ဂဇင်း “တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာ”
- ၁၇ း ၂၀ - Catch Asia News
- ၁၇ း ၃၀ - Weekly Sport Info
- ၁၈ း ၂၀ - BBC Click
- ၁၈ း ၃၀ - “ပြည်တွင်းလက်မှုဂုဏ်ဆောင် ပခုက္ကူချည်စောင် ”
- ၁၈ း ၄၅ - သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် “ဟီးဟီးဟားဟား”(မြင့်မြတ်၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံ) (ဒါရိုက်တာ- ပြည်ဟိန်းသီဟ)
- ၁၉ း ၁၅ - “မမျှော်လင့်သောဖိတ်ခေါ်သံ” မိုးယံဇွန်၊ ထူးခြားဇင်မျိုး၊ ခင်ဇာခြည်ကျော်၊ ဂန္ဓဝင်၊ ပိုင်ဖြိုးသု (ဒါရိုက်တာ- ကျော်နှင်းဆီ)
- ၁၉ း ၄၀ - “စိမ်းလန်းပြီးရေရှည်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောများ၏ အခန်းကဏ္ဍ”
- ၂၀ း ၀၀ - ပြည်တွင်းသတင်း နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀ း ၃၅ - “နိုင်ငံရေးပါတီများ ရွေးကောက်ပွဲနှင့်ဥပဒေ”
- - Britain's Got Talent (17)
- - လက်ငင်းဝဋ် (အပိုင်း- ၂) ဝေဖြိုးဟိန်း၊ ဖူးသန့်ကိုကို၊ သိန်းဇံ (ဒါရိုက်တာ-အောင်ဟိန်း)

# တနိုင်းမြို့၌ ခရီးသည်အမျိုးသားတစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**တနိုင်း ဩဂုတ် ၃၀**
ကချင်ပြည်နယ် တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့နယ်၌ ခရီးသည်အမျိုးသား တစ်ဦးထံမှ မူးယစ်ဆေးဝါးများ ဩဂုတ် ၂၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဖြစ်စဉ်မှာ တနိုင်းမြို့နယ် ရှင်ဗွေယန်မြို့ အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းကျော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် မွန်းတည့် ၁၂ နာရီခန့်က တနိုင်းမြို့နှင့် ၁၀ မိုင်ခန့်ဝေးသော ခလုံကျေးရွာ လမ်းထိပ်တွင် တနိုင်းမြို့မှ ရှင်ဗွေယန်မြို့သို့ မောင်းနှင်လာသည့် ပရိဘောဂယာဉ်ကို ရှောင်တခင် စစ်ဆေးရာ ကားပေါ်တွင် လိုက်ပါလာသော ခရီးသည် နေမျိုး (၃၈ နှစ်)၏ ဆာလာအိတ်အတွင်း၌ ဘိန်းဖြူမှုန့် ဆပ်ပြာခွက် ခုနစ်ခွက် (အလေးချိန် ၇၇ ဂရမ်)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀ ကို ရှာဖွေတွေ့ရှိခဲ့သဖြင့် ရှင်ဗွေယန်မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်းသိရသည်။

**ဆီမီးခုံ-နန်းရီ**

# သာစည်မြို့နယ်၌ ဆုမဲကိစ္စဖြင့် အမျိုးသမီးချင်း ဓားဖြင့်ထိုးသတ်

**မိတ္ထီလာ ဩဂုတ် ၃၀**
မိတ္ထီလာခရိုင် သာစည်မြို့နယ် ရှင်ရဲတစ်ထောင်ဘုရားအနီးတွင် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲက မိတ္ထီလာမြို့နယ် ညောင်ကန်ကျေးရွာနေ ဒေါ်စန်းစန်းမြင့် (၅၂ နှစ်)သည် အိမ်တွင်ရှိနေစဉ် သမီးဖြစ်သူ မဆုရည်နှင်း (၂၅ နှစ်)သည် ဒဏ်ရာများရရှိပြီး သာစည်ဆေးရုံတွင် ရောက်ရှိနေကြောင်းသိရသဖြင့် သွားရောက်ကြည့်ရှုရာ မဆုရည်နှင်းအား လည်ပင်းရှေ့လည်မျိုတွင် ထိုးသွင်းဒဏ်ရာတစ်ချက်နှင့် ရင်ညွန့်အလယ်တွင် ထိုးသွင်းဒဏ်ရာ တစ်ချက်ဖြင့် သေဆုံးနေသည်ကိုတွေ့ရသည်။

စုံစမ်းမေးမြန်းရာ သာစည်မြို့ ရှင်ရဲတစ်ထောင်အနီးတွင် တိုယိုဗစ်အမျိုးအစားယာဉ်ပေါ်၌ မဆုရည်နှင်းနှင့် မလင်းလင်းအောင်တို့ ဆုမဲကိစ္စနှင့်ပတ်သက်ပြီး စကားများရန်ဖြစ်ရာ မဆုရည်နှင်းအား မလင်းလင်းအောင်က အရိုးအသွားတစ်ပေခန့်ရှိ ဓားဦးချွန်ဖြင့် ထိုးရာမှ အခင်းဖြစ်နေရာတွင်ပင် သေဆုံးသွားခြင်းဖြစ်သည်။ မဆုရည်နှင်း၏ မိခင် ဒေါ်စန်းစန်းမြင့်က တရားလိုပြုလုပ်၍ သာစည်မြို့နယ်ရဲစခန်းတွင် အမှုဖွင့်တိုင်ကြားရာ သာစည်မြို့နယ်ရဲစခန်းက မလင်းလင်းအောင်ကို ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

# မြဝတီမြို့၌ မူးယစ်တပ်ဖွဲ့စုမှူး၏နေအိမ် ဖောက်ထွင်းသူအား ဖမ်းဆီးရမိ

**မြဝတီ ဩဂုတ် ၃၀**
မြဝတီမြို့၌ မူးယစ်တပ်ဖွဲ့စုမှူး၏ နေအိမ်လိုင်းခန်းအတွင်း ထားရှိသည့် ငွေကျပ်သိန်း ၃၀ ကျော်တန်ဖိုးရှိ ရွှေထည် လက်ဝတ်ရတနာများ ခိုးယူသူအား ဩဂုတ် ၂၉ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မူးယစ်တပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်နေသည့် ဦးမင်းအောင်မြင့်ဦးသည် အလုပ်တာဝန်များဖြင့် ခရီးထွက်နေရာမှ ဩဂုတ် ၂၇ ရက်တွင် ပြန်လည်ရောက်ရှိစဉ် နေအိမ်လိုင်းခန်းအတွင်း မွှေနှောက်ထား၍ စစ်ဆေးရာ ရွှေငွေလက်ဝတ်ရတနာပစ္စည်း စုစုပေါင်း ၁၂ မျိုး(ကာလတန်ဖိုး ငွေကျပ်သိန်း ၃၀) ပျောက်ဆုံးနေသဖြင့် မြဝတီမြို့မ ရဲစခန်းသို့ တိုင်တန်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မြဝတီမြို့မရဲစခန်း နယ်ထိန်းခေါင်းဆောင် ရဲအုပ်အောင်ချမ်းမွန်နှင့် တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၂၉ ရက် ည ၉ နာရီ ၄၅ မိနစ်တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ကျောက်ဖျာဂိတ်အနီး၌ ရှောင်တခင် စစ်ဆေးစဉ် အောင်မိုး(၃၈ နှစ်) အကွက်(၁၆) လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီး နေသူထံမှ ပျောက်ဆုံးသွားသည့် ရွှေထည်ပစ္စည်း ၁၂ မျိုး သိမ်းဆည်းရမိသဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(ယာပုံ)**



**မင်းသူ(ဘားအံ)**

# စကားများရန်ဖြစ်ရာမှ ဓားထိုးမှုဖြစ်၍ လူသေဆုံး

**နေပြည်တော် ဩဂုတ် ၃၀**
မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် “ဇူ”အဆောင်နေ သန့်ဇင်မင်း(၂၃ နှစ်)မောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ နေမင်းထက်(၁၉ နှစ်) လိုက်ပါလာသော ဆိုင်ကယ်သည် ဩဂုတ် ၂၉ ရက် ည ၁၀ နာရီခွဲက ညောင်ခြောက်ပင်ရပ်ကွက် “မေသောင်း”အဆောင်ရှေ့၌ စုကြီးရပ်ကွက်နေ အောင်သူဟိန်း(၂၀ နှစ်) ပါ သုံးဦး စီးနင်းလာသည့်ဆိုင်ကယ်နှင့် တိုက်မိမလိုဖြစ်ခဲ့သည့် ကိစ္စနှင့်ပတ်သက်၍ ပြည်လုံးနိုင်ရပ်ကွက် “စည်းစိမ်ကြွယ်”အရက်ဆိုင်၌ စကားများရန်ဖြစ်ရာ အောင်သူဟိန်းပါ သုံးဦးက ဝိုင်းဝန်းထိုးကြိတ်ခဲ့သဖြင့် သန့်ဇင်မင်းတွင် ဒဏ်ရာများရရှိခဲ့ကြောင်း၊ အောင်သူဟိန်းက ဓားဖြင့်ထိုး၍ နေမင်းထက်တွင် ထိုးသွင်းဒဏ်ရာရရှိသဖြင့် ကျောက်ဆည်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် သေဆုံးသွားခဲ့သောကြောင့် အရေးယူပေးရန်တိုင်တန်းချက်အရ အောင်သူဟိန်းပါ သုံးဦးအား ကျောက်ဆည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ရှောင်ကွင်းလမ်းဘေးပုံထားသော သကြားအိတ်များ မရမ်းချောင်စစ်ဆေးရေးအဖွဲ့က တွေ့ရှိ

**နေပြည်တော် ဩဂုတ် ၃၀**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်က စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၇၄၅ စီး၊ သွင်းကုန် ၆၈၉ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄ စီး၊ သွင်းကုန် ၂၅၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၂၉ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု နှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၈၈ သန်းခန့်အား ဖမ်းဆီးရမိခဲ့သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၂၉ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်ကွင်းလမ်းများသို့ ရှောင်တခင်စစ်ဆေးခဲ့ရာ ရှောင်ကွင်းလမ်းဘေးတွင် စုပုံထားသော အကောက်ခွန်မဲ့ သကြားအိတ် (၅၀ ကီလို) ၅၉ အိတ် စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၁ ဒသမ ၈၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၃၀**
သထုံခရိုင်ရဲတပ်ဖွဲ့မှတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၈ ရက် ညပိုင်းက သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာအုပ်စု ဒုံသမိတံတားအနီး၌ နိုင်နိုင်အောင် မောင်းနှင်ပြီး မယဉ်မြိုင် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရှာဖွေရာ မယဉ်မြိုင် ကိုင်ထားသည့် ရေခဲဘူးအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို လည်းကောင်း။

မိုင်းရယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၂၉ ရက် ညနေပိုင်းက မိုင်းရယ်မြို့နယ် လွယ်ငင်းကျေးရွာနေ အိုက်လွန်း၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ အိုက်ခမ်းနှင့် ဆာလူတို့အား တွေ့ရှိရပြီး စိတ်ကြွရူးသွပ်ဆေးပြား၂၀၀၀ နှင့် ဘိန်းဖြူ ၁၂ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

# ဦးကိုနီ လုပ်ကြံခံရမှုမှ ပါဝင်ပတ်သက်သူများ ရုံးချိန်းပေါင်း ၇၁ ချိန်းမြောက်ရုံးထုတ်

**ရန်ကုန် ဩဂုတ် ၃၀**
ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ သေနတ်ဖြင့်ပစ်ခတ် လုပ်ကြံခံရမှုကြောင့် သေဆုံးသူ တရားလွှတ်တော်ရှေ့နေ ဦးကိုနီ အမှုနှင့်ပတ်သက်၍ လူသတ်မှုဖြင့် စွဲချက်တင်ခံထားရသော သေနတ်သမား ကြည်လင်း (ခ)ဖိုးထူး၊ ပါဝင်ပတ်သက်သူ အောင်ဝင်းဇော်၊ ဇေယျာဖြိုး၊ အချုပ်လွတ် အာမခံရရှိထားသူ အောင်ဝင်းထွန်းတို့ မြောက်ပိုင်းခရိုင်တရားရုံးသို့ ယနေ့ နံနက် ၁၀ နာရီက ရုံးချိန်းပေါင်း ၇၁ ချိန်းမြောက် ရုံးထုတ်ရောက်ရှိခဲ့သော်လည်း စစ်ဆေးမှုပြုလုပ်နိုင်ခြင်းမရှိကြောင်း အဆိုပါ တရားရုံးမှ သိရသည်။

ယင်းအမှု စစ်ဆေးနေခြင်းနှင့်ပတ်သက်၍ မြောက်ပိုင်းခရိုင် တရားရုံး သတင်းနှင့်ပြန်ကြားရေး တာဝန်ခံအရာရှိ ဒုတိယခရိုင်တရားသူကြီး-၆ ဦးရဲလွင်က “ဒီကနေ့ မြောက်ပိုင်းခရိုင်တရားရုံး ရာဇဝတ်ကြီးအမှုအမှတ် ၄၅/၂၀၁၇ လူသတ်မှုနဲ့ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၃၀၂(၁)(ခ)/၁၀၉ နဲ့ စွဲချက်တင်ခံထားရသူ ဇေယျာဖြိုးကို တရားလိုဘက်ရှေ့နေများက အပြန်အလှန်စစ်မေးဖို့ ချိန်းဆိုထားပေမယ့် တရားခံဘက်မှ အဓိကရှေ့နေများဖြစ်တဲ့ တရားလွှတ်တော်ရှေ့နေ ဦးအောင်ခိုင်နဲ့ ဦးကျော်ကျော်ထိုက်တို့ နှစ်ဦးဟာ ရန်ကုန်-မန္တလေး အဝေးပြေးလမ်းမကြီးပေါ် ရေကျော်တာနဲ့ ပတ်သက်ပြီး လမ်းခုလပ်မှာ ပိတ်ဆို့နေလို့ဆိုပြီး ရုံးချိန်အမီ ရောက်လာနိုင်ခြင်းမရှိကြောင်းကို အကျိုးအကြောင်းဆီလျော်အောင် ခွင့်တိုင်ကြားလာတဲ့အတွက် ဒီကနေ့စစ်ဆေးမှု ပြုလုပ်နိုင်ခြင်းမရှိလို့ ဩဂုတ် ၃၁ ရက် သောကြာနေ့ကို ပြန်ချိန်းလိုက်တာပါ” ဟု ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**


# ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေ နိုင်ဂျီးရီးယားသို့သွားရောက်

**အဘူဂျာ ဩဂုတ် ၃၀**
ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေသည် ဗုဒ္ဓဟူးနေ့က နိုင်ဂျီးရီးယားနိုင်ငံ အဘူဂျာမြို့သို့ ရောက်ရှိခဲ့ရာ ဝန်ကြီးချုပ်တာဝန်ယူပြီး အာဖရိကသို့ ပထမဦးဆုံးအကြိမ် သွားရောက်ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားနိုင်ငံနှင့် ကုန်သွယ်ရေး၊ လုံခြုံရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်ရေးအတွက် သွားရောက်ခဲ့ခြင်းဖြစ်သည်။ နိုင်ဂျီးရီးယားသမ္မတ မူဟာမက်ဒူ ဘူဟာရီသည် နိုင်ငံတော်သမ္မတအိမ်တော်၌ ဗြိတိန်ဝန်ကြီးချုပ်ထရီဆာမေကို လက်ခံတွေ့ဆုံခဲ့သည်။

ထရီဆာမေသည် မွန်းလွဲ ၁နာရီခန့်၌ ရောက်ရှိလာခဲ့ပြီးနောက် နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးသည် တံခါးပိတ်ဆွေးနွေးပွဲ ပြုလုပ်ခဲ့ကြသည်။ ထရီဆာမေသည် အာဖရိက သုံးနိုင်ငံ ခရီးစဉ်တွင် တောင်အာဖရိက၊ နိုင်ဂျီးရီးယားနှင့် ကင်ညာနိုင်ငံတို့ကို သွားရောက်ရန်ဖြစ်ပြီး ဒုတိယခရီးစဉ်အဖြစ် နိုင်ဂျီးရီးယားသို့ လာရောက်ခဲ့ခြင်းဖြစ်သည်။ အစည်းအဝေးပြီးနောက် ကုန်သွယ်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများတွင် နှစ်နိုင်ငံ သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့သည်။ ထရီဆာမေသည် နိုင်ဂျီးရီးယားစီးပွားရေးမြို့တော် လာဂို့စ်သို့လည်း သွားရောက်မည်ဖြစ်သည်။ ထရီဆာမေသည် တောင်အာဖရိကသို့ သွားရောက်စဉ်ကလည်း ဗြိတိန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများကို အာဖရိကတွင် တိုးချဲ့ဆောင်ရွက်သွားမည်ဟု ကြေညာခဲ့သည်။

ဗြိတိန်ပေါင် ၄ ဘီလီယံခန့်ကိုလည်း အာဖရိက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်း တိုးတက်ရေးအတွက် အကူအညီပေးသွားမည်ဟု ကိတ်တောင်းမြို့တွင် ရောက်ရှိစဉ်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**



# ပြင်သစ်နှင့် ဗြိတိန်ငါးဖမ်းသမားများ ရေပြင်တွင် ရန်ပွဲဖြစ်ပွား

**ပါရီ ဩဂုတ် ၃၀**
ပြင်သစ်မှငါးဖမ်းသမားများနှင့် ဗြိတိန်မှ ငါးဖမ်းသမားများသည် နှစ်နိုင်ငံကြား ရေထဲတွင် ရန်ပွဲဖြစ်ပွားခဲ့ရာ ဒေသခံမီဒီယာများက အဆိုပါရန်ပွဲကို ခုံးကောင်လုပွဲဟု အမည်ပေးထားကြသည်။ အင်္ဂါနေ့တွင် ပြင်သစ် ငါးဖမ်းလှေ ဒါဇင်ပေါင်းများစွာသည် ဗြိတိန် ငါးဖမ်းလှေများကို ဝိုင်း၍ ကျောက်တုံးများဖြင့်ပစ်ပေါက်ကြသည်။

ထိုအခါ ဗြိတိန်ဘက်မှလည်း ပြန်လည် လက်တုံ့ပြန်သည့်အနေဖြင့် ပြင်သစ်ငါးဖမ်းလှေများကို ဝင်တိုက်ခဲ့သည်။ နှစ်ဖက်စလုံးမှဒဏ်ရာရရှိသူများ မရှိသော်လည်း ဗီဒီယိုမှတ်တမ်းတွင် ဖော်ပြချက်အရ နှစ်ဖက်စလုံးမှ ငါးဖမ်းလှေများသည် တုန်ခါနေပြီး ငါးဖမ်းသမားများသည်လည်း အော်ဟစ်နေကြသည်ကို တွေ့ရသည်။ ပြင်သစ်ဥပဒေအရ နွေရာသီ၌ ခုံးကောင်များပေါက်ဖွားသည့်နေရာတွင် ခုံးကောင်များ ဖမ်းခြင်းမပြုရန် တားမြစ်ထားသည်။ သို့သော် ဗြိတိန် ငါးဖမ်းလှေများသည် တစ်နှစ်ပတ်လုံး ခုံးကောင်များဖမ်းဆီးကြသည်။ ဗြိတိန်ဘက်ခြမ်းမှ လွန်ခဲ့သောနှစ်အတွင်း ငါးဖမ်းမှုများကန့်သတ်မည်ဟု ပြင်သစ်ဘက်အခြမ်းနှင့် သဘောတူညီမှုပြုထားသည်။ သို့သော် သဘောတူညီမှုကို အကောင်အထည်မဖော်ဘဲ ဗြိတိန်လှေများသည် ခုံးကောင်များဖမ်းခြင်းကို ဆက်လက်ပြုလုပ်ကြသည်။ ယင်းကို ပြင်သစ်ဘက်မှ သည်းမခံနိုင်တော့သည့်အတွက် အင်္ဂါနေ့က ယင်းကဲ့သို့ ရန်ပွဲဖြစ်ပေါ်လာခြင်းပင် ဖြစ်သည်။



ဗြိတိန် ငါးဖမ်းလှေများသည် အကန့်အသတ်မရှိဘဲ ခုံးကောင်များကို ဖမ်းဆီးမှုပြုနေသည်ဟု ပြင်သစ်ငါးဖမ်းသမားများက ပြောသည်။ ထို့ကြောင့် ပြင်သစ်ငါးဖမ်းသမားများမှာ လက်ဗလာဖြင့်သာ အိမ်ပြန်နေရကြောင်း၊ ထို့အတွက် ဒေါသထွက်ကြခြင်းဖြစ်ကြောင်း ပြင်သစ်ငါးဖမ်းသမားများက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားခေါင်းဆောင်ကင်ဂျုံအန်းနှင့် ကောင်းမွန်သောဆက်ဆံရေးရှိဟု ထရန့်ပြော

**ဝါရှင်တန် ဩဂုတ် ၃၀**
အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီအို၏ မြောက်ကိုရီးယားခရီးစဉ် ဖျက်သိမ်းလိုက်သော်လည်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်းနှင့် ကောင်းမွန်သောဆက်ဆံရေးရှိသည်ဟု ဗုဒ္ဓဟူးနေ့က အိမ်ဖြူတော်တွင် သတင်းထောက်များကို ပြောကြားခဲ့သည်။ လွန်ခဲ့သော သောကြာနေ့က ကိုရီးယားကျွန်းဆွယ်တွင် နျူကလီးယားလက်နက်ကင်းစင်ရေး လုံလောက်သည့်တိုးတက်မှုမရှိဟုဆိုကာ မိုက်ပွန်ပီအို၏ ခရီးစဉ်ကို ဖျက်သိမ်းလိုက်သည်။

အမေရိကန်သည် မြောက်ကိုရီးယားနှင့် ကောင်းမွန်သောဆက်ဆံရေးရှိကြောင်း၊ မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းနှင့်လည်း အလွန်ကောင်းမွန်သော ဆက်ဆံရေးရှိကြောင်း ပြောကြားခဲ့သည်။ တရုတ်နိုင်ငံသည် မြောက်ကိုရီးယားကို လောင်စာနှင့်ငွေကြေးများအပါအဝင် အကူအညီများပေးနေသည်ကို အမေရိကန်က သိရှိကြောင်းလည်း ထရန့်က တွစ်တာပေါ်တွင်ရေးသားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# လိုအပ်ပါက နျူကလီးယားသဘောတူစာချုပ်ကို စွန့်လွှတ်မည်ဟု ခါမေနီပြော

**တီဟီရန် ဩဂုတ် ၃၀**
အီရန်နိုင်ငံ၏ အကျိုးစီးပွားကို အထောက်အပံ့မပြုနိုင်ပါက နျူကလီးယားသဘောတူစာချုပ်ကို စွန့်လွှတ်မည်ဟု အီရန်နိုင်ငံအကြီးအကဲ အယာတိုလာအလီ ခါမေနီက ဗုဒ္ဓဟူးနေ့တွင် သတိပေးခဲ့သည်။

အီရန်နိုင်ငံသည်လက်ရှိတွင် စီးပွားရေးအကျပ်အတည်း၊ နိုင်ငံရေးဖိအားများနှင့်ရင်ဆိုင်နေရသည်။ နိုင်ငံ၏အကျိုးစီပွားကို အထောက်အကူမပြုပါက နျူကလီးယားသဘောတူစာချုပ်ကို ဆက်လက်ဖက်တွယ်ထားတော့မည် မဟုတ်ကြောင်း အီရန်နိုင်ငံ ဘာသာရေးခေါင်းဆောင် အယာတိုလာအလီ ခါမေနီက ကက်ဘိနက်အစည်းအဝေးတွင် ပြောကြားခဲ့သည်။

အမေရိကန်ပြည်ထောင်စုသည် အီရန် နျူကလီးယားသဘောတူစာချုပ်မှ နုတ်ထွက်သွားသော်လည်း ဥရောပနိုင်ငံများသည် ယင်းသဘောတူစာချုပ် ဆက်လက်တည်တံ့စေရေး ကြိုးပမ်းနေကြသည်။ အီရန်သမ္မတ ဟတ်ဆန်ရိုဟာနီ ဦးဆောင်သည့် အစိုးရသည်လည်း အမေရိကန်၏စီးပွားရေးပိတ်ဆို့မှုများကို ခါးခါးသီးသီးခံစားနေရသည်။ အမေရိကန်၏ ပိတ်ဆို့မှုကြောင့် နိုင်ငံခြားကုမ္ပဏီများသည် အီရန်နိုင်ငံအတွင်းမှ ထွက်ခွာသွားခဲ့ကြပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို ဆုံးရှုံးခဲ့ရသည်။ အမေရိကန်က အီရန်နျူကလီးယား သဘောတူ စာချုပ်မှ နုတ်ထွက်မည်ဟု ကြေညာလိုက်ကတည်းက အီရန် ငွေကြေးတန်ဖိုးသည်လည်း ထက်ဝက်နီးပါး ကျဆင်းသွားသည်။ ရေနံတင်ပို့မှုကဏ္ဍတွင် ပိတ်ဆို့ဒဏ်ခတ်မှုခံရသည့်အခါ စီးပွားရေးမှာ ပိုမိုအထိနာခဲ့ရသည်။ ယခုလအတွင်းမှာပင် စီးပွားရေးနှင့် အလုပ်သမားဝန်ကြီးများသည် ရာထူးမှထုတ်ပယ်ခံလိုက်ရသည်။



အင်္ဂါနေ့က ပြုလုပ်သော ပါလီမန်အစည်းအဝေးသည် သမ္မတရိုဟာနီ၏ ငါးနှစ်တာသက်တမ်းအတွင်း အဆိုးရွားဆုံးကြုံတွေ့ ခဲ့ရသည့် အစည်းအဝေးတစ်ခုဖြစ်ပြီး ငါးနှစ်အတွင်း နိုင်ငံစီးပွားရေးကိုင်တွယ်မှုနှင့်ပတ်သက်၍ လွှတ်တော်အမတ်များက ပြင်းပြင်းထန်ထန်ဝေဖန်ခဲ့ကြသည်။ အီရန်နိုင်ငံအတွင်း အလုပ်လက်မဲ့ပမာဏများပြားလာခြင်း၊ ငွေကြေးတန်ဖိုးကျဆင်းမှုတို့အတွက် အပြစ်တင်ခံရခြင်း ဖြစ်သည်။ မဲပေးသည့်အပိုင်းတွင် လွှတ်တော်အမတ်များသည် သမ္မတ၏ လေးနှစ်တာကာလအတွင်း ဆောင်ရွက်မှုကို ကျေနပ်အားရမှုမရှိဟု ကြေညာခဲ့ကြသည်။

ခါမေနီသည် အီရန်အရာရှိများကို နိုင်ငံ၏စီးပွားရေးပြဿနာကိုအဖြေရှာရန် နေ့ညမရွေး လုပ်ကိုင်ကြရမည်ဟု ပြောဆိုခဲ့သည်။ ဗုဒ္ဓဟူးနေ့က အစည်းအဝေးတွင် ပညာရေးဝန်ကြီးကိုလည်း ကျောင်းဘတ်ဂျက်နှင့် ပတ်သက်၍ ဆက်နွှယ်သော ပြဿနာများအတွက် စွပ်စွဲပြစ်တင်ခဲ့ပြီး စီမံခန့်ခွဲမှုမှားယွင်းခဲ့သည်ဟု ပြောကြားခဲ့သည်။

**အေအက်ဖ်ပီ**

# ဩစတြေးလျဝန်ကြီးချုပ် အင်ဒိုနီးရှားသို့ သွားရောက်

**ကင်ဘာရာ ဩဂုတ် ၃၀**
ဩစတြေးလျဝန်ကြီးချုပ် စကောက် မော်ရစ်ဆင်သည် ဝန်ကြီးချုပ်တာဝန်ယူပြီး ၎င်း၏ ပထမခရီးစဉ်အဖြစ် အင်ဒိုနီးရှားနိုင်ငံသို့ သွားရောက်ခဲ့သည်။ သောကြာနေ့တွင် အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုနှင့် တွေ့ဆုံမည်ဖြစ်ပြီး လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူညီမှု FTA နှင့် ပတ်သက်၍ အပြီးသတ်ဆွေးနွေးမှုများ ပြုလုပ်မည်ဖြစ်သည်။ FTA နှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းမှုများ အဆုံးသတ်နိုင်ပြီဟု မျှော်လင့်ထားကြသော်လည်း စာချုပ်တွင်တရားဝင် လက်မှတ်ရေးထိုးခြင်း မပြုရသေးပေ။ စီးပွားရေး၊ လုံခြုံရေးနှင့် မဟာဗျူဟာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ခြင်းသည် နှစ်နိုင်ငံလုံးကို ပိုမိုကြွယ်ဝ၊ လုံခြုံသန်မာစေသည်ဟု ဩစတြေးလျဝန်ကြီးချုပ်က ကြာသပတေးနေ့က သတင်းထုတ်ပြန်ချက်တွင် ပြောသည်။

နှစ်နိုင်ငံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်ရေးအတွက် အင်ဒိုနီးရှားသမ္မတနှင့် နောက်တစ်ဆင့်တက်၍ ဆွေးနွေးနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း ဩစတြေးလျဝန်ကြီးချုပ်က ပြောသည်။ အင်ဒိုနီးရှားနှင့် လွတ်လပ်စွာကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုကို ဩစတြေးလျ စိုက်ပျိုးရေးကဏ္ဍက အဆင့်သင့်ကြိုဆိုလျက်ပင်ရှိသည်။ ဩစတြေးလျ စိုက်ပျိုးရေးထုတ်ကုန် ၅၀ ရာခိုင်နှုန်းမှာ အင်ဒိုနီးရှားနိုင်ငံသို့ တင်ပို့ရန်အသင့်ပင် ဖြစ်သည်။ သဘောတူညီမှုစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသည့်အခါ အင်ဒိုနီးရှား FTA သည် အာရှတွင် စတုတ္ထမြောက် ဩစတြေးလျနှင့် ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံဖြစ်လာမည်ဖြစ်သည်။ ဩစတြေးလျအစိုးရသည် တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်တို့နှင့် လွတ်လပ်စွာကုန်သွယ်မှု ပြုလုပ်ထားသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ကဘူးလ်မြို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးစင်တာသို့ စစ်သွေးကြွနှစ်ဦး ဝင်ရောက်ပစ်ခတ်

**ကဘူးလ် ဩဂုတ် ၃၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးစင်တာတွင် တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ စစ်သွေးကြွနှစ်ဦးကို အသေဖမ်းမိခဲ့ကြောင်း ကဘူးလ်ရဲစခန်းမှ ပြောရေးဆိုခွင့်ရှိသူ ဟရှ်မတ်စတန်နစ်ဇိုင်းက ပြောသည်။

ကဘူးလ်မြို့ရှိ အမှတ်(၅) ရဲစခန်း လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လေ့ကျင့်ရေးစင်တာသို့ ကြာသပတေးနေ့ နံနက် ၁၀ နာရီတွင် စစ်သွေးကြွများဝင်ရောက်တိုက်ခိုက်ရာ ခြောက်နာရီကြာ ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဝင်ရောက်တိုက်ခိုက်သူမှာ နှစ်ဦးတည်းဖြစ်ကြောင်း၊ ယင်းနှစ်ဦးစလုံးကို အသေဖမ်းမိခဲ့ကြောင်း စတန်နစ်ဇိုင်းက ပြောသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဒဏ်ရာရရှိမှု ရှိ မရှိကိုမူ မသိရသေးပေ။ အခြေအနေအားလုံးကိုမူ ထိန်းချုပ်လိုက်နိုင်ပြီဖြစ်ကြောင်း ဒေသခံအရာရှိများက ပြောသည်။ ယင်းတိုက်ခိုက်မှုမှာ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို မသိရသေးပေ။ ယခုတစ်ကြိမ် တိုက်ခိုက်မှုမှာ ပြီးခဲ့သည့် နှစ်ရက်အတွင်း ကဘူးလ်မြို့၌ ဒုတိယအကြိမ် တိုက်ခိုက်မှုပင်ဖြစ်သည်။ ဗုဒ္ဓဟူးနေ့ကလည်း ပညာရေးလေ့ကျင့်ရေး သင်တန်းကျောင်းတွင် အသေခံဗုံးခွဲ သမားတစ်ဦး၏ တိုက်ခိုက်မှုကြောင့် ကျောင်းသား ၃၄ ဦး သေဆုံးခဲ့ကာ ၅၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

### ဂရိခရီးသည်တင် ကူးတို့သင်္ဘောတွင် မီးလောင်မှုဖြစ်

**အေသင် ဩဂုတ် ၃၀**

ဂရိ ခရီးသည်တင် ကူးတို့သင်္ဘောသည် ဗုဒ္ဓဟူးနေ့က ခရီတီကျွန်းသို့ ခုတ်မောင်းနေစဉ် ကားဂိုဒေါင်အတွင်း မီးလောင်မှုဖြစ်ပွားခဲ့ရာ Piraeus တွင် ကျောက်ချရပ်နားခဲ့ရပြီး ဒဏ်ရာရရှိသူ မရှိကြောင်း ဂရိအာဏာပိုင်များက ပြောသည်။

ခရီးသည်များသည် သင်္ဘောအတွင်း မီးခိုးများကြောင့် ကုန်းပတ်ပေါ်တွင် အသက်ကယ်အင်္ကျီများ ဝတ်ဆင်ကာ လေးနာရီခန့်နေခဲ့ရသည်။ စိုးရိမ်ထိတ်လန့်နေကြသည့် ခရီးသည်များကို ဒေသခံဟိုတယ်များတွင် နေရာချထားပေးပြီး နောက်ထပ် အစားထိုးရေယာဉ်မရောက်မချင်း အဆိုပါ ဟိုတယ်များတွင် နေထိုင်ရမည်ဖြစ်သည်။ မီးလောင်မှုဖြစ်ပွားရသည့် အကြောင်းရင်းကိုမူ စုံစမ်းစစ်ဆေးနေဆဲဖြစ်သည်။

ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ၈၇၅ ဦးနှင့် သင်္ဘောအမှုထမ်း ၁၄၁ ဦး လိုက်ပါလာကြသည်။ အဆိုပါရေယာဉ်သည် ထရပ်ကား ၈၀ခန့် သယ်ဆောင်လာပြီး မော်တော်ယာဉ်ငယ် ၁၅၂ စီး သယ်ဆောင်လာခဲ့ကြောင်း သိရသည်။ ခရီးသွားများသည် သင်္ဘောကပ္ပတိန်က အသက်ကယ်အင်္ကျီများ ဝတ်ဆင်ရန် သတိပေးစဉ် တုန်လှုပ်ချောက်ချားခဲ့ပြီး ကံကောင်းထောက်မစွာပင် မည်သူမျှ ဒဏ်ရာမရခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# စီးပွားရေးအကျပ်အတည်းမှ အာဂျင်တီးနား ရုန်းထွက်နိုင်မှာလား

**ခြူးစန္ဒီနွေး**



ဗျူနိုအေရိစ်မြို့၌ IMF မှ ငွေကြေးအကူအညီတောင်းခံမှုအတွက် ဆန့်ကျင်နေကြသည့် အာဂျင်တီးနားပြည်သူများအား တွေ့ရစဉ်။

ယခုအချိန်မှာ အာဂျင်တီးနားနိုင်ငံ ရင်ဆိုင်နေရတဲ့ စီးပွားရေးအကျပ်အတည်းဟာဆိုရင် အတော်လေးဆိုးရွားလာပါပြီ။ အာဂျင်တီးနား ငွေကြေးတန်ဖိုးဟာလည်း ဒေါ်လာဈေး နဲ့ယှဉ်ရင် ၄၀ ရာခိုင်နှုန်းကျဆင်းသွားပါတယ်။

**အကူအညီတောင်းခံ**

ဒီလိုမျိုး အခြေအနေမျိုးမှာ အာဂျင်တီးနားအစိုးရဟာ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကနေ ချေးငွေ ဒေါ်လာ ၅၀ ဘီလီယံကို စောစောစီးစီးပဲ အကူအညီပေးလိုက်ဖို့ တောင်းဆိုလိုက်ပါတယ်။ အာဂျင်တီးနားသမ္မတ မရီဆီယိုမက်ခရီကတော့ ဒီလိုမျိုးတောင်းဆိုရတာဟာ အာဂျင်တီးနားနိုင်ငံရဲ့ စီးပွားရေးကို ပြန်လည်ထိန်းသိမ်းနိုင်ဖို့ ရည်ရွယ်တယ်လို့ ဆိုပါတယ်။

ဈေးကွက်မှာ ယုံကြည်မှုတွေ ကင်းမဲ့လာတာ၊ ငွေကြေးဖောင်းပွမှုဟာ ၃၀ ရာခိုင်နှုန်းအထိ ရှိလာတာနဲ့ အာဂျင်တီးနား ငွေကြေးတန်ဖိုး ကျဆင်းလာတာတို့အတွက် အခုလိုပဲ အကူအညီ တောင်းခံရတာဖြစ်တယ်လို့ သမ္မတက ပြောပါတယ်။ အာဂျင်တီးနားနိုင်ငံ ငွေကြေးတန်ဖိုးဟာ ကျဆင်းနေပြီး ငွေကြေးဖောင်းပွမှုနှုန်းဟာလည်း ဒီနှစ်အတွင်းမှာ အမြင့်ဆုံးဖြစ်နေပါတယ်။ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (IMF) ကလည်း ပိုမိုအားကောင်းတဲ့အပြောင်းအလဲတွေ ဖြစ်လာစေဖို့ နည်းလမ်းတွေ ရှာဖွေနေတယ်လို့ ဗုဒ္ဓဟူးနေ့က ပြောလိုက်ပါတယ်။ တိုးတက်ပြောင်းလဲမှုတွေ ရှိလာဖို့အတွက် အာဂျင်တီးနားနိုင်ငံရဲ့ မူဝါဒတွေ ပြင်ဆင်ဖို့မှာ IMF က ကူညီဖို့အဆင်သင့်ပဲလို့ ပြောပါတယ်။

**စီးပွားရေးပြန်လည် ခိုင်မာလာစေဖို့ရည်ရွယ်**

ရင်းနှီးမြှုပ်နှံသူတွေဟာလည်း အာဂျင်တီးနားအနေနဲ့ ချေးငွေတွေ ပြန်မဆပ်နိုင်မှာကို စိုးရိမ်လာကြတယ်။ IMF ဆီက ငွေကြေးအကူအညီ တောင်းခံဖို့ဆုံးဖြတ်တာဟာ ငွေကြေးအကျပ်အတည်းကြောင့် ကြုံရာမရဖြစ်နေတာကို ပိုပြီးပေါ်လွင်စေတယ်လို့ သတင်းထောက်တွေက ပြောပါတယ်။ ချေးငွေအတွက် မေလကတည်းက သဘောတူထားခဲ့ပြီးဖြစ်ပေမယ့် အာဂျင်တီးနားသမ္မတ မက်ခရီကတော့ ဒီချေးငွေဟာ စီးပွားရေးပြန်လည်ခိုင်မာလာဖို့ အရန်ဆောင်ရွက်ချက်သာဖြစ်ပြီး အဲဒီပိုက်ဆံကိုအသုံးပြုဖို့ မရည်ရွယ်ဘူးလို့ ပြောပါတယ်။

**ငွေကြေးဖောင်းပွမှုအမြင့်ဆုံးဖြစ်**

ရင်းနှီးမြှုပ်နှံသူတွေ စိုးရိမ်နေတဲ့အတိုင်း အာဂျင်တီးနားငွေကြေးတန်ဖိုးဟာလည်း ဆက်လက်ကျဆင်းဆဲပါ။ အာဂျင်တီးနားလိုပါပဲ တူရကီနဲ့ ဘရာဇီးတို့ဟာလည်း ယခုနှစ်အတွင်းမှာ ငွေကြေးတန်ဖိုးကျဆင်းမှုနဲ့ ရင်ဆိုင်ကြုံတွေ့နေရပါတယ်။ ဒါပေမယ့်လည်း အာဂျင်တီးနားရဲ့အခြေအနေဟာ ပိုလို့ဆိုးနေပါတယ်။ အာဂျင်တီးနားနိုင်ငံဟာ ငွေကြေးဖောင်းပွမှုကို လျှော့ချဖို့ရာ မစွမ်းသာဘူးဖြစ်နေတယ်။ ဒါဟာ ဂျီ ၂၀ နိုင်ငံတွေထဲမှာ ငွေကြေးဖောင်းပွမှုနှုန်း အမြင့်ဆုံးပါပဲ။ ဒါ့အပြင် အစိုးရဟာစီးပွားရေးပြုပြင် ပြောင်းလဲဖို့အတွက် လုပ်ဆောင်မှုတွေဟာလည်း အရာမရောက်ဖြစ်နေတယ်။ ခြိုးခြံချွေတာရေးဘက်ကိုသာ ပိုပြီးအာရုံစိုက်ခဲ့တယ်။ လက်ရှိသမ္မတ မက်ခရီဟာ စီးပွားရေးပြုပြင်ပြောင်းလဲပါမယ်ဆိုတဲ့ ကတိနဲ့အတူ သမ္မတအဖြစ် ရွေးကောက်ခံလာရသူဖြစ်တယ်။ ဒါပေမယ့်လည်း ဒီနေ့အချိန်ထိတော့ တိုးတက်မှုအနည်းငယ်မျှပဲ လုပ်ဆောင်နိုင်ပါသေးတယ်။

**ဆင်းရဲတွင်းထဲကျရောက်**

အာဂျင်တီးနားမှာ နေ့စဉ်နေထိုင်ရတဲ့ လူနေမှုစရိတ်ကတော့ ပိုပိုပြီး ကုန်ကျလာတယ်။ ကုန်ပစ္စည်းဈေးနှုန်းတွေဟာ အမေရိကန်ဒေါ်လာနဲ့ ဆက်စပ်နေတဲ့အတွက် ဒေါ်လာဈေး မြင့်လာလေ နေထိုင်မှုစရိတ်ဟာ မြင့်လေလေပါပဲ။ ငွေကြေးဖောင်းပွမှုနှုန်း များလာတာနဲ့ လူထုရဲ့အသုံးစရိတ်တွေ ဖြတ်တောက်လိုက်တာဟာ ဈေးနှုန်းတွေကိုမထိန်းချုပ်နိုင်ဘဲ လူတွေကိုပိုပိုပြီး ဆင်းရဲတွင်းထဲကျသွားစေပါတယ်။ လွန်ခဲ့တဲ့သီတင်းပတ်အတွင်းမှာပဲ ယုံကြည်မှုကင်းမဲ့နေတဲ့ ဈေးကွက်အတွင်းမှာ ဆောင်ရွက်မှုအသစ်တစ်ခုကို တွေ့ခဲ့ရပါတယ်။ ၂၀၁၉ ခုနှစ် ဘဏ္ဍာနှစ်အတွက် မျှော်လင့်စရာတွေ ရှိပါသေးတယ်လို့ သမ္မတ မက်ခရီက ရုပ်မြင်သံကြား မိန့်ခွန်းပြောခဲ့ပါတယ်။ လာမယ့်ဘဏ္ဍာနှစ်အတွက် လိုအပ်တဲ့ ရန်ပုံငွေတွေရရှိဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့နဲ့လည်း သဘောတူညီမှု ရရှိထားတယ်။ အခုဆုံးဖြတ်ချက်ဟာ မသေချာ မရေရာမှုတွေအားလုံးကို အဆုံးသတ်သွားစေဖို့ ရည်ရွယ်တယ်လို့လည်း သူကဆက်ပြောပါတယ်။

**ဘတ်ဂျက်လိုငွေလျှော့ချပေးရမယ်**

မေလအတွင်းမှာ IMF ကနေ ချေးငွေတောင်းခံခဲ့တဲ့အပေါ် အာဂျင်တီးနားနိုင်ငံအတွင်းမှာ သမ္မတကို ဝေဖန်သူတွေအများကြီး ရှိလာခဲ့ပါတယ်။ IMF ဟာ ၂၀၀၁ ခုနှစ် အာဂျင်တီးနား စီးပွားရေးလဲပြိုတုန်းကလည်း ငွေကြေးအကူအညီကို မယူခဲ့လို့ဆိုပြီး အာဂျင်တီးနားအပေါ် အပြစ်ဖို့ဖူးပါတယ်။ ဇွန်လအတွင်းက သဘောတူခဲ့တဲ့ သုံးနှစ်တာအတွင်း ဒေါ်လာ ဘီလီယံ ၅၀ ဘဏ္ဍာရေးအကူအညီဟာ အားနည်းနေတဲ့စီးပွားရေးကို ပြန်လည်ရှင်သန်လာစေမယ်။ ငွေကြေးဖောင်းပွမှုကို တိုက်ဖျက်မယ်ဆိုပြီး ရည်ရွယ်ခဲ့တာပဲဖြစ်တယ်။ IMF ရဲ့အကူအညီကို ရယူခဲ့တဲ့အတွက် အပြန်အလှန်အားဖြင့် အာဂျင်တီးနားအစိုးရဘက်ကလည်း ယခုနှစ်အတွင်းမှာ ဘတ်ဂျက်လိုငွေရဲ့ ၂ ဒသမ ၇ ရာခိုင်နှုန်းကို လျှော့ချပေးရမှာဖြစ်ပြီး လာမယ့်နှစ်မှာ GDP တန်ဖိုးဟာလည်း ၁ ဒသမ ၃ ရာခိုင်နှုန်း တိုးလာရမှာဖြစ်တယ်။

**အတိုက်အခံများရဲ့အမြင်**

အတိုက်အခံ ခေါင်းဆောင်တွေကတော့ မစ္စတာ မက်ခရီရဲ့ ဗဟိုလက်ယာယိမ်းမူဝါဒကို အပြစ်တင်ခဲ့ပါတယ်။ စီးပွားရေးအကျပ်အတည်းနဲ့ ရင်ဆိုင်လာရတဲ့ အခါ အရင်းရှင်တွေကိုထိန်းချုပ်မှု၊ အများပြည်သူအသုံးစရိတ် ဖြတ်တောက်မှု ပြုလုပ်ခဲ့တဲ့အတွက်လည်း အပြစ်တင်ခဲ့ပါတယ်။ ဒီလိုဆိုရင် အာဂျင်တီးနားနိုင်ငံအပေါ် IMF ကရော ဘယ်လိုရှုမြင်ပါသလဲ။ အာဂျင်တီးနားနိုင်ငံဟာ စီးပွားရေးပြဿနာတွေနဲ့ နှစ်ပေါင်းများစွာ ရင်ဆိုင်နေလာရတဲ့ အခါမှာတော့ ငွေကြေးတန်ဖိုးကျဆင်းမှုကို ခံသာစေဖို့အတွက် မေလအတွင်းမှာ IMF ကနေ ငွေကြေးအကူအညီ တောင်းခံခဲ့ပါတယ်။ အဲဒီအခါမှာ စာချုပ်ရဲ့အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ အများပြည်သူ အသုံးစရိတ် ဖြတ်တောက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ IMF ရဲ့ ဦးဆောင်ညွှန်ကြားရေးမှူး ခရစ်စတင်းလာဂါဒီကတော့ အာဂျင်တီးနားအစိုးရရဲ့ အစီအစဉ်တွေဟာ အာဂျင်တီးနားပြည်သူတွေရဲ့ အကျိုးစီးပွားနဲ့ စီးပွားရေးပြန်လည်ရှင်သန်လာစေဖို့အတွက် ရည်ရွယ် လုပ်ဆောင်တာဖြစ်တယ်လို့ ပြောခဲ့ပါတယ်။

**စီးပွားရေးအကျပ်အတည်းက ရုန်းထွက်နိုင်လိမ့်မယ်လို့ ယုံကြည်**

ဗုဒ္ဓဟူးနေ့ ညနေပိုင်း သမ္မတ မက်ခရီနဲ့ ခရစ်စတင်းတို့ ဆွေးနွေးပြီးတဲ့အခါမှာတော့ သဘောတူထားပြီးဖြစ်တဲ့ အစီအစဉ်တွေ ခိုင်မာအားကောင်းလာစေဖို့ IMF ဝန်ထမ်းတွေကို အာဂျင်တီးနား အာဏာပိုင်တွေနဲ့ အတူ လက်တွဲလုပ်ဆောင်ဖို့ မှာကြားပြီးပြီလို့ ခရစ်စတင်းက ပြောပါတယ်။ အတူ ပူးပေါင်းဆောင်ရွက်မှုဟာ စီးပွားရေး အကျပ်အတည်းထဲမှာ ကျနေတဲ့တိုင်းပြည်ကို အကျပ်အတည်းကြားထဲကနေ ရုန်းထွက်နိုင်လိမ့်မယ်လို့ ယုံကြည်တယ်လို့ ခရစ်စတင်းက ပြောပါတယ်။

**အတိတ်ကာလကဖြစ်ရပ်**

အာဂျင်တီးနားရဲ့အတိတ်ကာလကို ပြန်ကြည့်မယ်ဆိုရင် ၂၀၀၁ ခုနှစ်တုန်းကလည်း အာဂျင်တီးနားအစိုးရဟာ အကြွေးဆပ်ဖို့ ပျက်ကွက်မှုတွေရှိပြီး ဘဏ်စနစ်တွေဟာလည်းချည့်နဲ့သွားပါတယ်။ အဲဒီအခါမှာ ပျက်စီးဆုံးရှုံးမှုတွေများပြီး လူတွေဟာသူတို့ရဲ့စည်းစိမ်ဥစ္စာတွေ ဆုံးရှုံးကုန်တာကို ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ အဲဒီတုန်းက အတွေ့အကြုံရှိခဲ့တဲ့အတွက် အခုတစ်ခါ ဒါမျိုးထပ်မဖြစ်အောင် တားဆီးကာကွယ်မှုတွေ လုပ်ဆောင်နေပါတယ်။ ကန့်သတ်မှုတွေကြားထဲမှာ အနည်းဆုံးတစ်နှစ်ခန့် လူတွေဟာ မိမိကိုယ်ပိုင်အကောင့်ကနေ ပိုက်ဆံတွေကို လွတ်လွတ်လပ်လပ် ထုတ်ယူခွင့်မရကြပါဘူး။ ဒီအတွက်ကြောင့် သာမန်လူတန်းစားတွေအနေနဲ့ ပိုပြီးအခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရပါတယ်။ ။

**ကိုးကား -ဘီဘီစီ**

# ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ဒုတိယအကြိမ်မြောက် အစည်းအဝေးကျင်းပ



**ပုဂံ ဩဂုတ် ၃၀**

ပုဂံယဉ်ကျေးမှု အမွေအနှစ်ဒေသအား ကမ္ဘာ့အမွေအနှစ်စာရင်းဝင်အဖြစ် အဆိုပြုစာတွဲ တင်သွင်းထားပြီးဖြစ်၍ နိုင်ငံတကာ အထိမ်းအမှတ်အဆောက်အအုံနှင့် နေရာဒေသများကောင်စီ (ICOMOS- International Council on Monuments and Sites) အဖွဲ့ မကြာမီ လာရောက်စစ်ဆေးမည်ဖြစ်သည့်အတွက်လည်းကောင်း၊ ပုဂံဒေသထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ညှိနှိုင်းဆွေးနွေးရန် လည်းကောင်း၊ ဆက်စပ်ဌာနများ၊ ဒေသခံများနှင့် ပူးပေါင်းဆောင်ရွက်ရမည့်ကိစ္စများ၊ ပုဂံဒေသအတွင်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ညှိနှိုင်းဆွေးနွေးရန် ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်း ဆောင်ရွက်ရေးကော်မတီ (Bagan Com)၏ ဒုတိယအကြိမ် အစည်းအဝေးကို ပုဂံရှေးဟောင်းသုတေသနပြတိုက်၌ ဩဂုတ် ၂၉ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ၏ ပထမအကြိမ် အစည်းအဝေးကို ဇွန် ၁၀ ရက်က ကျင်းပခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးရန် အတည်ပြုနိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် ICOMOS ခရီးစဉ်မတိုင်မီနှင့် ပုဂံဒေသအတွင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရာတွင် ပူးပေါင်းညှိနှိုင်းအဖြေရှာ ဆောင်ရွက်နိုင်ရန်နှင့် ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စများကို ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ဖြစ်ကြောင်း၊ ဇွန် ၂၄ ရက်မှ ဇူလိုင် ၄ ရက်အထိ ဘာရိန်းနိုင်ငံ မာနာမာမြို့၌ ကျင်းပခဲ့သည့် (၄၂) ကြိမ်မြောက် ကမ္ဘာ့အမွေအနှစ် ကော်မတီညီလာခံတွင် လည်း ၂၁ နိုင်ငံကော်မတီများနှင့် အစည်းအဝေးတက်ရောက်လာသူများသိရှိရန် ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်းတင်သွင်းထားမှုကို မြန်မာကိုယ်စားလှယ်အဖွဲ့က မိတ်ဆက်ပေးရှင်းပြနိုင်ခဲ့ပြီးဖြစ်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကိုက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က ICOMOS အဖွဲ့လာသည့်အခါတွင် ပုဂံဒေသရှိ တန်ဖိုးမဖြတ်နိုင်သည့် အမွေအနှစ်များ၏ စီမံခန့်ခွဲမှုတစ်ရပ်ကို လာရောက်စစ်ဆေးမည်ဖြစ်ကြောင်း၊ ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသကို ကမ္ဘာ့အမွေအနှစ်ဖြစ်အောင် အမျိုးသားရေး တာဝန်အဖြစ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အမွေအနှစ်ကို ထိန်းသိမ်းရုံတင်မဟုတ် စောင့်ရှောက်ကာကွယ်ပြီး ကမ္ဘာကသိအောင်လည်း မြှင့်တင်ပေးရမည်ဖြစ်ကြောင်း ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပုဂံဒေသသည် မဖြစ်မနေ ထိန်းသိမ်းစောင့်ရှောက်ရမည့်ဒေသဖြစ်ကြောင်း၊ မကွေးတိုင်းဒေသကြီးရေိယာတွင် ကျေးရွာ ၂၆ ရွာသာရှိသည့်အတွက် အရှုပ်အရှင်းမရှိကြောင်း၊ ပုဂံဒေသကို ကမ္ဘာ့အမွေအနှစ်စာရင်း သတ်မှတ်ခံရရန် အရေးကြီးသည့်အတွက် အောင်မြင်အောင် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးကြမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံက ပုဂံဒေသအမျိုးသားအဆင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီ (Bagan Com) ပထမအကြိမ်အစည်းအဝေးဆုံးဖြတ်ချက်များ၊ ICOMOS ခရီးစဉ်နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်း၊ ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှညွှန်ကြားရေးမှူးချုပ်က အမှာစာများ တင်ပြခြင်းနှင့် မန္တလေးနည်းပညာတက္ကသိုလ်မှ ပါမောက္ခဒေါက်တာစုစုက ကမ္ဘာ့အမွေအနှစ် ကော်မတီ ညီလာခံသို့ တက်ရောက်ခဲ့သည်နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး ဆက်စပ်ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက မိမိတို့ဌာနများနှင့်ပတ်သက်သည့် စီမံခန့်ခွဲမှုလုပ်ငန်းများကို ဝိုင်းဝန်းဆွေးနွေးအကြံပြုခဲ့ကြသည်။ မြန်မာနိုင်ငံယူနက်စကို အမြဲတမ်းကော်မရှင်အတွင်းရေးမှူး ဒေါက်တာကြည်ရှင်က အာနန္ဒစန္ဒြကျောက်စာ၏ အာရှပစိဖိတ်ဒေသအတွင်း ကမ္ဘာ့မှတ်တမ်းအမွေအနှစ်စာရင်းဝင် အသိအမှတ်ပြုလက်မှတ်အား သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ထံသို့ပေးအပ်ခဲ့ပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ် ဆွေးနွေးပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို တက်ရောက်

**လွိုင်ကော် ဩဂုတ် ၃၀**

ကယားပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဩဂုတ် ၂၇ ရက်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူး၍ ပြည်နယ်အဆင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒအသစ် ရှင်းလင်းဆွေးနွေးပွဲ အခမ်းအနားကို ကျင်းပသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ အမျိုးသား မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်ကို ချပြရှင်းလင်းရာတွင် ကယားပြည်နယ်ရှိ တာဝန်ရှိသူများနှင့် ပူးပေါင်းပြီးစီမံချက်ကောင်း၊ အစီအမံကောင်းများနှင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးလုပ်ငန်းများကို ဖော်ဆောင်ရရှိမည်ဟု ယုံကြည်ကြောင်း၊ ပြည်နယ်ရှိ တာဝန်ရှိသူများအနေဖြင့် မိမိပြည်နယ်အတွင်း မည်သည့်ရွာများတွင်၊ မည်သည့်ရပ်ကွက်များတွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိမှုများကြောင်း၊ မည်သည့်လမ်းကြောင်းမှ သယ်ဆောင်ကြောင်း စသည်ဖြင့် လမ်းကြောင်းများကို သိရှိနေပြီးဖြစ်သော်လည်း ကြီးကြီးမားမားများကို မဖမ်းဆီးနိုင်သေးသည့်အတွက် ပူးပေါင်းချိတ်ဆက်မှုအပိုင်းတွင် အားနည်းနေသည်ကို တွေ့ရှိနေရကြောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ရာတွင် ဘိန်းစိုက်ပျိုးမှု ပပျောက်ရေး၊ ပြန်လည်ထူထောင်ရေးကဏ္ဍအတွက် ဆေးဝါးကုသမှုအပိုင်းများ၊ ဘိန်းအစားထိုးလုပ်ငန်းများ ပံ့ပိုးပေးခြင်းစသည့် လုပ်ငန်းစဉ်များအတွက် လိုအပ်သည့် ကူညီမှုများဖြင့် အချိန်နှင့်တစ်ပြေးညီ ပူးပေါင်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရန်ပုံငွေလိုအပ်ပါကလည်း ဘတ်ဂျက်တွင် ထည့်သွင်းလျာထားပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မူးယစ်ဗဟိုအဖွဲ့မှ ရဲမှူးကြီး သန့်လွင်မောင်က အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒနှင့် ပတ်သက်ပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများ ရှင်းလင်းတင်ပြပြီး ကဏ္ဍအလိုက် ပညာရှင်များက မူးယစ်ဆေးဝါးထုတ်လုပ်မှုလျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေးကဏ္ဍ၊ သုံးစွဲမှုလျှော့ချရေးနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေးကဏ္ဍ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍ၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးကဏ္ဍ၊ လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီ ဖြစ်စေရေးကဏ္ဍ စသည့်ကဏ္ဍများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကဏ္ဍအလိုက် ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးနှင့် လျှပ်စစ်ဝန်ကြီး၊ ပြည်နယ်စည်ပင်သာယာရေးနှင့် လူမှုရေးဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အစိုးရအဖွဲ့အတွင်းရေး မှူး၊ ပြည်နယ်ဥပဒေအရာရှိတို့က မူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒများအပေါ် ဆွေးနွေးအကြံပြုကြပြီး မူးယစ်ဗဟိုအဖွဲ့မှ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းတင်ပြသည်။

**စိုင်းညဏ်လင်းထွန်း**





# အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲသို့ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် တက်ရောက်

**တောင်ကြီး ဩဂုတ် ၃၀**

ရှမ်းပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၁၈-၂၀၁၉ ခုနှစ် အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေး သင်တန်းဖွင့်ပွဲကို ယမန်နေ့က ညောင်ရွှေမြို့ မြို့နယ်ခန်းမ၌ ကျင်းပကြောင်း သိရသည်။

အင်းလေးကန်အတွင်း နေထိုင်ကြသည့် ရေပေါ်အိမ်ထောင်စုများက မိလ္လာအညစ်အကြေးနှင့် အမှိုက်သရိုက် စွန့်ပစ်မှုစနစ်မကျခြင်း၊ ဓာတုပိုးသတ်ဆေး မဆင်မခြင်အလွန်အကျွံသုံးစွဲလာခြင်း၊ အင်းလေးကန်အတွင်းရှိ စက်မှုလက်မှုလုပ်ငန်းများမှ ထွက်ရှိလာသော ဓာတုအညစ်အကြေးများကြောင့် အင်းလေးကန်၏ ရေအရည်အသွေးကျဆင်းလာခြင်း အပြင် အင်းလေးကန် ရေဝေ/ရေလဲဒေသရှိ သစ်တောများ ပြုန်းတီးလာမှု၊ စနစ်မကျသော စိုက်ပျိုးရေးနည်းစနစ်များ အသုံးပြုနေမှု၊ မိုးရေတိုက်စားပြီး ချောင်းများမှတစ်ဆင့် ကန်အတွင်းသို့ နုန်းပို့ချမှုကြောင့် အင်းလေးကန်သည်လည်း တဖြည်းဖြည်း တိမ်ကောလာရခြင်းဖြစ်ကြောင်း၊ အင်းလေးကန်ရေအရည်အသွေး မကျဆင်းရန်နှင့် အင်းလေးကန် မတိမ်ကောစေရေးအတွက် အလေးထားပြီး ဝိုင်းဝန်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများ၊ တောင်သူလယ်သမားများကိုယ်တိုင် ပါဝင်ဆောင်ရွက်ရေးသည် အဓိကကျသကဲ့သို့ တောင်သူလယ်သမားများအတွက် လိုအပ်သည့် နည်းပညာ၊ သတင်းအချက်အလက်များကို ပံ့ပိုးပေးရမည့် စိုက်ပျိုးပညာပေးဝန်ထမ်းများ၏ အခန်းကဏ္ဍသည်လည်း များစွာ အရေးကြီးကြောင်း၊ အင်းလေးကန်ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်များအပေါ် တက်ညီလက်ညီဖြင့် စည်းစည်းလုံးလုံး ဆောင်ရွက်သွားကြရန်၊ လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးလုပ်ငန်းများသည် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် မိမိတို့ အားလုံး ပါဝင်ဆောင်ရွက်ကြရန်နှင့် တာဝန်သိသူ၊ တာဝန်ရှိသူများအဖြစ်မှ တာဝန်ကျေအောင် အလေးအနက်ခံယူလုပ်ဆောင်သွားကြရန် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ကြိုင်က အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

# ဘဏ်ဝန်ဆောင်မှုများပေးနိုင်ရန် ဧရာဘဏ်နှင့် မိုက်ခရိုဆော့ဖ်မြန်မာတို့ လက်မှတ်ရေးထိုး

**ရန်ကုန် ဩဂုတ် ၃၀**

ဘဏ်လုပ်ငန်းတွင် နိုင်ငံတကာအဆင့် စံနှုန်းများ ကို လက်ခံကျင့်သုံးရန်၊ လုံခြုံရေးနှင့် အသုံးပြုသူ များအတွက် ဝန်ဆောင်မှုများ စဉ်ဆက်မပြတ် တိုးတက်စေရန် ရည်ရွယ်၍ ဒစ်ဂျစ်တယ်ဆားဗစ်ဖြင့် Cloud နည်းပညာများကိုအသုံးပြုကာ ပိုမို ကောင်းမွန်သော ဝန်ဆောင်မှုပေးနိုင်ရေးအတွက် AYA ဘဏ်နှင့် Microsoft Myanmar တို့ ဩဂုတ် ၂၉ ရက်က လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည့် လက်မှတ်ရေးထိုးပွဲတွင် မိုက်ခရိုဆော့ဖ် ကုမ္ပဏီ၏ မန်နေဂျင်းဒါရိုက်တာ Sonia Kair က "မြန်မာနိုင်ငံမှာ မိုဘိုင်းဖုန်း အသုံးပြုမှုဟာ ၉၅ ရာခိုင်နှုန်း ရှိပါတယ်။ မိုဘိုင်းဖုန်းဟာ လျင်လျင်မြန်မြန်အသုံး ပြုနိုင်တဲ့အပြင် မိုဘိုင်းဘဏ်လုပ်ငန်းတွေအတွက် လည်း အသုံးဝင်ပါတယ်။ မြန်မာနိုင်ငံ လူဦးရေရဲ့၅၀ ရာခိုင်နှုန်းဟာ အလုပ်လုပ်ကိုင်နိုင်တဲ့သူတွေ ဖြစ်တာကြောင့် ဘဏ်အတွက် အလားအလာတွေ ရှိပါတယ်၊ ဒီဘဏ်မှာ Cloud ကို အသုံးပြုခြင်းအားဖြင့် လုပ်ငန်းပိုင်းဆိုင်ရာ လွယ်ကူလျင်မြန်မယ်လို့ ယုံကြည်ပါတယ်"ဟု ပြောသည်။

မြန်မာနိုင်ငံတွင် နှစ်အနည်းငယ်အတွင်း ဖုန်းနှင့် မိုဘိုင်းအင်တာနက် အသုံးပြုမှုသည် သိသာစွာ တိုးတက်လာသည့်အတွက် ဘဏ္ဍာရေးဝန်ဆောင်မှု လုပ်ငန်း(FSI) ဆိုင်ရာ အဖွဲ့အစည်းများအတွက်လည်း စျေးကွက်အခြေအနေကို ပြောင်းလဲစေ ခဲ့ရာ ဒစ်ဂျစ်တယ်ဝန်ဆောင်မှုများဖြင့် Cloud နည်းပညာကိုအသုံးပြု၍ ဘဏ်လုပ်ငန်းများတွင် ပိုမိုလျင်မြန် လုံခြုံစိတ်ချရသော ဝန်ဆောင်မှုများကို အသုံးပြုလာလျက်ရှိသည်။

AYA ဘဏ်၏ မန်နေဂျင်းဒါရိုက်တာ ဦးမြင့်ဇော်က "မြန်မာနိုင်ငံမှာ




ဒုတိယအကြီးဆုံးဘဏ်ဖြစ်အောင် ရှစ်နှစ်တာကာလအတွင်းမှာ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်၊ လူငယ်တွေခွန်အားနဲ့ ဆောင်ရွက်နေပါတယ်၊ သာလွန်ကောင်းမွန်တဲ့ ဝန်ဆောင်မှုတွေ ပံ့ပိုးပေးနေပါတယ်၊ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုတွေနဲ့ နိုင်ငံတကာဘဏ်တွေကချမှတ်ထားတဲ့ နည်းစနစ်အတိုင်း ဆောင်ရွက်နေပါတယ်၊ မိုက်ခရိုဆော့ဖ်နဲ့ AYA ပူးပေါင်းခြင်းအားဖြင့် ဘဏ်လုပ်ငန်းဆိုင်ရာ လျင်မြန်ကျယ်ပြန့်လာပြီး သုံးစွဲသူများကို ပိုပြီးဝန်ဆောင်မှုပေးနိုင်တဲ့အပြင် ဒစ်ဂျစ်တယ်နည်းပညာပဘာ တစ်ချိန်မှာ ထဲထဲဝင်ဝင်နေရာရလာမှာဖြစ်တဲ့အတွက် လုပ်ငန်းပိုင်းဆိုင်ရာ လျင်မြန်လုံခြုံမှုရဲ့ အသီးအပွင့်ကို ရရှိစေမှာပါ"ဟု ပြောသည်။

**သန်းထိုက်၊ ဓာတ်ပုံ - သန်းစိုး**

# အူရီဒူး၏ M-ပိုက်ဆံဝန်ဆောင်မှုတွင် လူအများထံ တစ်ပြိုင်နက်ငွေပေးပို့နိုင်သည့်စနစ်ကို မိတ်ဆက်

အူရီဒူးမြန်မာက ဝန်ဆောင်မှုပေးထားသည့် မိုဘိုင်းငွေကြေးဆိုင်ရာ ဝန်ဆောင်မှုတစ်ခုဖြစ်သော M-ပိုက်ဆံတွင် လူတစ်ဦးချင်း ငွေလွှဲရုံသာမက လူအများထံ တစ်ပြိုင်နက်ငွေပေးပို့နိုင်သည့်စနစ်(Bulk Disbursement System)ကို ဩဂုတ် ၂၈ ရက်က စတင်မိတ်ဆက်လိုက်ကြောင်း သိရသည်။ ထိုစနစ်ကြောင့် ငွေပေးချေမှုအများအပြား လုပ်ဆောင်ရမည့် အသုံးပြုသူများအနေဖြင့် ပိုမိုမြန်ဆန်သော ငွေလွှဲမှုကို လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

ငွေပေးပို့ရာတွင်ကျသင့်သော ကုန်ကျစရိတ်ကို သက်သာစေရန်၊ ဝန်ဆောင်မှုများ၏ ထိရောက်မှုနှင့် အရည်အသွေးကို မြှင့်တင်ရန်၊ လက်ခံရရှိသူ တစ်ဦးတစ်ယောက်ချင်းထံသို့ ပေးချေရသော ငွေချေမှုပေါင်းများစွာအတွက် လုံခြုံမှုကိုတိုးမြှင့်ပေးရန် အထူးပြုလုပ်ထားသည့် ဝန်ဆောင်မှုတစ်ခုဖြစ်ကြောင်း၊ ဤစနစ်ဖြင့် ကုမ္ပဏီတစ်ခု သို့မဟုတ် အဖွဲ့အစည်းတစ်ခုက ဝန်ထမ်းအမြောက်အမြားထံ သို့မဟုတ် အဖွဲ့ဝင်များထံသို့ လစာ၊ ပင်စင်လစာ၊ ဆုငွေ၊ ပြန်အမ်းငွေနှင့် စရိတ်ထောက်ပံ့မှု စသည်တို့ကို ပမာဏအမြောက်အမြား ပေးပို့ရာတွင် ပိုမိုလွယ်ကူအောင် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အူရီဒူးမြန်မာအနေဖြင့် အဆိုပါဝန်ဆောင်မှုကို HelpAge International Myanmar နှင့် လက်တွဲပူးပေါင်း လုပ်ဆောင်ခြင်းဖြစ်ပြီး သက်ကြီးရွယ်အိုများ ကြုံတွေ့နေရသည့်အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန်အတွက် လုပ်ဆောင်ခြင်းဖြစ်ကြောင်း သိရသည်။ HelpAge International Myanmar သည် မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုများအား ရသင့်ရထိုက်သောအခွင့်အရေးများရရှိရန်၊ ခွဲခြားဆက်ဆံခံရမှုမရှိစေရန် ကူညီပေးလျက်ရှိသော အပြည်ပြည်ဆိုင်ရာ NGO တစ်ခုဖြစ်သည်။

"မြန်မာနိုင်ငံမှာရှိတဲ့ သက်ကြီးရွယ်အိုတွေအနေနဲ့ စရိတ်ထောက်ပံ့ကြေးနဲ့ ပင်စင်ငွေရယူဖို့ ဝေးလံတဲ့ခရီးကိုလာရတဲ့ အခက်အခဲတွေ၊ ပင်စင်ငွေကို နောက်ကျမှရတာတွေကို မြင်တွေ့ရတဲ့အတွက် အူရီဒူးမြန်မာအနေနဲ့ စိတ်မကောင်းဖြစ်မိပါတယ်။ သက်ကြီးရွယ်အိုတွေ ကြုံတွေ့နေရတဲ့အခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ အူရီဒူးမြန်မာက HelpAge International Myanmar နဲ့လက်တွဲပူးပေါင်းပြီး လူအများကို တစ်ပြိုင်နက်ငွေလွှဲပို့ခြင်းစနစ်(The Bulk Disbursement)ကို ဖန်တီးဖို့ စိတ်ကူးရခဲ့တာဖြစ်ပါတယ်"ဟု အူရီဒူးမြန်မာမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

HelpAge မှ ပရိုဂရမ်မန်နေဂျာ မအေးမြတ်ဖြူက "လူအများထံ တစ်ပြိုင်နက်ငွေပေးချေခြင်းစနစ်က ကျွန်မတို့ကူညီပေးချင်တဲ့ သက်ကြီးရွယ်အိုတွေဆီကို ပင်စင်လစာငွေတွေ အချိန်နဲ့တစ်ပြေးညီပေးချေတဲ့အခါ လွယ်ကူအဆင်ပြေ၊ စိတ်ချမှုရှိစေဖို့ ထောက်ပံ့ပေးမှာဖြစ်ပါတယ်၊ ကျွန်မတို့နဲ့ ရည်ရွယ်ချက်ခြင်းတူညီတဲ့ ပုဂ္ဂလိက အဖွဲ့အစည်းတွေနဲ့လည်း လက်တွဲလုပ်ကိုင်လိုပါတယ်၊ သက်ကြီးရွယ်အိုတွေရဲ့လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ ဆန်းသစ်တီထွင်တဲ့ လုပ်ဆောင်ချက်တွေ ဖန်တီးပေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

HelpAge အနေဖြင့် ဤဝန်ဆောင်မှုအသစ်မှတစ်ဆင့် သက်ကြီးရွယ်အိုများ၏ လက်ထဲသို့ ပိုက်ဆံများကို တိုက်ရိုက်ရောက်ရှိအောင် ပေးပို့နိုင်မည်ဖြစ်ကာ ငွေလွှဲခကုန်ကျစရိတ်ကိုလည်း လျော့ကျစေသလို ငွေလွှဲရာတွင် ပိုမိုထိန်းချုပ်ကိုင်တွယ်နိုင်ခြင်းတို့ကြောင့် လုံခြုံစိတ်ချရသော ငွေလွှဲမှုကိုလည်း ပြုလုပ်နိုင်မည်ဖြစ်သည်။

အဆိုပါဝန်ဆောင်မှုကို အူရီဒူး၏ M-ပိုက်ဆံ ဝန်ဆောင်မှု အသုံးပြုပြီး CB ဘဏ်၏ မိုဘိုင်းဘဏ်စာရင်းရှိသူတိုင်း သုံးနိုင်မည်ဖြစ်ပြီး CB ဘဏ်၏ မိုဘိုင်းဘဏ်စာရင်းမှငွေကို M-ပိုက်ဆံအကောင့်ထဲသို့ လွှဲပြောင်းနိုင်ရန် M-ပိုက်ဆံအကောင့်နှင့် ချိတ်ဆက်ထားရမည်ဖြစ်ကာ M-ပိုက်ဆံအကောင့်ထဲမှ ဒီဂျစ်တယ်ပိုက်ဆံကို ငွေလွှဲပေးလိုသူထံ လွှဲပို့နိုင်မည်ဖြစ်သည်။

"Bulk Disbursement ဝန်ဆောင်မှုက ဝန်ထမ်းအများအပြားရှိတဲ့ ကုမ္ပဏီတွေ ဒါမှမဟုတ် နိုင်ငံအတွင်း ရပ်ဝေးဒေသများတွင်ရှိသော လုပ်ငန်းမိတ်ဖက်များအတွက် အကျိုးရှိစေမှာ ဖြစ်ပါတယ်။ ဒီစနစ်သစ်က ဝန်ထမ်းလစာတွေ၊ ပင်စင်လစာတွေကို အချိန်နဲ့တစ်ပြေးညီ ပေးချေနိုင်မှာဖြစ်ပြီး ကုန်သွယ်ရောင်းဝယ်ပေးချေမှုတွေကိုလည်း အဆင်ပြေစေမှာဖြစ်ပါတယ်" ဟု အူရီဒူးမြန်မာမှ တာဝန်ရှိသူက ဆက်ပြောသည်။

အူရီဒူး၏ M-ပိုက်ဆံဝန်ဆောင်မှုကို ရယူအသုံးပြုရန်အတွက် အူရီဒူးဆင်းကတ်ဖြင့် *999# ကိုခေါ်ဆို၍ လမ်းညွှန်ချက်များအတိုင်း ဆက်လက်လုပ်ဆောင်ပြီး account ဖွင့်၍ အသုံးပြုနိုင်မည်ဖြစ်ကာ ငွေလွှဲလက်ခံမည့်သူမှာမူ account ရှိရန် မလိုသည့်အပြင် မည်သည့်ဖုန်းဆင်းကတ်ဖြင့်မဆို လွှဲငွေကိုလက်ခံ၍ မိမိတို့နှင့်နီးစပ်ရာ M-ပိုက်ဆံကိုယ်စားလှယ်များထံတွင် ငွေထုတ်ယူနိုင်ကြောင်း သိရသည်။

**သူရဖြိုး**

# စျေးနှုန်းသက်သာခြင်းကြောင့် စိတ်ဝင်စားမှုမြင့်တက်နေတဲ့ Mi A2 Lite

Mi A2 Lite ဟာ Xiaomi ကထုတ်တဲ့ တန်ဖိုးနည်းဖုန်းစီးရီးစ်ဖြစ်တဲ့ Redmi စီးရီးစ်ထဲက မော်ဒယ်တစ်ခုဖြစ်ပြီး Redmi 6 Pro လို့လည်း ခေါ်ကြပါတယ်။ နိုင်ငံတကာစျေးကွက်မှာ ဇူလိုင်လအတွင်း စတင်မိတ်ဆက်ခဲ့ပြီး ပြည်တွင်းစျေးကွက်ထဲကိုတော့ ဩဂုတ်လဆန်းပိုင်းက ဝင်ရောက်ထားပါတယ်။ Redmi စီးရီးစ်ရဲ့ထုံးစံအတိုင်း စျေးနှုန်းအနေနဲ့ မများလှပေမယ့် စွမ်းဆောင်ရည်ပိုင်းမှာ ကောင်းမွန်တာကြောင့် စိတ်ဝင်စားမှုမြင့်နေတဲ့ဖုန်း ဖြစ်ပါတယ်။

Mi A2 Lite ရဲ့မျက်နှာပြင်ဒီဇိုင်းဟာ iPhone X လို Notch ဒီဇိုင်းနဲ့ Screen က အပြည့်နီးပါးဖြစ်ပြီး Screen အရွယ်အစား ၅ ဒသမ ၈၄ လက်မနဲ့ Resolution က 1080x2280 pixels ရှိလို့ ရုပ်ထွက်အရည်အသွေးလည်း ကောင်းမွန်ပါတယ်။ GSM ဆင်းကတ်နှစ်ကတ် အသုံးပြုနိုင်ပြီး အင်တာနက်အတွက် 4G ကို ထောက်ပံ့ပေးထားပါတယ်။

အန်းဒရွိုက်ဗားရှင်းအနေနဲ့ 8.1(Oreo)ကို အသုံးပြုထားပြီး CPU က Octa-core 2.0GHz ဖြစ်ပါတယ်။ RAM နဲ့ မင်မိုရီအနေနဲ့တော့ နိုင်ငံတကာစျေးကွက်မှာ RAM 4GB၊ မင်မိုရီ 64 GB လို့တစ်မျိုး၊ RAM 3GB၊ မင်မိုရီ 32GB လို့တစ်မျိုးနဲ့ နှစ်မျိုးခွဲထွက်ထားပေမယ့် ပြည်တွင်းစျေးကွက်မှာတော့ RAM 4GB ၊ မင်မိုရီ 64 GB တစ်မျိုးတည်းကိုသာ ရောင်းချနေသေးတာ တွေ့ရပါတယ်။ CPU နဲ့ RAM ပါဝင်မှုအရ အက်ပလီကေးရှင်းနဲ့ ဂိမ်းလုပ်ဆောင်ချက် အတော်များများကို ပေါ့ပေါ့ပါးပါး လုပ်ဆောင်နိုင်မှာဖြစ်ပါတယ်။ မင်မိုရီကတ် ထပ်စိုက်သုံးမယ်ဆိုရင်လည်း 256GB အထိ ထပ်စိုက်သုံးနိုင်မှာဖြစ်ပြီး မင်မိုရီကတ်အတွက် အပေါက်တစ်ခု သီးသန့်ပါဝင်ပါတယ်။

ကင်မရာပိုင်းမှာတော့ နောက်ကင်မရာကိုပဲ အဓိကဦးစားပေးထားတာ တွေ့ရပါတယ်။ နောက်ကင်မရာဟာ ၁၂ မဂ္ဂါပစ်ဇယ်နဲ့ ၅ မဂ္ဂါပစ်ဇယ် ကင်မရာနှစ်လုံးပါတဲ့ Dual ကင်မရာဖြစ်ပြီး အရည်အသွေးမြင့်တဲ့ ဓာတ်ပုံနဲ့ ဗီဒီယိုတွေ ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။ ဆယ်လ်ဖီကင်မရာကတော့ ၅ မဂ္ဂါပစ်ဇယ်ရှိတဲ့ သာမန်ကင်မရာဖြစ်ပြီး ထူးခြားတဲ့လုပ်ဆောင်ချက်မျိုး မပါတာ တွေ့ရပါတယ်။

လက်ဗွေစနစ်ကတော့ အခြား Mi ဖုန်းတွေ အများစုလိုပဲ ကိုယ်ထည်ရဲ့ကျောဘက်မှာ ပါဝင်ပါတယ်။ Mi A2 Lite ရဲ့ထူးခြားချက်အနေနဲ့ ဘက်ထရီပိုင်းမှာ 4000 mAh ရှိတဲ့ Li-Po ဘက်ထရီကိုသုံးထားလို့ စွမ်းဆောင်ရည်မြင့်တာ တွေ့ရပါတယ်။ ကိုယ်ထည်အရောင်အနေနဲ့ အနက်ရောင်၊ အပြာရောင်၊ ရွှေရောင်နဲ့ နှင်းဆီရွှေရောင်လို့ လေးမျိုးရှိပါတယ်။ လက်ရှိ ပြည်တွင်းမှာရောင်းချနေတဲ့စျေးနှုန်းက ကျပ် ၂၉၉၀၀၀ ဖြစ်ပြီး ကိုယ်ထည်အရောင်အပေါ်မှာ မူတည်ပြီးတော့ စျေးနှုန်းအနည်းငယ်ကွာခြားမှုရှိတယ်လို့လည်း သိရပါတယ်။ **သူရဖြိုး**




# ယနေ့ စျေးကွက်ပေါက်စျေးများ

၃၀-၈-၂၀၁၈

**ရွှေ**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၇၀၅၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၃၃၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီစျေး(ရန်ကုန်) | လက်လီစျေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၅၅/၉၉၀ ကျပ် | ၁၀၂၀/၁၀၃၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၆၅/၁၀၀၅ ကျပ် | ၁၀၃၀/၁၀၄၀ ကျပ် |
| အောက်တိန်း ၉၂ | ၉၂၅/၉၆၀ ကျပ် | ၁၀၁၅/၁၀၃၀ ကျပ် |
| အောက်တိန်း ၉၅ | ၉၇၅/၁၀၁၀ကျပ် | ၁၀၆၀/၁၀၈၀ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၅၁၅ · ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၁၇၇၄ · ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၁၁၀ · ၂ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် ၁၉၇၄ · ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် ၁၃၅၆ · ၃ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် ၁၁၀၇ · ၄ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၂၂ · ၁၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၁ · ၄၇၉ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် ၁၃၆ · ၇၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၃၆၈ · ၈၄ |
| ထိုင်း | တစ်ဘတ် | ကျပ် ၄၆ · ၃၄၄ |

(ဗဟိုဘဏ်ပေါက်စျေး ဖြစ်ပါသည်)

ခင်ရတနာ-စုစည်းသည်။

# ပြည်သူများသို့ အသိပေးနှိုးဆော်ချက်

**နိုင်ငံတော်အစိုးရ၏ လူမှုကာကွယ်စောင့်ရှောက်ရေး ငွေကြေးထောက်ပံ့မှု အစီအစဉ်များတွင် အကျုံးဝင်ပါလျက်နှင့် အချိန်မီမရရှိလျှင်သော်လည်းကောင်း၊ ကလေးသူငယ်များနှင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများနှင့် ပတ်သက်၍သော်လည်းကောင်း၊ သတင်းပေးတိုင်ကြားလိုပါက အောက်ဖော်ပြပါ Help Line တယ်လီဖုန်းနံပါတ်များသို့ (၂၄ )နာရီ တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်- ၀၆၇-၄၀၄၂၂၂၊ ၀၆၇-၄၀၄၉၉၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
လူမှုဝန်ထမ်းဦးစီးဌာန

မြန်မာ့အလင်း

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**စာတည်းမှူး(တာဝန်)** - ဝင်းကျော်
**စာတည်းမှူး** - မြင့်ဆွေ (သတင်းထောက်ချုပ်)
**စာတည်းများ** - မြင့်စိုး၊ ကြည်ဝင်း၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး (ဓာတ်ပုံ)၊ မြတ်မွန်ထွေး
**အငယ်တန်းသတင်းထောက်များ** - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ **ဖြန့်ချိရေး** ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR DigitalNews Presented by NPE www.mdn.gov.mm



# နိုင်ပွဲပြန်လည်ရယူသွားမယ့် မန်စီးတီး

● ဝေမိုးဆက်

ပရီမီယာလိဂ်ပွဲစဉ် (၃)မှာတော့ လက်ရှိချန်ပီယံမန်စီးတီးဟာ ဝုဖ်ကို အနိုင်မယူနိုင်ခဲ့ဘဲ သရေသာကစားနိုင်ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ မန်စီးတီးဟာ အိမ်ကွင်းမှာ ကာဆယ်နဲ့ရင်ဆိုင်ရဦးမှာဖြစ်လို့ နိုင်ပွဲပြန်ရမလားစောင့်ကြည့်ရမယ်။ ဒ့ါအပြင် ဖိအားတွေများနေတဲ့ မန်ယူဟာလည်း အဝေးကွင်းမှာ ဘန်လေနဲ့ ရင်ဆိုင်ရမှာ ဖြစ်ပါတယ်။ မန်ယူအနေနဲ့ ခြေစွမ်းအားနည်းနေတဲ့ ဘန်လေနဲ့ပွဲမှာ ဖိအားတွေအောက်က ရုန်းထွက်နိုင်မလားစောင့်ကြည့်ရမယ်။

### ဂိုးအများဆုံးသွင်းထားသူများ

| အမည် | အသင်း | ဂိုး |
|---|---|---|
| အဂူရို | မန်စီးတီး | ၃ ဂိုး |
| ရီချာလီဆန် | အဲဗာတန် | ၃ ဂိုး |
| မာနေး | လီဗာပူး | ၃ ဂိုး |
| မီထရိုဗစ် | ဖူလ်ဟမ် | ၃ ဂိုး |
| ပီရီယာ | ဝက်ဖို့ဒ် | ၃ ဂိုး |

## လက်စတာ Vs လီဗာပူး

ကစားမည့်အချိန် ည ၆း၀၀ (၁-၉-၁၈) King Power Stadium

နောက်ဆုံးဆုံတွေ့မှု - လီဗာပူး ၂-၁ လက်စတာ

လီဗာပူးခြေစွမ်းပိုင်း အကောင်းဆုံး ဖြစ်နေပါတယ်။ အထူးသဖြင့် သုံးပွဲကစားပြီးချိန်မှာပေးဂိုး မရှိသေးတဲ့ခံစစ်ပိုင်းက ကျစ်လျစ်နေတယ်။ လက်စတာက ဗာဒီမပါဝင်နိုင်ပေမယ့် ဆောက်သမ်တန်ကို အနိုင်ယူနိုင်ခဲ့ပါတယ်။ ဒါပေမယ့် လက်စတာအနေနဲ့ လီဗာပူးခံစစ်ကိုတော့ ထိုးဖောက်ဖို့ခက်ပါလိမ့်မယ်။ လက်စတာအသင်းလိုက်ကောင်းသလို အိမ်ကွင်းအားနဲ့ ထိန်းချုပ်ဖို့အားစိုက်ကစားလာမှာဖြစ်ပေမယ့် လီဗာပူးပဲ အနိုင်ရမယ်။

## ချယ်လ်ဆီး Vs ဘုန်းမောက်

ကစားမည့်အချိန် ည ၈း၃၀ (၁-၉-၁၈) Stamford Bridge

နောက်ဆုံးဆုံတွေ့မှု - ချယ်လ်ဆီး ၀-၃ ဘုန်းမောက်

ချယ်လ်ဆီးခြေမဆိုးဘူး။ ဟာဇက်ပွဲထွက် ပါဝင်လာခဲ့မှုကြောင့်လည်း ထိုးစစ်အားပိုပြီးမြင့်လာတယ်။ ဒီပွဲကအိမ်ကွင်းဖြစ်တာကြောင့် ချယ်လ်ဆီးတို့ နိုင်ပွဲဆက်နိုင်အောင်လည်း အားစိုက်ကစားလာဖို့ရှိပါတယ်။ ဘုန်းမောက်ခြေမဆိုးပေမယ့် ခံစစ်ပိုင်းမှာအနည်းငယ်လိုအပ်ချက်ရှိနေပါတယ်။ ဘုန်းမောက် ခံစစ်အားပြုကစားမှာဖြစ်ပေမယ့် ချယ်လ်ဆီးတိုက်စစ်ကို ထိန်းဖို့ခက်ပါတယ်။ ချယ်လ်ဆီးကသာ အိမ်ကွင်းမှာ နိုင်ပွဲတစ်ပွဲ ထပ်မံရယူသွားနိုင်မှာပါ။

## အဲဗာတန် Vs ဟတ်ဒါဖီးလ်

ကစားမည့်အချိန် ည ၈း၃၀ (၁-၉-၁၈) Goodison Park

နောက်ဆုံးဆုံတွေ့မှု - ဟတ်ဒါဖီးလ် ၀-၂ အဲဗာတန်

အဲဗာတန်ခြေမဆိုးဘူး။ အိမ်ကွင်းပွဲတွေမှာ ကစားအားပိုကောင်းတတ်တယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းလည်း တည်ငြိမ်မှုအပြည့်ရှိပါတယ်။ ဟက်ဒါဖီးလ်ကတော့ အဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘဲ ခံစစ်ပိုင်းအနေအထားကလည်း အားနည်းလွန်းနေတယ်။ သုံးပွဲကစားပြီးချိန်မှာ ကိုးဂိုးအထိ ပေးထားရတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အဲဗာတန်ကို ထိန်းချုပ်နိုင်ဖို့ခက်ပြီး အဲဗာတန်ကသာ အိမ်ကွင်းမှာနိုင်ပွဲရယူသွားနိုင်မှာပါ။

## ကာဒစ်ဖ် Vs အာဆင်နယ်

ကစားမည့်အချိန် ည ၇း၀၀ (၂-၉-၁၈) Cardiff City Stadium

နောက်ဆုံးဆုံတွေ့မှု - အာဆင်နယ် ၂-၀ ကာဒစ်ဖ်

အာဆင်နယ်ဟာ ဝက်စ်ဟမ်းကို အနိုင်ရရှိခဲ့ပြီး နိုင်ပွဲစရခဲ့တဲ့အတွက် ဒီပွဲမှာလည်း နိုင်ပွဲဆက်နိုင်ဖို့ အားစိုက်လာမှာပါ။ အာဆင်နယ်အနေနဲ့ ခံစစ်ကြောင်း မတည်ငြိမ်ဘူးဆိုပေမယ့် ကာဒစ်ဖ်က တိုက်စစ်ပိုင်းအားနည်းလွန်းပါတယ်။ သုံးပွဲကစားပြီးမှာတစ်ဂိုးမှမသွင်းနိုင်သေးဘူး။ ဒါကြောင့်လည်းဒီပွဲစဉ်မှာ အာဆင်နယ်ခံစစ်ကို ဖိအားပေးနိုင်ဖို့ ခက်ပါတယ်။ အာဆင်နယ်တို့ ဒီပွဲမှာ အခွင့်အရေးရရှိနိုင်ပြီး နိုင်ပွဲတစ်ပွဲကို ယူဆောင်နိုင်မှာပါ။

## ဘရိုက်တန် Vs ဖူလ်ဟမ်

ကစားမည့်အချိန် ည ၈း၃၀ (၁-၉-၁၈) The American Express

နောက်ဆုံးဆုံတွေ့မှု - ဖူလ်ဟမ် ၁-၂ ဘရိုက်တန်

ဖူလ်ဟမ်က နိုင်ပွဲစရခဲ့ပြီဖြစ်တာကြောင့် ဒီပွဲမှာလည်း ရလဒ်ထပ်ကောင်းဖို့ အားစိုက်မှာပါ။ မီထရိုဗစ်၊ အန်ဒရီရှာ ဂိုးသွင်းခြေရရှိခဲ့ခြင်းက ဖူလ်ဟမ်တိုက်စစ်ကို အားကောင်းစေတယ်။ ဘရိုက်တန်က အသင်းလိုက်မာပြီး အိမ်ကွင်းမဆိုးပေမယ့် လက်ရှိခြေစွမ်းပိုင်းက မငြိမ်သေးဘူး။ ဖူလ်ဟမ်ရဲ့တုံ့ပြန်ကစားအားကြောင့် ဘရိုက်တန်တို့ မထင်မှတ်ဘဲ အခက်တွေ့နိုင်ခြေရှိတယ်။ ဘရိုက်တန်တို့ အိမ်ကွင်းဖြစ်ပေမယ့်လည်း သရေသာ ကစားနိုင်ဖို့ရှိတယ်။

## ပဲလေ့စ် Vs ဆောက်သမ်တန်

ကစားမည့်အချိန် ည ၈း၃၀ (၁-၉-၁၈) Selhurst Park

နောက်ဆုံးဆုံတွေ့မှု - ဆောက်သမ်တန် ၁-၂ ပဲလေ့စ်

သုံးပွဲကစားပြီးချိန်မှာ နိုင်ပွဲမရဘဲ နှစ်ပွဲရှုံးထားတဲ့ဆောက်သမ်တန်ခြေစွမ်း အားနည်းလွန်းတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းမှာပုံမှန်ဂိုးသွင်းပေးမယ့် တိုက်စစ်မှူးပျောက်ဆုံးနေတယ်။ ပဲလေ့စ်က အိမ်ကွင်းဆိုရင် လျင်မြန်မှုရှိပြီး ထိုးဖောက်ကစားပုံကောင်းတယ်။ ဒါကြောင့်လည်း ဒီပွဲမှာ ဆောက်သမ်တန်တို့ ပဲလေ့စ်ရဲ့ အိမ်ကွင်းအားကို ခက်ခက်ခဲခဲရင်ဆိုင်ရနိုင်ပါတယ်။ ဒီပွဲမှာဆောက်သမ်တန်တို့ အားစိုက်မှာဖြစ်ပေမယ့် ပဲလေ့စ်ကသာ နိုင်ပွဲရမယ်။

## ဝက်စ်ဟမ်း Vs ဝုဖ်

ကစားမည့်အချိန် ည ၈း၃၀ (၁-၉-၁၈) London Stadium

နောက်ဆုံးဆုံတွေ့မှု - ဝက်စ်ဟမ်း ၁-၀ ဝုဖ်

ဝက်စ်ဟမ်းက အသင်းလိုက်ဟန်ချက်အတော်လေး ပျောက်ဆုံးနေတယ်။ ကစားသမားအပြောင်းအလဲများလွန်းမှုကြောင့် တည်ငြိမ်မှုမဲ့နေတယ်။ ဝုဖ်ကအသင်းကောင်းတစ်သင်းဖြစ်ပြီး နိုင်ပွဲမရသေးလို့လည်း အားစိုက်လာမှာပါ။ ဝုဖ်အနေနဲ့ မန်စီးတီးကိုသရေခံကစားခဲ့တဲ့ပွဲမှာလည်း ကစားပုံကောင်းမွန်မှုရှိခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်း အိမ်ကွင်းဖြစ်ပေမယ့် အနိုင်ရမယ်ဆိုရင်တောင် မပြတ်သားပါဘူး။

## ဘန်လေ Vs မန်ယူ

ကစားမည့်အချိန် ည ၉း၃၀ (၂-၉-၁၈) Turf Moor

နောက်ဆုံးဆုံတွေ့မှု - ဘန်လေ ၀-၁ မန်ယူ

မန်ယူဟာ မာတစ်ဒဏ်ရာရရှိနေလို့ ကွင်းလယ်ပိုင်းအားနည်းသလို ဆန်းချက်ဇ်လည်း အခုအချိန်ထိပုံမှန်ခြေစွမ်းမရနိုင်သေးတာကြောင့် တိုက်စစ်ပိုင်းမှာ အားပျော့နေတယ်။ ဒါပေမယ့် ဘန်လေကလည်း ယူရိုပါလိဂ်ပြိုင်ပွဲနဲ့ ပရီမီယာလိဂ်ကြားမှာ မနိုင်ဝန် ထမ်းနေရတယ်။ ဒီပွဲမတိုင်ခင် ယူရိုပါလိဂ်ခြေစစ်ပွဲအဖြစ် အနိုင်ရဖို့ အိမ်ကွင်းမှာ အားစိုက်ကစားခဲ့ရမှာဖြစ်တာကြောင့်လည်း ဘန်လေပွဲပန်းမှုဒဏ် ပိုခံရနိုင်တယ်။ မန်ယူတို့ နိုင်ပွဲရသွားမှာပါ။

## မန်စီးတီး Vs ကာဆယ်

ကစားမည့်အချိန် ည ၁၁း၀၀ (၁-၉-၁၈) Etihad Stadium

နောက်ဆုံးဆုံတွေ့မှု - မန်စီးတီး ၃-၁ ကာဆယ်

ဝုဖ်ကိုအနိုင်မရခဲ့တာကြောင့် မန်စီးတီးတို့ ဒီပွဲစဉ်မှာ နိုင်ပွဲပြန်ရဖို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ မန်စီးတီးကအိမ်ကွင်းပွဲမှာဆိုရင်လည်း တိုက်စစ်ပိုင်းကစားပုံကောင်းမွန်မှုပိုရှိပါတယ်။ ကာဆယ်က ချယ်လ်ဆီးနဲ့ပွဲမှာ ကစားပုံကောင်းမွန်ခဲ့ပေမယ့် အဝေးကွင်းပွဲတွေမှာ ခြေစွမ်းအနည်းငယ်ကျဆင်းတတ်သလို တိုက်စစ်ပိုင်းစွမ်းဆောင်ရည်လည်းသာမန်သာရှိပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်စီးတီးတို့ နိုင်ပွဲပြန်ရသွားနိုင်ပါတယ်။

## ဝက်ဖို့ဒ် Vs စပါး

ကစားမည့်အချိန် ည ၉း၃၀ (၂-၉-၁၈) Vicarage Road

နောက်ဆုံးဆုံတွေ့မှု - စပါး ၂-၀ ဝက်ဖို့ဒ်

စပါးခြေစွမ်းပိုင်း တည်ငြိမ်မှုရှိပါတယ်။ တိုက်စစ်၊ ခံစစ်မျှတစွာကစားနိုင်ပါတယ်။ ဒါပေမယ့် ဝက်ဖို့ဒ်ကလည်း ကစားအားကောင်းမွန်ပြီး သုံးပွဲကစား သုံးပွဲစလုံး အနိုင်ရထားတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်ရဲ့ခံစစ်က ကျစ်လျစ်ပြီး အိမ်ကွင်းခြေစွမ်းပိုင်းလည်း မာကျောမှုရှိတယ်။ ဒါကြောင့်လည်း ဒီပွဲမှာစပါးတို့မထင်မှတ်ဘဲအခက်တွေ့နိုင်ပါတယ်။ အထူးသဖြင့် ဝက်ဖို့ဒ်သာ ခံစစ်အားပြုကစားရင် စပါးထိုးဖောက်ရခက်နိုင်ကာ ဂိုးပြတ်နိုင်ဖို့ခက်မယ်။

## ပရီမီယာလိဂ်ပွဲစဉ် (၄)

| စနေနေ့ | | | ၁-၉-၁၈ |
|---|---|---|---|
| လက်စတာ | - | လီဗာပူး | ည ၆း၀၀ |
| ဘရိုက်တန် | - | ဖူလ်ဟမ် | ည ၈း၃၀ |
| ချယ်လ်ဆီး | - | ဘုန်းမောက် | ည ၈း၃၀ |
| ပဲလေ့စ် | - | ဆောက်သမ်တန် | ည ၈း၃၀ |
| အဲဗာတန် | - | ဟတ်ဒါဖီးလ် | ည ၈း၃၀ |
| ဝက်စ်ဟမ်း | - | ဝုဖ် | ည ၈း၃၀ |
| မန်စီးတီး | - | ကာဆယ် | ည ၁၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂-၉-၁၈** |
| ကာဒစ်ဖ် | - | အာဆင်နယ် | ည ၇း၀၀ |
| ဘန်လေ | - | မန်ယူ | ည ၉း၃၀ |
| ဝက်ဖို့ဒ် | - | စပါး | ည ၉း၃၀ |

## လာလီဂါပွဲစဉ် (၃)

| သောကြာနေ့ | | | ၃၁-၈-၁၈ |
|---|---|---|---|
| ဂီတာဖေး | - | ဗယ်လာဒိုးလစ် | နံနက် ၀၀း၃၀ |
| အီဘား | - | ဆိုစီဒက်စ် | နံနက် ၂း၃၀ |
| ဗီလာရီးရဲ | - | ဂျီရိုနာ | နံနက် ၂း၃၀ |
| **စနေနေ့** | | | **၁-၉-၁၈** |
| ဆဲလ်တာဗီဂို | - | အက်သလက် | ည ၈း၄၅ |
| ဗယ်လက်ကာနို | - | ဘီဘာအို | ည ၁၁း၀၀ |
| ရီးရဲ | - | လီဂါနက်စ် | နံနက် ၁း၁၅ |
| **တနင်္ဂနွေနေ့** | | | **၂-၉-၁၈** |
| လီဗန်တေး | - | ဗလင်စီယာ | ညနေ ၄း၃၀ |
| အလာဗက်စ် | - | အက်စ်ပန်ညို | ည ၈း၄၅ |
| ဘာစီလိုနာ | - | ဝက်စ်ကာ | ည ၁၁း၀၀ |
| ဘက်တစ် | - | ဆီဗီလာ | နံနက် ၁း၁၅ |

## ပြင်သစ်ပထမတန်းပွဲစဉ် (၄)

| သောကြာနေ့ | | | ၃၁-၈-၁၈ |
|---|---|---|---|
| လိုင်ယွန် | - | နိုက်စ် | နံနက် ၁း၁၅ |
| **စနေနေ့** | | | **၁-၉-၁၈** |
| နီမက်စ် | - | ပီအက်စ်ဂျီ | ည ၉း၃၀ |
| အန်ဂျာစ် | - | လေလီ | နံနက် ၀၀း၃၀ |
| ဒီဂျွန် | - | ကိန်း | နံနက် ၀၀း၃၀ |
| ဂူအင်ဂမ့် | - | တူးလောက်စ် | နံနက် ၀၀း၃၀ |
| ရိမ်းစ် | - | မောင့်ပယ်လီယာ | နံနက် ၀၀း၃၀ |
| စထရက်ဘော့ချ် | - | နန့်စ် | နံနက် ၀၀း၃၀ |
| **တနင်္ဂနွေနေ့** | | | **၂-၉-၁၈** |
| စိန့်အေတီယန် | - | အာမီယန် | ည ၇း၃၀ |
| ရိန်းစ် | - | ဘော်ဒိုး | ည ၉း၃၀ |
| မိုနာကို | - | မာဆေး | နံနက် ၁း၃၀ |

## စီးရီးအေပွဲစဉ် (၃)

| သောကြာနေ့ | | | ၃၁-၈-၁၈ |
|---|---|---|---|
| မီလန် | - | ရိုးမား | နံနက် ၁း၀၀ |
| **စနေနေ့** | | | **၁-၈-၁၈** |
| ဘိုလော့ဂ်နာ | - | အင်တာ | ည ၁၀း၃၀ |
| ပါးမား | - | ဂျူဗင်တပ်စ် | နံနက် ၁း၀၀ |
| **တနင်္ဂနွေနေ့** | | | **၂-၉-၁၈** |
| ဖီအိုရင်တီးနား | - | အူဒီးနိစ် | ည ၁၀း၃၀ |
| အတ္တလန္တာ | - | ကက်ဂလီယာရီ | နံနက် ၁း၀၀ |
| ချီယေဗို | - | အမ်ပိုလီ | နံနက် ၁း၀၀ |
| လာဇီယို | - | ဖရိုစီနိုနီ | နံနက် ၁း၀၀ |
| ဆမ်ဒိုးရီးယား | - | နာပိုလီ | နံနက် ၁း၀၀ |
| ဆက်ဆူအိုလို | - | ဂျီနိုအာ | နံနက် ၁း၀၀ |
| တိုရီနို | - | SPAL | နံနက် ၁း၀၀ |

## ဘွန်ဒက်စ်လီဂါပွဲစဉ် (၂)

| သောကြာနေ့ | | | ၃၁-၈-၁၈ |
|---|---|---|---|
| ဟန်နိုဗာ | - | ဒေါ့မွန် | နံနက် ၁း၀၀ |
| **စနေနေ့** | | | **၁-၉-၁၈** |
| ဟော့ဖန်ဟိမ်း | - | ဖရိုင်းဘတ် | ည ၈း၀၀ |
| လေဗာကူဆင် | - | ဝုဖ်ဘတ် | ည ၈း၀၀ |
| ဖရန့်ဖွတ် | - | ဝါဒါဘရီမင် | ည ၈း၀၀ |
| အော့စ်ဘတ် | - | ဂလာဘတ်ချ် | ည ၈း၀၀ |

# ပေါ့ဂ်ဘာထက်ကောင်းတဲ့ ရောဘတ်တိုပီရီယာဟာဘယ်သူလဲ

အောင်က

**ဝက်ဖို့ဒ်အသင်း ကွင်းလယ်ကစားသမား ရောဘတ်တိုပီရီယာဟာ မန်ယူအသင်းရဲ့ စံချိန်တင်ကစားသမားတစ်ဦးဖြစ်တဲ့ ပေါ့ဂ်ဘာနဲ့တော့ နှိုင်းယှဉ်စရာမဟုတ်ဘူးလို့ ပြောနိုင်ပါတယ်။ ဒါပေမယ့် လက်ရှိတစ်ကိုယ်တော်ခြေစွမ်းတွေမှာတော့ ရောဘတ်တိုပီရီယာရဲ့ခြေစွမ်းကတော့ အသိအမှတ်ပြုဖွယ်ကောင်းလောက်အောင် ခြေစွမ်းပြနိုင်နေတာကလည်း အမှန်လို့ဆိုရမှာပါ။ ကမ္ဘာ့အပြောင်းအရွှေ့ဈေးကွက်ရဲ့ထိပ်တန်းကစားသမားအပြောင်းအရွှေ့ဟာ ပေါင်သန်း ၁၀၀ ကျော်ကနေ ၂၀၀ ကျော်အထိရှိနေတာကြောင့် ပီရီယာရဲ့ဝက်ဖို့ဒ်အသင်းကိုယူရို ၁၃ သန်းနဲ့ ပြောင်းရွှေ့ခဲ့မှုကတော့ မပြောပလောက်တဲ့ ပမာဏလို့ဆိုချင်ဆိုနိုင်ပါတယ်။ ဒါပေမယ့်ပီရီယာဟာ ဝက်ဖို့ဒ်အသင်းအတွက်တော့ စံချိန်တင်ခေါ်ယူမှု ဖြစ်ပါတယ်။ ပီရီယာနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေဟာ ပရီမီယာလိဂ်ပရိသတ်တွေနဲ့တော့ စိမ်းလွန်းတယ်လို့ပြောရမယ်။ ဒါကြောင့် ဒီနှစ်ရာသီမှာ ဝက်ဖို့ဒ်အသင်းနဲ့အတူ ခြေစွမ်းပြနေတဲ့ ပီရီယာရဲ့အကြောင်း အရာတချို့ကို ကောက်နုတ်တင်ပြလိုက်ပါတယ်။**

### အခြေတည်ရာ

ရောဘတ်တိုပီရီယာဟာ အာဂျင်တီးနားသားတစ်ဦးဖြစ်ပြီး အာဂျင်တီးနားရဲ့ နာမည်ကျော်ကလပ်အသင်းဖြစ်တဲ့ ရေးဗားပလိတ်အသင်းမှာ ဘောလုံးပညာကို စတင်သင်ယူခဲ့တဲ့သူ ဖြစ်ပါတယ်။ သူဟာအသက် ၁၈ နှစ်အရွယ်မှာတော့ ရေးဗားပလိတ် အသင်းမှာစတင်ကစားခွင့်ရခဲ့ပြီး ၂၀၁၁ ခုနှစ်မှာတော့ စီးရီးအေကလပ်အူဒီးနိစ်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။



သူဟာ အူဒီးနိစ်အသင်းမှာတော့ ဆန်းချက်ဇ်၊ ကာ၀ါဒိုအဆာမို၊ ဘီနာတီယာတို့လိုပဲ ထူးချွန်တဲ့ ကစားသမားတွေအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါတယ်။ သူဟာ ပထမဦးဆုံးရာသီမှာပဲ အသင်းနဲ့အတူ ပြိုင်ပွဲစုံ ၅၂ ပွဲ ပါဝင်ကစားထားနိုင်ခဲ့ပြီး အသင်းရဲ့ကစားသမားတွေထဲမှာတော့ တစ်ရာသီအတွင်း ပွဲအများဆုံးကစားသူအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ သူဟာ အူဒီးနိစ်အသင်းနဲ့အတူ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် ၂၀၁၄ ခုနှစ်မှာတော့ ဂျူဗင်တပ်စ်အသင်းကအငှားနဲ့ခေါ်ယူပြီး နောက်ရာသီမှာတော့ အမြဲတမ်းကစားသမားအဖြစ် အပြီးသတ်ပြောင်းရွှေ့သွားခဲ့ပါတယ်။

သူဟာ ဂျူဗင်တပ်စ်မှာတော့အမြဲတမ်းကစားသမားအဖြစ် တစ်ရာသီသာကစားပြီး ၂၀၁၆ခုနှစ်မှာတော့ ဝက်ဖို့ဒ်အသင်းကိုယူရို ၁၆ သန်းနဲ့ပြောင်းရွှေ့နိုင်ခဲ့ပါတယ်။ ဝက်ဖို့ဒ်အသင်းမှာ စတင်ကစားခဲ့တဲ့ ရာသီမှာပဲ မန်နေဂျာ မာဇာရီကသူ့ရဲ့ခြေစွမ်းကိုချီးကျူးပြောဆိုခဲ့ပြီး ပေါ့ဂ်ဘာနဲ့ ပီရီယာကိုရွေးပါဆိုရင် ပီရီယာကိုသာ ရွေးချယ်မယ်ဆိုတဲ့အကြောင်းကိုလည်း ထုတ်ဖော်ပြောဆိုခဲ့ပါတယ်။

### ပီရီယာရဲ့ခြေစွမ်း

အာဂျင်တီးနားကစားသမား ပီရီယာဟာ ယခုနှစ်ရာသီမှာတော့ ဝက်ဖို့ဒ်အသင်းနဲ့အတူ သုံးပွဲကစားကာ သုံးဂိုးသွင်းယူပေးပြီးအသင်းကို သုံးပွဲမှာ အမှတ်ပြည့် ကိုးမှတ်ရရှိအောင်စွမ်းဆောင်ပေးထားနိုင်သူလည်း ဖြစ်ပါတယ်။ ပီရီယာဟာ အသင်းအတွက် သုံးဂိုးသွင်းယူပေးထားရုံသာမက ဘောလုံးဖြန့်ဝေမှုတွေ၊ အခွင့်အရေးဖန်တီးပေးနိုင်မှုတွေမှာလည်း အကောင်းဆုံးလုပ်ဆောင်ပေးထားနိုင်သူ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သုံးပွဲမှာ ဝက်ဖို့ဒ်အသင်းရရှိခဲ့တဲ့ ရဂိုး ခုနစ်ဂိုးလုံးဟာ ပီရီယာနဲ့ တိုက်ရိုက်ပါဝင်ပတ်သက်မှုရှိပြီးမှ ရရှိခဲ့တဲ့ ဂိုးတွေလည်း ဖြစ်ပါတယ်။

### ပီရီယာရဲ့အရေးပါမှု

အာဂျင်တီးနားသား ပီရီယာဟာ အသင်းအတွက်ဂိုးတွေသွင်းယူပေးထားသလို အသင်းရဲ့ကစားကွက်အရလည်း အရေးပါတဲ့သူတစ်ဦးအဖြစ်ရှိနေပါတယ်။ ဝက်ဖို့ဒ်အသင်းမန်နေဂျာ ဂါစီယာရဲ့ ၄-၂-၂-၂ ကစားကွက်မှာတော့ ပီရီယာဟာ တိုက်စစ်မှူးတွေရဲ့နောက် ဘယ်တောင်ပံကွင်းလယ်နေရာမှာ ကစားတာလည်းဖြစ်ပါတယ်။ ဒါကြောင့် သူဟာတိုက်စစ်မှူးတွေကိုအခွင့်အရေး ရဖို့အတွက် ဖန်တီးမှုတွေလုပ်ဆောင်ပေးနိုင်တာလည်း ဖြစ်ပါတယ်။ ဝက်ဖို့ဒ်အသင်းရဲ့ကွင်းလယ်မှာ ကစားသမား လေးဦးရှိပေမယ့် စွယ်စုံရ ပီရီယာကတော့ ဝက်ဖို့ဒ်အသင်းအတွက် အရေးပါတဲ့သူတစ်ဦးအဖြစ်ရှိနေတာက အမှန်တရားလို့ဆိုရမှာပါ။

ဒါ့အပြင် ဒီးနေး သို့မဟုတ် အန်ဒီဂရေးတို့ ဒဏ်ရာကြောင့်အနားယူရဖို့ရှိတယ်ဆိုရင်လည်း သူဟာနောက်ချန် တိုက်စစ်မှူးတစ်ဦးအဖြစ်ကစားနိုင်စွမ်းရှိတဲ့သူတစ်ဦးလို့ ပြောရမှာပါ။ ဒါကြောင့်လည်း ဝက်ဖို့ဒ်အသင်းအတွက်တော့ ဒီနှစ်ရာသီမှာ ပီရီယာရဲ့အားနဲ့ အဆင့်တစ်ဆင့်ကို တက်လှမ်းနိုင်မလား ဆိုတာကလည်း စောင့်ကြည့်ချင်စရာလို့ ပြောရမှာဖြစ်ပါတယ်။

ပရီမီယာလိဂ် ရာသီစတင်တာဟာ သုံးပတ်သာရှိနေသေးတာကြောင့် ကစားသမားတစ်ဦးကောင်းတယ်၊ မကောင်းဘူးဆိုတာကို ဝေဖန်သုံးသပ်ဖို့ကတော့ စောလွန်းနေသေးတယ်လို့တော့ပြောရမှာပါ။ ဒါပေမယ့်လက်ရှိကစားနေတဲ့ခြေစွမ်း၊ ခြေစတွေနဲ့ အသင်းအပေါ် အကျိုးပြုမှုတွေမှာတော့ ပီရီယာဟာ မန်ယူအသင်းရဲ့ကွင်းလယ်ကစားသမား ပေါ့ဂ်ဘာထက်သာတယ်လို့တော့ဆိုလိုက်ချင်ပါတယ်။ ။



## ယူအီးအက်ဖ်အေ Goal of the Season ဆုအတွက် ရော်နယ်ဒို ရွေးချယ်ခံရ



၂၀၁၇-၁၈ ခုနှစ် ဘောလုံးရာသီ ၏ ယူအီးအက်ဖ်အေ Goal of the Season ဆုအတွက် ဂျူဗင်တပ်စ်နှင့် ပေါ်တူဂီတိုက်စစ်ကစားသမား ခရစ္စတီယာနို ရော်နယ်ဒိုက မဲအများဆုံး ရရှိခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

ပြီးခဲ့သည့် ဘောလုံးရာသီ၏ ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဧပြီ ၄ ရက်တွင် ဂျူဗင်တပ်စ်အသင်းက ရီးရဲမက်ဒရစ်အသင်းအား အိမ်ကွင်း၌ လက်ခံကစားခဲ့သည့်ပွဲတွင် ရီးရဲမက်ဒရစ်အသင်းအတွက် နောက်ပြန်ကန်ချက်ဖြင့် တိုက်စစ်ကစားသမား ရော်နယ်ဒိုသည် လှပစွာ ကန်သွင်းယူခဲ့သည့်ဂိုးအား မဲပေးသူများက မဲအများအပြား ပေးခဲ့ကြခြင်းဖြစ်သည်။ အဆိုပါ ဂိုးသွင်းယူချိန်တွင် ရော်နယ်ဒိုအား ရီးရဲမက်ဒရစ်အသင်း ပရိသတ်များသာမက ဂျူဗင်တပ်စ်အသင်းပရိသတ်များကပါ ဂုဏ်ပြုသြဘာပေးခဲ့ကြသည်။

ယူအီးအက်ဖ်အေ Goal of the Season ဆုအတွက် ယူအီးအက်ဖ်အေအဖွဲ့၏ နည်းစနစ်လေ့လာရေးအဖွဲ့မှ ဆန်ခါတင် ၁၁ ဦးကို ရွေးချယ်ပေးခဲ့ပြီး ပရိသတ်များက မဲပေးရွေးချယ်ပေးခဲ့ခြင်းဖြစ်သည်။ မဲပေးသူပေါင်း ၃၄၆၈၁၅ ဦးအနက် ရော်နယ်ဒို၏ သွင်းဂိုးအား မဲပေးခဲ့သူ ၂၀၀၀၀၀ နီးပါးအထိ ရှိခဲ့သည်ဟုဆိုသည်။

ရော်နယ်ဒိုသည် အဆိုပါ ဆုရရှိကြောင်း ကြားသိခဲ့ရပြီးနောက် သူ၏လူမှုရေးစာမျက်နှာတွင် "ကျွန်တော့်ကို မဲပေးခဲ့သူအားလုံးကို ကျေးဇူးတင်ပါတယ်။ အဲဒီဂိုးသွင်းယူခဲ့တဲ့ အချိန်ကာလကို ဘယ်တော့မှ မေ့မှာမဟုတ်ပါဘူး။ အထူးသဖြင့် ကွင်းထဲမှာရှိတဲ့ ပရိသတ်တွေရဲ့ တုံ့ပြန်မှုကိုပေါ့"ဟု ရေးသားဖော်ပြခဲ့သည်။ ယူအီးအက်ဖ်အေ Goal of the Season ဆုအတွက် ပြီးခဲ့သည့် ၁၂ လအတွင်း ယူအီးအက်ဖ်အေမှ ကြီးမှူးကျင်းပသည့်ပြိုင်ပွဲများနှင့် သတ်မှတ်ထားသည့် နိုင်ငံတကာပြိုင်ပွဲများမှ သွင်းဂိုးများအနက်မှ ရွေးချယ်ခြင်းဖြစ်သည်။

၂၀၁၆-၁၇ ခုနှစ် ယူအီးအက်ဖ်အေ Goal of the Season ဆုကို ဂျူဗင်တပ်စ်တိုက်စစ်မှူး မန်ဇူကစ်က ရရှိခဲ့ကာ ၂၀၁၅-၁၆ နှင့် ၂၀၁၄-၁၅ ခုနှစ်အတွက် ဆုများကို ဘာစီလိုနာနှင့် အာဂျင်တီးနားကစားသမား လီယွန်နယ် မက်ဆီက ရရှိခဲ့သည်။

**ထက်အောင်**

## ဂျိမ်းစ်ဗာဒီနှင့် ဂယ်ရီကာဟေးလ်တို့ နိုင်ငံတကာကစားသမားဘဝမှ အနားယူ



လက်စတာအသင်း တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီနှင့် ချယ်လ်ဆီးအသင်းဗဟိုခံစစ်မှူး ဂယ်ရီကာဟေးလ်တို့သည် နိုင်ငံတကာကစားသမားဘဝမှ အနားယူပြီဖြစ်ကြောင်း ပြီးခဲ့သည့် အင်္ဂါနေ့တွင် သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်္ဂလန်လက်ရွေးစင်အသင်းအတွက် အရေးပေါ် လိုအပ်ချိန်များ ရှိလာပါကမူ နိုင်ငံအသင်းအတွက် ပြန်လည်ပါဝင်ကစားပေးရန် အဆင်သင့်ရှိကြောင်း တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီနှင့် ခံစစ်မှူး ဂယ်ရီကာဟေးလ်တို့က ပြောဆိုထားသည်။

တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီနှင့်ခံစစ်မှူး ဂယ်ရီကာဟေးလ်တို့သည် ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲဝင် အင်္ဂလန်အသင်းတွင် ပါဝင်ခွင့်ရရှိခဲ့သော်လည်း ပုံမှန်ကစားခွင့်ရရှိခဲ့ခြင်းမရှိသူများဖြစ်သည်။ အသက် ၃၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီသည် ၂၀၁၅ ခုနှစ် တွင် အင်္ဂလန်လက်ရွေးစင်အသင်းအတွက် စတင်ပါဝင်ခွင့်ရရှိခဲ့ကာ နိုင်ငံတကာပွဲပေါင်း ၂၆ ပွဲ ပါဝင်ကစားခဲ့ပြီး ခုနစ်ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ ခံစစ်မှူး ကာဟေးလ် (၃၂နှစ်)သည် ၂၀၁၀ ပြည့် နှစ်ကတည်းက နိုင်ငံအသင်းအတွက် ပါဝင်ကစားနေခဲ့သူဖြစ်ပြီး နိုင်ငံအသင်း နှင့်အတူ ၆၁ ပွဲ ပါဝင်ကစားခဲ့ကာ ငါးဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။

တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီက "နိုင်ငံလက်ရွေးစင်အသင်းအတွက် ရွေးချယ်ခံရတဲ့ ကစားသမားတိုင်း အသင်းမှာ ပါဝင်ကစားချင်ကြသူတွေချည်းပါပဲ။ တကယ်လို့ အဲဒီလိုဖြစ်မလာခဲ့ဘူးဆိုရင်တော့ ကျွန်တော့်အနေနဲ့ ပြောရမယ်ဆိုရင် ဒီအချိန်က မိသားစုအတွက် အချိန်ပေးဖို့နဲ့ ကလပ်အသင်းမှာ လေ့ကျင့်မှု ပြုလုပ်ရေးအတွက် ပိုမိုအချိန်ပေးရမှာပါ"ဟု ပြောဆိုခဲ့သည်။

ဆက်လက်၍ တိုက်စစ်မှူး ဂျိမ်းစ်ဗာဒီက "မန်နေဂျာ ဆောက်ဂိတ်က ကျွန်တော့်အတွက် အခွင့်အရေးတွေ အများကြီးရှိနေသေးတယ်လို့ ခံစားရကြောင်း ပြောပါတယ်။ ကျွန်တော်တို့ အနေနဲ့လည်း နိုင်ငံအသင်းအတွက် အရေးတကြီးလိုအပ်လာချိန်မှာ နိုင်ငံအသင်းရဲ့ ခေါ်ယူမှုကို ငြင်းပယ်မှာ မဟုတ်ပါဘူး"ဟု ပြောဆိုခဲ့သည်။

**ထက်အောင်**

# မြန်မာလုပ်သားဈေးကွက်နဲ့ ကိုက်ညီမယ့် လုပ်ငန်းအမျိုးအစား ၃၀ ကို လက်ရှိ ဆောင်ရွက်နေပါတယ်

ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်

## အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးစကားဝိုင်း



ရခိုင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးဇော်အေးမောင်



အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်



ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်



မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်မှ ဦးထွန်းထွန်း



မြန်မာနိုင်ငံပြည်ပအလုပ်အကိုင် အေဂျင်စီများ အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးပီတာညွန့်မောင်

**နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးသည် အလွန်အရေးကြီးသည်။ နိုင်ငံအတွင်း ကဏ္ဍစုံတွင် လုပ်ကိုင်နေကြသည့် လုပ်သားအရင်းအမြစ်များ အားကောင်းပြီး အရည်အသွေးပြည့်ဝသည့် လုပ်သားများ ပေါ်ထွက်မှသာ စီးပွားရေးဖွံ့ဖြိုးအောင် စွမ်းဆောင်နိုင်မည်ဖြစ်ရာ အလုပ်အကိုင်အခွင့် အလမ်းနှင့် ကုန်ထုတ်စွမ်းအားဖွံ့ဖြိုးရေးဆိုင်ရာ စီးပွားရေးစကားဝိုင်းကို ဩဂုတ် ၂၁ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆက်လက်ကျင်းပခဲ့သည်။**

*(ယမန်နေ့မှ အဆက်)*

**အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်** ။ ။ ကျွန်တော်ကတော့ ကုန်ထုတ်စွမ်းအားတွေ မြှင့်တင်နိုင်ဖို့အတွက် လုပ်ငန်းခွင် အေးချမ်းသာယာမှုရှိဖို့လည်း လိုအပ်တယ်လို့ ဖြည့်စွက်ပြောကြားလိုပါတယ်။ ဒီလိုအေးချမ်းသာယာဖို့အတွက် အလုပ်ရှင်ရော၊ အလုပ်သမားရော အလုပ်သမားရေးရာဆိုင်ရာ၊ လုပ်ငန်းခွင်ရေးရာဆိုင်ရာ ဥပဒေတွေကိုလည်း သိနားလည်ဖို့ လိုအပ်ပါတယ်။ ပေးအပ်ရမယ့် အခွင့်အရေးတွေကို အပြည့်အဝ ပေးအပ်သင့်တယ်လို့လည်း မြင်ပါတယ်။ တစ်ဖက်မှာလည်း ဘယ်လိုပြဿနာ၊ ဘယ်လိုအငြင်းပွားမှုဖြစ်ဖြစ် စားပွဲဝိုင်းအဆင့်ဆင့် ဆွေးနွေးတာဟာ မှန်ကန်တဲ့ ဖြေရှင်းမှုလို့ ပြောလိုပါတယ်။ အငြင်းပွားတွေကို ဖြေရှင်းဖို့အတွက် ယန္တရားကြီးရှိပါတယ်။

စက်ရုံတိုင်းမှာ စေ့စပ်ညှိနှိုင်းရေးအဖွဲ့တွေ ရှိတယ်။ သူတို့တွေက မန်နေဂျာ၊ အလုပ်ရှင်တို့နဲ့ အဆင့်ဆင့် ညှိနှိုင်းဖို့ လိုအပ်ပါတယ်။ ပြဿနာရှိတိုင်း လမ်းပေါ်ထွက်ပြီး ဆန္ဒပြနေမယ်ဆိုရင် ကုန်ထုတ်စွမ်းအား တိုးတက်ဖို့ နေနေသာသာ လုပ်ငန်းခွင် အေးချမ်းဖို့မပြောနဲ့ အလုပ်အကိုင် တည်မြဲဖို့ကိုပါ အနှောင့်အယှက်ဖြစ်တယ်ဆိုတာ အလုပ်သမားတွေ သိစေလိုပါတယ်။

**စနစ်တကျနဲ့ လုပ်ကိုင်ဆောင်ရွက်နေ**

ကိုထွန်းထွန်း ဆွေးနွေးသွားခဲ့သလိုပါပဲ။ အမျိုးသားအဆင့် ကျွမ်းကျင်ဖွံ့ဖြိုးမှု စံသတ်မှတ်ချက် NSSA ရဲ့စစ်ဆေးမှုလေးတွေကို ပြောပြလိုပါတယ်။ အဲဒီမှာ ကျွန်တော်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ စစ်ဆေးတဲ့နေရာမှာ ကျွန်တော်တို့က သတ်မှတ်ချက်တွေကို လျှော့ထားတာ လုံးဝမရှိပါဘူး။ လူ ၁၀၀ ဖြေလို့ လူ ၁၀၀ လုံး ဘယ်လိုမှ အောင်မြင်ဖို့ မလွယ်ပါဘူး။ ဥပမာ မကြာသေးမီက လေအေးပေးစက်ပြုပြင်မှု ကျွမ်းကျင်တဲ့ ကလေးတွေ သူတို့က အပြင်က နာမည်ကြီးလုပ်ငန်းတစ်ခုမှာ အလုပ်လုပ်နေကြသူတွေ ဖြစ်ပါတယ်။

သူတို့က အသိအမှတ်ပြုလက်မှတ်လိုချင်တဲ့အတွက် လာပြီးစစ်ဆေးခံကြပါတယ်။ လာဖြေတာက ၂၄ ဦးရှိပြီး ၁၉ ဦးအောင်မြင်ပါတယ်။ ကျန်တဲ့သူတွေက သူတို့ ဘာကြောင့် မအောင်မြင်သလဲဆိုတာ Complain လုပ်ကြပါတယ်။ သူတို့တွေဟာ အပြင်မှာ Professional အသက်မွေးနေကြသူတွေပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွမ်းကျင်မှု Skills တွေ သတ်မှတ်တဲ့အခါ အလုပ်အကိုင်တွေကို သတ်မှတ်တဲ့အချိန်အတွင်းမှာ သပ်သပ်ရပ်ရပ်နဲ့ စံချိန်စံညွှန်းမီမီနဲ့ လုပ်ဆောင်နိုင်ဖို့ဆိုပြီး သတ်မှတ်ထားတဲ့ စံနှုန်းတွေ ထားပါတယ်။ ဒါကိုလည်း NSSA ထုတ်ပေးရေးအဖွဲ့က စနစ်တကျနဲ့ လုပ်ကိုင်ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

**ဦးထွန်းထွန်း** ။ ။ ဟုတ်ကဲ့။ လက်တွေ့မှာ ကျွန်တော်တို့က ဥပဒေတွေ၊ စည်းမျဉ်း စည်းကမ်းတွေ ထုတ်ပြန်တဲ့အခါ အမှန်တကယ် အသုံးတည့်ရဲ့လား၊ လက်တွေ့မှာ အဆင်ပြေနိုင်မလား ဆိုတာတွေ Survey တွေ လုပ်ဖို့ လိုအပ်တယ်လို့ မြင်ပါတယ်။ အခု ဖြစ်နေတာက ဥပဒေတစ်ခုထုတ်လိုက်တယ်။ ဒါပေမယ့် သေသေချာချာ Implement လုပ်နိုင်ခြင်း မလုပ်နိုင်ခြင်းက ကျွန်တော်တို့ ရန်ကုန်က လူတွေ ပိုပြီးသိနိုင်ကြပါတယ်။ ဥပမာ လူကူးမျဉ်းကြားမှာ မော်တော်ကားရပ်ရမယ်ဆိုတာ ကိုယ့်တိုင်းပြည်မှာ မသိသလို ဖြစ်နေကြတယ်။ ကားရှင်းမှ လူက ကူးနိုင်ကြတယ်။ ပြောင်းပြန်တွေဖြစ်နေတယ်။

**တားမြစ်ချက်နဲ့ ဒဏ်ကြေး**

ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဆီမှာ သေးသေးလေးတွေကို အရေးယူမဖြေရှင်းတဲ့အခါ ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်ဘူး ဆိုတာတွေ များလာပြီး အချို့ Sector တွေမှာ အကြီးကြီးတွေ ဖြစ်လာရတယ်။ ဒါကြောင့် ဥပဒေတွေ၊ ညွှန်ကြားချက်တွေ၊ စည်းမျဉ်း စည်းကမ်းတွေဟာ တကယ်လက်တွေ့ကျင့်သုံးနိုင်မလား။ နောက်ကနေ Rules of Law က လိုက်နိုင်မလား ဆိုတာတွေကို သေသေချာချာ သုံးသပ်ပြီးမှ ထုတ်ပြန်ပေးဖို့ လိုအပ်ပါတယ်။ တားမြစ်ချက်နဲ့ ဒဏ်ကြေးက မလျော်ကန်ရင် အဆင်မပြေနိုင်ပါဘူး။

**ဝန်ကြီး ဦးဇော်အေးမောင်** ။ ။ ရန်ကုန်တိုင်းဒေသကြီးမှာတော့ စည်ပင်သာယာဥပဒေလည်း ရနေပါပြီ။ နည်းဥပဒေကိုလည်း ရေးဆွဲနေပါပြီ။ အဲဒါအရကတော့ အခု ကိုထွန်းထွန်း ပြောသွားတာတွေအပေါ်မှာလည်း Action Plan တွေ ပါလာပါလိမ့်မယ်။ မီးနဲ့ ပတ်သက်လို့ပြောရရင် အပူဆုံးလမေလမှာတောင် ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ မဂ္ဂါဝပ် ၁၅၄၀ ကျော် ပေးအပ်နိုင်ခဲ့ပါတယ်။ အခု လာမယ့်နွေမှာလည်း ရန်ကုန်လျှပ်စစ်ဘုတ်အဖွဲ့ကနေ ၁၆၂၀ မဂ္ဂါဝပ်အထိ ပေးနိုင်မယ်လို့ YESC က အခုပဲ ပြောပါတယ်။

**ဘယ်လောက်တိုးတက်သလဲ**

တစ်ခုရှိတာက ကျွန်တော်တို့ဆီမှာ မီးကြိုးတွေ အားနည်းချက်လည်း ရှိနေပါတယ်။ ပြန်လည်ပြင်ဆင်ဖို့အတွက် ပြည်ထောင်စုအစိုးရအဖွဲ့ကိုလည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တင်ပြထားတာရှိပါတယ်။ နိုင်ငံတိုင်းဟာ တိုးတက်မှုကို လျှပ်စစ်ဘယ်လောက်သုံးစွဲသလဲဆိုတာနဲ့ တိုင်းတာကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ အသုံးပြုနေတဲ့ လျှပ်စစ်ဓာတ်အားက တစ်နိုင်ငံလုံးရဲ့ ထက်ဝက်ကျော်ဖြစ်နေတာမို့ ဘယ်လောက်တိုးတက်သလဲဆိုတာ ကြည့်ရင်သိနိုင်ပါတယ်။

**"နိုင်ငံတိုင်းဟာ တိုးတက်မှုကို လျှပ်စစ်ဘယ်လောက်သုံးစွဲသလဲဆိုတာနဲ့ တိုင်းတာကြပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာ အသုံးပြုနေတဲ့ လျှပ်စစ်ဓာတ်အားက တစ်နိုင်ငံလုံးရဲ့ ထက်ဝက်ကျော်ဖြစ်နေတာမို့ ဘယ်လောက်တိုးတက်သလဲဆိုတာ ကြည့်ရင်သိနိုင်ပါတယ်"**

**အစီအစဉ်မှူး** ။ ။ အခုလို အားလုံး စိတ်ပါလက်ပါနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးပေးနေကြတာ ဝမ်းသာမိပါတယ်။ ဆက်လက်ပြီးတော့လည်း အလုပ်အကိုင်အခွင့်အလမ်းတွေ တိုးတက်ဖို့နဲ့ စီးပွားရေးအခွင့်အလမ်းတွေ မြင့်မားဖို့အတွက် ဝန်ကြီးဌာနကနေ တစ်ထောင့်တစ်နေရာက ပံ့ပိုးပေးနေတဲ့ အပိုင်းတွေကိုလည်း ပြောကြားစေလိုပါတယ်။

**ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန်** ။ ။ အားလုံးက ကုန်ထုတ်စွမ်းအား တိုးတက်ရေးအတွက် အလေးထား ဆွေးနွေးနေခဲ့ကြတာပါ။ စံချိန်မီတဲ့ ကုန်ထုတ်စွမ်းအားတွေဖြစ်မှသာ အကျိုးအမြတ်ရရှိပြီး အဲဒါမှသာ အလုပ်သမားတွေလည်း ပိုပြီးအဆင်ပြေနိုင်မှာပါ။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက National Skills Standard Authority (NSSA) မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နေပါတယ်။ မြန်မာလုပ်သားဈေးကွက်နဲ့ ကိုက်ညီမယ့် လုပ်ငန်းအမျိုးအစား ၃၀ ကို လက်ရှိ ဆောင်ရွက်နေပါတယ်။

အဆင့်အားဖြင့် Level 1 မှ 4 ထိ လေးဆင့်သတ်မှတ်ထားပါတယ်။ လာရောက်ဖြေဆိုသူတွေဟာ ကျွမ်းကျင်မှုရှိဖို့ လိုပါတယ်။ ကျွမ်းကျင်လက်မှတ် ရထားပြီဆိုပြီးတော့ ပေါ့ဆလို့ မရပါဘူး။ လုပ်ငန်းရှင်တွေကလည်း ကိုယ့်အလုပ်သမားတွေကို အမြဲတမ်း အဆင်သင့်ဖြစ်နေအောင်၊ ကျွမ်းကျင်နေအောင် လုပ်ပေးမှသာ ကုန်ထုတ်စွမ်းအားတွေ တိုးတက်လာနိုင်မှာ ဖြစ်ပါတယ်။ ဝန်ကြီးဌာနက စက်မှုဇုန်တွေမှာဆိုရင် အထည်ချုပ်စက်ရုံတိုင်း Training Center တွေ ဖွင့်နိုင်ဖို့ ကြိုးစားထားပါတယ်။ အစိုးရရော၊ ပုဂ္ဂလိက အပါအဝင် စစ်ဆေးအကဲဖြတ်ဌာန ၁၀၀ ကျော် ရှိပါတယ်။

**လက်မှတ်ထုတ်ပေးနိုင်ခဲ့**

စစ်ဆေးအကဲဖြတ်သူ ၄၀၀ ကျော် မွေးထုတ်ပေးနိုင်ခဲ့ပြီး ကျွမ်းကျင်မှုလက်မှတ်အဆင့် (၁)၊ (၂) ကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်ကနေ ယနေ့အထိ လုပ်သား ၇၂၀၀ ကျော် စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး အဆင့်မီတဲ့ လုပ်သား ၆၂၀၀ ကျော်ကို လက်မှတ်ထုတ်ပေးနိုင်ခဲ့ပါတယ်။

အနာဂတ်အစီအမံအနေနဲ့ ဝန်ကြီးဌာနက ရန်ကုန်၊ မန္တလေး၊ ပဲခူး ၊စက်စဲနဲ့ ပုသိမ်မြို့တွေမှာ လေ့ကျင့်ရေးသင်တန်းကျောင်း ခြောက်ခု ဖွင့်လှစ်ထားပါတယ်။ အဲဒီကနေ ဂဟေဆက်သင်တန်း၊ လျှပ်စစ်သင်တန်း၊ လေအေးပေးစက် တပ်ဆင်ပြုပြင်တဲ့သင်တန်း စတဲ့သင်တန်းများအပြင် JICA နဲ့ ပူးပေါင်းပြီး လက်သမားသင်တန်း၊ ပန်းရန်သင်တန်းနဲ့ သံချည်သံကွေးသင်တန်းများကိုလည်း ပို့ချပေးနေပါတယ်။

ပဲခူး၊ မကွေးနဲ့ စစ်ကိုင်းတိုင်းဒေသကြီးတွေမှာ သင်တန်းကျောင်းများ ဖွင့်လှစ်နိုင်အောင် စီစဉ်နေပါတယ်။ လာမယ့်နှစ်မှာ ကျန်းမာရေးဆိုင်ရာ ကျွမ်းကျင်မှုစံဖြစ်တဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်ရေး အပါအဝင် အခြားလုပ်ငန်းနယ်ပယ်အလိုက် ကျွမ်းကျင်မှုစာအုပ်ထုတ်ဝေဖို့ စီစဉ်နေပါတယ်။

စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ဖို့ဆိုတာ လုပ်ငန်းရှင်တွေနဲ့ပဲ လုပ်ကိုင်လို့ မရပါဘူး။ အလုပ်သမားတွေကလည်း ကုန်ထုတ်လုပ်မှုမြှင့်တင်ရေးမှာ အဓိကကျပါတယ်။ ကိုယ့်အလုပ်သမားတွေရဲ့ အရည်အသွေးမြင့်မားမှသာ ကုန်ထုတ်စွမ်းအားတွေ တိုးတက်လာမှာဖြစ်ပါတယ်။ ဒါကြောင့် လုပ်ငန်းရှင်တွေကလည်း ကိုယ့်အလုပ်သမားတွေ ကျွမ်းကျင်မှုရှိလာအောင် အလေးထားဆောင်ရွက်ပေးပါလို့ ပြောလိုပါတယ်ခင်ဗျာ။

**အစီအစဉ်မှူး** ။ ။ ဆက်လက်ပြီးတော့ ပြည်ပအလုပ်အကိုင်တွေနဲ့ ပတ်သက်ပြီးတော့လည်း ဆွေးနွေးပေးပါဦး။

**ဦးပီတာညွန့်မောင်** ။ ။ အစီအစဉ် ပထမပိုင်းတုန်းက ဝန်ကြီး မေးသွားတာ ရှိပါတယ်။ ဂျပန်ကို အလုပ်သမားဝန်ကြီးဌာနနဲ့ ဂျပန်နိုင်ငံအစိုးရတို့ MoU လက်မှတ်ထိုးပြီးဖြစ်တဲ့အတွက် မြန်မာအလုပ်သမားတွေအတွက် အခွင့်အလမ်းတွေ အများကြီးပေါ်ပေါက်လာပြီဖြစ်ပါတယ်။ သူတို့ဘက်က လာပြီးဆွေးနွေးတဲ့အခါ အနာဂတ်ကို စဉ်းစားတတ်တဲ့နိုင်ငံပီပီ မြန်မာနိုင်ငံကို တော်တော်လေး မျှော်လင့်ထားတဲ့ပုံစံရှိတာ သိရပါတယ်။ အဲဒီထဲမှာမှ သက်ကြီးရွယ်အို စောင့်ရှောက်ရေးနဲ့ မသန်စွမ်းစောင့်ရှောက်ရေးဂေဟာတွေမှာဆိုရင် အလုပ်သမားဟာ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ သုံးသိန်းလောက် လိုအပ်နေတယ်လို့ သိရပါတယ်။ ဒါပေမယ့် သွားရောက်လိုတဲ့ အလုပ်သမားတွေရဲ့ ကျွမ်းကျင်မှုကတော့ တော်တော်လေး လိုအပ်ပါတယ်။ ဘာသာစကားကိုလည်း ကျွမ်းကျင်ရမှာဖြစ်ပြီး လစာအနေနဲ့ကတော့ သင့်တော်များပြားတဲ့အနေအထား ဖြစ်မှာပါ။ ဒ့ါအပြင် အင်ဂျင်နီယာတွေနဲ့ အိုင်တီကျွမ်းကျင်သူတွေကိုလည်း ခေါ်ယူလာပါတယ်။ သွားရမယ့်အခွင့်အလမ်းတွေ များလာပေမယ့် စဉ်းစားစရာလည်း ရှိပါတယ်။

**ကျွမ်းကျင်မှုပြဿနာ**

ကျွန်တော်တို့နိုင်ငံက အလုပ်သမားတွေဟာ

*စာမျက်နှာ ၂၁ သို့*

# ကျေးရွာသစ်လွင်ပ်ရှားမှု စီမံကိန်းလွန်ကာလ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး



**နေပြည်တော် ဩဂုတ် ၃၀**

လက်ရှိဆောင်ရွက်နေသော ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်း၏ စီမံကိန်းလွန်ကာလ စီမံခန့်ခွဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၂၇ ရက်က နေပြည်တော် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း ခန်းမ၌ ပြုလုပ်ခဲ့သည်။

အလုပ်ရုံဆွေးနွေးပွဲတွင် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲတင့်ထွန်းက စီမံကိန်းလွန်ကာလများတွင် ကျေးရွာခေါင်းဆောင်အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှု အရှိန်မပျက်ရန် လိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးတွင် ဝင်ငွေတိုးတက်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နိုင်ရေး၊ ဒေသနှင့် သင့်လျော်ကိုက်ညီသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဆိုင်ရာ ဝင်ငွေတိုးတက်ရေးလုပ်ငန်းများ ရွေးချယ်ဆောင်ရွက်နိုင်ရေး၊ တောင်သူများအား စိုက်ပျိုးရေးနည်းပညာများ သာမက အသိပညာပေးရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရေး အမှာစကား ပြောကြားသည်။

ဆေးမားအူးလ်အွန်ဒုန် ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းသည် အခြားစီမံကိန်းများထက် ထူးခြားပြီး မိမိကိုယ်ကိုယ် ဦးဆောင်နိုင်သည့် စွမ်းရည် မြှင့်တင်မှု၊ တစ်ဦးချင်းစီ လုံ့လဝီရိယပြုမှု၊ စည်းလုံးညီညွတ်မှု စသည့် ကိုယ်ရည်ကိုယ်သွေးပိုင်းဆိုင်ရာများကိုပါ မြှင့်တင်ပေးနိုင်သည့် စီမံကိန်းတစ်ခုဖြစ်ကြောင်း၊ စီမံကိန်း ရေရှည်တည်တံ့စွာ ဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ ကျွမ်းကျင်ပညာရှင်များ၏ တာဝန်သည်လည်း အရေးကြီးကြောင်း၊ စီမံကိန်းကို ကျေးရွာပေါင်း ၁၁၀ တွင် အောင်မြင်စွာ ဆောင်ရွက်ခဲ့ပြီးဖြစ်သည့်နည်းတူ အခြားကျေးရွာများသို့လည်း ပြန့်ပွားစေရေး ကြိုးပမ်းပေးကြခြင်းဖြင့် နိုင်ငံ၏ လယ်ယာကဏ္ဍ၊ စီးပွားရေးကဏ္ဍများ တိုးတက်ဖွံ့ဖြိုးရေးအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ရေးကိုလည်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးမှာကြားသည်။

မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး အစီအစဉ်အရ ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA)၏ အထောက်အပံ့ဖြင့် မြန်မာနိုင်ငံတွင် Myanmar SMU ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ဆောင်ရွက်ခဲ့ရာ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုမှ ကျေးရွာ ၁၁၀ တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် အဆောက်အအုံ၊ လမ်းတံတား၊ သောက်သုံးရေ၊ ကျေးရွာခန်းမ၊ ကျန်းမာရေးနှင့် ပညာရေးလုပ်ငန်းများ၊ ဝင်ငွေတိုးလုပ်ငန်းများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် စုပေါင်းအားဖြင့် လုံ့လဝီရိယပြု ဆောင်ရွက်စေပြီး လုပ်ငန်းများကို စနစ်တကျ စီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက ကူညီပံ့ပိုးပေးခြင်းနှင့် နေပြည်တော် ရေဆင်းရှိစိုက်ပျိုးပညာပေးရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး သင်တန်းကျောင်းတွင် လိုအပ်သောသင်တန်းများ သင်ကြားပို့ချပေးခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

အဆိုပါ စီမံကိန်းအတွက် နှစ်နိုင်ငံသဘောတူညီချက်အရ စီမံကိန်းကာလ ငါးနှစ် သတ်မှတ်ထားရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာလတွင် စီမံကိန်းပြီးဆုံးမည်ဖြစ်သည့်အတွက် ယင်းနောက်ပိုင်း စီမံကိန်းလွန်ကာလများတွင် Myanmar SMU ကျေးရွာသစ်လှုပ်ရှားမှု လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားနိုင်ရေးအတွက် ယခုအလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

**ဇူလိုင်မိုး (မြန်မာ့အလင်း)**

# ကော့သောင်းမြို့၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်း ဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၃၀**

ကော့သောင်းမြို့မှ မြို့ခံပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ကမ်းနီးအဖြူရောင် ပရဟိတအဖွဲ့နှင့် အပျော်တမ်း ဆိုင်ကယ်ပရဟိတအဖွဲ့ (Kawthaung Free Riders Group) တို့ ပူးပေါင်းကာ မြို့သန့်ရှင်းသာယာလှပရေးအတွက် သီရိမြိုင်ရပ်ကွက်ရှိ ပြည်သူ့ရင်ပြင်ကွင်းနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်တွင် အမှိုက်သရိုက်များ ရှင်းလင်းခြင်းလုပ်ငန်းများကို ဩဂုတ် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ကော့သောင်းမြို့ သီရိမြိုင်ရပ်ကွက်ရှေ့ ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ပြည်သူ့ရင်ပြင်ကွင်းသည် မြို့အဝင်တွင်တည်ရှိပြီး ပင်လယ်ရှုခင်းဖြင့် သာယာလှပသောနေရာဖြစ်ကာ ပွဲလမ်းသဘင်များ၊ ကုန်စည်ပြပွဲနှင့် ဈေးရောင်းပွဲတော်များ၊ အများပြည်သူနှင့်သက်ဆိုင်သည့် အခမ်းအနားများ ကျင်းပရာ အချက်အချာနေရာဖြစ်ပြီး ပင်လယ်ဒီရေအတက်အကျကြောင့် ကမ်းခြေတစ်လျှောက်တွင် တင်ကျန်ရစ်သည့် အမှိုက်သရိုက်များသည် သာယာလှပသည့် ယင်းနေရာကို ညစ်ညမ်းအကျည်းတန်စေလျက်ရှိသဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် မြို့ခံပရဟိတအဖွဲ့များဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့နှင့် အပျော်တမ်း ဆိုင်ကယ်ပရဟိတအဖွဲ့တို့မှ အဖွဲ့ဝင်များက အမှိုက်သရိုက်များကို ကောက်ယူဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့် သယ်ယူကာ သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာသို့ ပို့ဆောင်စွန့်ပစ်ခြင်းတို့ကို ပြည်သူ့အကျိုးပြုလုပ်ငန်းတစ်ရပ်အဖြစ် စုပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ကျော်စိုး (ကော့သောင်း)**

# ငပုတောမြို့၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းပြုလုပ်

**ငပုတော ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၂၈ ရက်က တမန်ချောင်းကျေးရွာ ကညင်ပင်တောရကျောင်းတိုက် ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ပြည်သူ့စကားဝိုင်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းအောင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဆွေဝင်းတို့က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစိုးသိမ်းနှင့် ဦးဖြိုးဇော်ရွှေတို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ဝင်းက ကျေးလက်လမ်းစီမံကိန်းများအကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူမင်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများဖွင့်လှစ်ခြင်းနှင့် မီးလင်းရေးဆောင်ရွက်ပေးနေမှု အခြေအနေများ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးညွန့်ဦးက အိမ်ထောင်စုစာရင်းနှင့် မှတ်ပုံတင်ထုတ်ပေးမှု လုပ်ငန်းများအကြောင်း၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးထွန်းထွန်းဝင်းက မြေတိုင်းတာမှုနှင့် ပုံစံ (၇) ထုတ်ပေးနေမှု အခြေအနေများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းစိုးဦးက မြေဆီလွှာဓာတ်ခွဲစမ်းသပ်မှုနှင့် စိုက်ပျိုးရေးဆိုင်ရာများ၊ မြို့နယ်ပညာရေးမှူး ဦးစိုးဝင်းက ကျောင်းများအဆင့်မြှင့်တင်မှု အခြေအနေများ စသည်တို့ကို ကဏ္ဍအလိုက် ဦးဆောင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ပြည်သူ့စကားဝိုင်းသို့ တမန်ချောင်း၊ ဟင်းအိုးချောင်း၊ ကမ်းနီနှင့် ကွင်းချောင်းကျေးရွာများမှ ပြည်သူ ၃၂၀ ခန့် တက်ရောက်ပြီး ပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မေးခွန်း ၁၀ ခုကို မေးမြန်းခဲ့ကာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့သည်။

**မြို့နယ် (ပြန်/ဆက်)**



# ဖျာပုံမြို့တွင် စပါးခင်းများအတွင်း ငါးကောင်ရေတစ်သိန်း မျိုးစိုက်ထည့်

**ဖျာပုံ ဩဂုတ် ၃၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း ငါးသယံဇာတများ ပေါများစေရေးအတွက် ဖျာပုံခရိုင် ငါးလုပ်ငန်းဦးစီးဌာနက ဦးဆောင်၍ ကျုံတာရှမ်းကွင်းကျေးရွာအုပ်စုမှ တောင်သူ ၅၀ ၏ လယ်မြေဧက ၂၀၀ အတွင်းသို့ ငါးခုံးမကြီး ငါးသားပေါက်ကောင်ရေတစ်သိန်းကို ဩဂုတ် ၂၉ ရက်က မျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးကျော်ဆွေဦး၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးတင်မောင်မောင်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ဝါဝါသိန်း၊ ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျုံတာရှမ်းကွင်းကျေးရွာမှ ငါးမွေးမြူရေးကိုစိတ်ပါဝင်စားသည့် တောင်သူများ၊ ဒေသခံပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်း၍ ငါးသားပေါက်များကို စပါးခင်းများအတွင်းသို့ လွှတ်ပေးပြီး မျိုးစိုက်ထည့်ခဲ့ကြသည်။

**ကျော်စိုးမိုး**

*စာမျက်နှာ ၂၀ မှအဆက်*

အခြေခံအလုပ်သမားတွေအဖြစ် ထိုင်းနိုင်ငံတို့၊ မလေးရှားနိုင်ငံတို့မှာ သွားပြီး အလုပ်လုပ်ကြပါတယ်။ သူတို့ရဲ့ပုံစံနဲ့တော့ ဂျပန်နဲ့ သိပ်တူမှာ မဟုတ်ပါဘူး။ အဲဒီလို သွားလုပ်တဲ့သူတွေထဲမှာ အင်္ဂလိပ်စာကို သင်ပုန်းမကျေသူတွေလည်း ပါပါတယ်။ အလုပ်ရှင်မဆိုးရင် ပြဿနာမရှိပေမယ့် အလုပ်ရှင်က မကောင်းတဲ့အခါ ပညာအရည်အချင်းအားနည်းပြီး ဗဟုသုတနည်းပါးမယ်ဆိုရင် အခက်အခဲတွေ အများကြီးရှိသလို စေလွှတ်တဲ့ အေဂျင်စီတွေမှာလည်း တာဝန်တွေ အများကြီးရှိပါတယ်။ ဒါကြောင့် မသွားခင်ကတည်းက ကျွန်တော်တို့က ရှင်းပြကြရပါတယ်။ ဒါကြောင့် အဓိကကတော့ ကျွမ်းကျင်မှုပြဿနာ ဖြစ်ပါတယ်။ အခု ဂျပန်က ခေါ်တာမှန်ပေမယ့် ကျွန်တော်တို့ဘက်က အရည်အသွေးကို ဖြည့်တင်းပြီးမှသာ သွားရောက်နိုင်မယ်ဆိုတာကိုတော့ သတိချပ်စေလိုပါတယ်။

**အစီအစဉ်မှူး ။ ။** လုပ်သားအင်အားနဲ့ ပတ်သက်ပြီးတော့ စစ်တမ်းတွေ နှစ်စဉ် ကောက်ယူနေတဲ့အကြောင်းကိုလည်း ရှင်းပြဆွေးနွေးပေးပါဦး။

**ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ။ ။** ကျွန်တော်တို့ ဝန်ကြီးဌာနက စက်မှုဇုန်နဲ့ စက်မှုဇုန်ပြင်ပမှာရှိတဲ့ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်သမားတွေရဲ့ စာရင်းတွေကို နှစ်စဉ် ကောက်ယူလျက်ရှိပါတယ်။ ၂၀၁၇ ခုနှစ်က စက်မှုဇုန်တွေမှာ အလုပ်ဌာနပေါင်း ၇၀၀၀ ကျော်နဲ့ လုပ်သား ငါးသိန်းလောက်ရှိနေပြီး စက်မှုဇုန်ပြင်ပမှာ အလုပ်ဌာနပေါင်း ၂ သိန်းနဲ့ အလုပ်သမားပေါင်း ၁၁ သန်းကျော်ရှိကြောင်း သိရပါတယ်။ ကောက်ခံနေတဲ့ အခြေခံအချက်အလက်တွေကတော့ အိမ်ထောင်စုတွေ ဘယ်လိုပေါင်းစပ်ဖွဲ့စည်းထားသလဲ၊ လူဦးရေနဲ့ ပညာရေးအဆင့်အတန်းတွေ၊ အသက် ၅ နှစ်အထက် အိမ်ထောင်စုဝင်တွေရဲ့ လက်ရှိအလုပ်အကိုင်၊ အသက် ၁၄ နှစ်အထက် အိမ်ထောင်စုဝင်တွေရဲ့ လွန်ခဲ့တဲ့ တစ်ပတ်က လုပ်ခဲ့တဲ့အလုပ်တွေ စသည်ဖြင့် ILO ရဲ့ နည်းပညာအကူအညီသုံးပြီး ကောက်ယူနေခဲ့ပါတယ်။

၂၀၁၆ ခုနှစ်မှာ လုပ်သားအင်အားစစ်တမ်း၊ ကလေးလုပ်သားအစီရင်ခံစာ၊ စစ်တမ်းများ၊ နှစ်ချုပ်အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါတယ်။ ၂၀၁၇ ခုနှစ်မှာ မြန်မာနိုင်ငံအတွင်း အလုပ်လုပ်ကိုင်နိုင်တဲ့ အသက်အပိုင်းအခြားရှိသူ ၁၅ နှစ်နှင့် အထက် ၃၉ သန်း ကျော်ရှိပါတယ်။ ဒီနေရာမှာ တကယ့်အလုပ်သမားကတော့ ၂၂ ဒသမ ၅ သန်းရှိပြီး လက်ရှိလုပ်နေတဲ့သူကတော့ ၂၂ ဒသမ ၀၂ သန်းရှိပါတယ်။ အလုပ်လက်မဲ့နှုန်း ၁ ရာခိုင်နှုန်းနဲ့ လုပ်သားအင်အားအပြည့်အဝ အသုံးမချနိုင်မှုကတော့ ၆ ဒသမ ၈ ရာခိုင်နှုန်းရှိတာကို တွေ့ရပါတယ်။

### နိုင်ငံတော်ကို အကျိုးပြု

ဒီစစ်တမ်းဟာ တစ်ကြိမ်တည်း ကောက်ခံလို့ရတဲ့စစ်တမ်း မဟုတ်ပါဘူး။ စဉ်ဆက်မပြတ် လုပ်သားဈေးကွက်ဆိုင်ရာ အချက်အလက်တွေကို ပုံမှန်ရရှိဖို့အတွက် ကောက်ယူပေးခြင်း ဖြစ်ပါတယ်။ အဲဒီလို ကောက်ယူတဲ့ အချက်အလက်တွေဟာ နိုင်ငံတော်ရဲ့ မူဝါဒတွေ ရေးဆွဲရာ၊ သုတေသနပြုစုရာနဲ့ စာတမ်းတွေ ရေးသားရာမှာ အများကြီး အထောက်အကူပြုပြီး နိုင်ငံတော်ကို အကျိုးပြုနေပါတယ်။

**အစီအစဉ်မှူး ။ ။** ဆွေးနွေးမယ်ဆိုရင်တော့ ဆွေးနွေးစရာ အချက်အလက်တွေ၊ စိတ်ဝင်စားစေမယ့် အကြောင်းအရာတွေဟာ ပြောလို့ကုန်မှာ မဟုတ်ပါဘူး။ အခုလည်း ပြည်သူတွေ၊ လုပ်သားတွေနဲ့ စီးပွားရေးလုပ်ကိုင်သူတွေအတွက် သင့်တင့်တဲ့ အချက်အလက်ကောင်းတွေလည်း ဆွေးနွေးနိုင်ခဲ့ပြီဖြစ်လို့ အမြဲတမ်းအတွင်းဝန်ကပဲ နောက်ဆုံးပြောလိုတဲ့ အချက်တွေနဲ့ စကားဝိုင်းရဲ့ အနှစ်ချုပ်ကို ဆွေးနွေးပေးပါဦး။

**အမြဲတမ်းအတွင်းဝန် ။ ။** ဒီကနေ့ ကျွန်တော်တို့ စကားဝိုင်းမှာ အဓိကဆွေးနွေးသွားတာက အလုပ်အကိုင်အခွင့်အလမ်းအကြောင်းတွေနဲ့ ကုန်ထုတ်စွမ်းအားတိုးတက်စေဖို့အတွက် ပြောသွားပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းလို့ ပြောလိုက်တာနဲ့ အလုပ်သမားတစ်ယောက်က အလုပ်အကိုင်အခွင့်အလမ်း ရဖို့အတွက် သူ့မှာ အလုပ်အကိုင်နဲ့ ပတ်သက်တဲ့ ကျွမ်းကျင်မှု လိုအပ်ပြီဆိုတာ သိရမယ်။ ဆွေးနွေးကြတဲ့အထဲမှာ ပြည်တွင်းနဲ့ ပြည်ပ ပါဝင်ပါတယ်။ ကျွမ်းကျင်မှုကလည်း ပြည်တွင်းရော ပြည်ပမှာပါ လိုအပ်ပါတယ်။ အလုပ်ရှင်တွေဘက်လည်း အလုပ်သမားတွေရဲ့ကျွမ်းကျင်မှုကို တတ်နိုင်သလောက် ကူညီပံ့ပိုးပေးဖို့ လိုအပ်ပါတယ်။

ကုန်ထုတ်စွမ်းအားမြင့်မားဖို့အတွက် လုပ်ငန်းခွင်အေးချမ်းသာယာဖို့ လိုအပ်သလို လုပ်ငန်းခွင်အေးချမ်းသာယာဖို့အတွက်လည်း အလုပ်သမားရေးရာဆိုင်ရာ ဥပဒေတွေကို အလုပ်ရှင်ရော၊ အလုပ်သမားတွေရော သိနားလည်ကြဖို့ လိုအပ်ပါတယ်။ အလုပ်ရှင်နဲ့ အလုပ်သမားဆိုတာ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ ဆိုပေမယ့် တစ်ခါတစ်ရံမှာ အဖုအထစ်တွေ ရှိနေတတ်ပါတယ်။ ဒါကို ဖြေရှင်းတဲ့အခါမှာလည်း စနစ်တကျနဲ့ နည်းလမ်းကျနစွာ ညှိနှိုင်းဖြေရှင်းဖို့နဲ့ ဥပဒေကို လေးစားဖို့ လိုအပ်ပါတယ်။

### တရားဝင်လမ်းကြောင်းက သွားလာဖို့လို

ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဆွေးနွေးမှုတွေမှာလည်း အနှစ်ချုပ်လိုက်ရင် ပြည်ပကို သွားတဲ့အခါ တရားဝင်လမ်းကြောင်းက သွားလာဖို့ လိုအပ်ပါတယ်။ ဒါမှလည်း ဝန်ကြီးဌာနက ဘယ်နိုင်ငံမှာ၊ ဘယ်မြို့မှာဖြင့် မြန်မာအလုပ်သမား ဘယ်လောက်ရှိနေတယ် ဆိုတာကို သိရှိနိုင်ပြီး လိုအပ်လာလို့ ကူညီမှုတွေ ပေးတဲ့အခါမှာလည်း အကျုံးဝင်မှာပါ။ ဥပမာပြောရရင် ဟိုတလောက ရေတွေကြီးကြတယ်။ အဲဒီတော့ မြန်မာအလုပ်သမားတွေများ ပါနေလားဆိုတာ ရှာကြရတယ်။ စနစ်တကျ စာရင်းပြုစုထားနိုင်တဲ့အတွက် တရားဝင်သွားဖြေရှင်းရာမှာလည်း လွယ်ကူပါတယ်။

အရာရာတိုင်းမှာ အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရဆိုတာ သုံးပွင့်ဆိုင် သွားနေကြပါတယ်။ ဥပဒေတွေရော၊ လုပ်ငန်းစဉ်တိုင်းမှာရော သုံးဦးသုံးဖလှယ်ပါဝင်မှသာ အောင်မြင်မှာဖြစ်ပါတယ်။ အလုပ်သမားတွေနဲ့ ပြဿနာတွေ တက်နေမယ်၊ အစိုးရကလည်း သတ်မှတ်ချက်တွေကို အတင်းကာရော ပြဋ္ဌာန်းနေမယ်၊ အလုပ်ရှင်တွေကလည်း မလိုက်နာကြဘဲနေမယ်ဆိုရင် ဘယ်လိုမှ မတိုးတက်နိုင်ပါဘူး။

ဒါကြောင့် အစိုးရ၊ အလုပ်ရှင်နဲ့ အလုပ်သမားတွေဟာ အမြဲဆွေးနွေး ငြင်းခုံနေကြရတာများပါတယ်။ ကြာလာတော့ ငြင်းရင်းခုံရင်းနဲ့ပဲ သူငယ်ချင်းတွေလို ဖြစ်လာနေကြပါတယ်။ ဒါကြောင့် တစ်ခါတစ်ရံမှာ အငြင်းပွားရတာဟာ အကျင့်တောင်ပါနေပါပြီ။ နောက်ပိုင်းမှာ တစ်ဦးရဲ့ ခြေလှမ်းကိုလည်း တစ်ဦးက မြင်တတ်နေကြပြီး အလုပ်ရှင်ရဲ့ခြေလှမ်း၊ အလုပ်သမားရဲ့ခြေလှမ်းနဲ့ အစိုးရရဲ့ ခြေလှမ်းကို စောင့်ကြည့်ကြ၊ အဖြေထုတ်ကြ၊ ငြင်းခုံကြနဲ့ပဲ နိုင်ငံရဲ့ စီးပွားရေးကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုနေကြတာပါ။ ဒါကြောင့် ဒီစကားဝိုင်းကို ကြည့်ရှုဖြစ်သူ၊ ဖတ်ရှုဖြစ်သူတွေအတွက်လည်း အများကြီး အကျိုးရှိစေမယ်လို့ ယုံကြည်ပါတယ်လို့ ပြောပါရစေ။ ။

**ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး**

# ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၇) ထုတ်ဝေဖြန့်ချိ

**နေပြည်တော် ဩဂုတ် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် ဒို့ကျေးရွာဂျာနယ်ကို အသွင်သဏ္ဌာန် အနှစ်သာရ ပြောင်းလဲကာ ရောင်စုံစာမျက်နှာများဖြင့် ဝေဝေဆာဆာ ထုတ်ဝေဖြန့်ချိလျက်ရှိရာ အတွဲ(၁၅)၊ အမှတ်(၁၇)ကို ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

၁-၉-၂၀၁၈ ရက်နေ့ထုတ် ဒို့ကျေးရွာဂျာနယ် အတွဲ(၁၅)၊ အမှတ်(၁၇)တွင် ဒေသအလိုက် တွက်ခြေကိုက်နနွင်းစိုက်ကြမယ်၊ ရေဘေးသင့်ဒေသများ၏ လယ်ယာမြေများ အချိန်မီပြန်လည် စိုက်ပျိုးနိုင်ရေး ကြိုတင်ပြင်ဆင်အပါအဝင် စိုက်ပျိုးရေးဆိုင်ရာ ဆောင်းပါးများ၊ ဝက်မွေးမယ်ဆိုရင် ဆောင်းပါးအပါအဝင် မွေးမြူရေးဆိုင်ရာ ဆောင်းပါးများ၊ ဆရာကြီးလယ်တွင်းသားစောချစ်၏ ဒုတိယအရွယ် အခန်းဆက်ဝတ္ထုရှည်၊ ကျောက်ကပ်ကျောက်တည်ခြင်းအတွက် ဆောင်ရန်ရှောင်ရန် အစားအစာများ၊ ကင်ဆာရောဂါအတွက် အစွမ်းထက်သည့် မုန်လာဉနီအပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးများ၊ ဒို့ကျေးရွာပေးစာများ၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဆိုင်ရာ နိုင်ငံတကာနှင့် ပြည်တွင်းမျက်မှောက်ရေးရာသတင်းများ၊ အင်တာဗျူး၊ ကျေးလက်ရသကဗျာ၊ ကာတွန်း၊ ဟာသ၊ အနုပညာကဏ္ဍ၊ အားကစား၊ ဗေဒင်၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိုးလေဝသခန့်မှန်းချက် စသည့် ဗဟုသုတရရှိစေမည့် အကြောင်းအရာများကို သုတရသစုံလင်စွာဖြင့် ဖတ်ရှုရမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မြန်မာ့မီးရထားမှ သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေများပေးအပ်

**အောင်လံ ဩဂုတ် ၃၀**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့၌ ပြည်-အောင်လံ-ဆတ်သွား မီးရထားလမ်းစီမံကိန်းတွင် ပြလို့ကျေးရွာအုပ်စုမှ သိမ်းဆည်းလယ်ယာမြေများအတွက် လျော်ကြေးငွေပေးအပ်ပွဲကို ဩဂုတ် ၂၉ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ခိုင်ထွန်း၊ ကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအေးကျော်တို့က အမှာစကားများပြောကြားခဲ့ကြပြီး အင်ဂျင်နီယာမှူး ဦးသက်နိုင်ကျော်က မြေလျော်ကြေးငွေပေးချေမှုနှင့်ပတ်သက်၍ ရှင်းလင်း ပြောကြားကာ တာဝန်ရှိသူများက သိမ်းဆည်းခံ အိမ်ခြံမြေ ၁၃ ဦး၊ လယ်မြေ ၆၅ ဦး၊ ယာမြေ ၂၉ ဦး စုစုပေါင်း ၁၀၇ ဦးတို့အတွက် လျော်ကြေးငွေ ၁၂၃၀၁၄၁၆၀ကို ချက်လက်မှတ် ၁၀၇ စောင်ဖြင့် လယ်ယာမြေ မူလပိုင်ရှင်များထံ ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **သိန်းလွင်(အောင်လံ)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ ဆည်/တမံများ၏ ရေပိုလွှဲမှ ရေကျော်ကျမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တည်ရှိသည့် ဆည်/တမံများအနက် အချို့သော ဆည်/တမံများမှာ မိုးရွာသွန်းမှုအားကောင်း၍ သတ်မှတ်ကန်ရေပြည့်ပမာဏကျော်လွန်ကာ ရေပိုလွှဲများမှ ရေကျော်ကျလျက်ရှိသည်။

ယနေ့တွင် သတ်မှတ်ကန်ရေပြည့်အမှတ်ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်ကျလျက်ရှိသည့် ဆည်/တမံ ၅၈ ခုရှိပြီး ၎င်းဆည်/တမံ ၅၈ ခုမှာ အောက်ပါအတိုင်းဖြစ်သည် -

နေ့စွဲ - ၃၀ . ၈ . ၂၀၁၈
(၀၆:၀၀)နာရီ ရေအမှတ်

| စဉ် | ဆည်အမည် | တည်နေရာ (ခရိုင်/မြို့နယ်) | ကန်ရေပြည့်(ပေ) ကန်ရေသေ(ပေ) | ရေလှောင်ပမာဏ (ဧကပေ) | ရေအနက် (ပေ) | ရေလှောင်ပမာဏ (ဧကပေ) | မိုးရေချိန် (လက်မ) | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | **နေပြည်တော်တိုင်း** | | | | | | |
| ၁ | ချောင်းမငယ်ရေလှောင်တမံ | နေပြည်တော်တိုင်း/ဒက္ခိဏခရိုင် | ၈၆ | ၉၁၇၇၀ | ၈၆.၆၀ | ၉၃၉၈၀ | ၀.၁၅ | (၀.၆၀)ပေ |
| | | လယ်ဝေးမြို့ | ၄၆ | ၁၅၃၀၀ | | | | ရေကျော် |
| | | **ကရင်ပြည်နယ်** | | | | | | |
| ၂ | ရေဘုတ်ရေလှောင်တမံ | ဘားအံခရိုင် | ၃၆ | ၂၈၄၇၄ | ၃၇.၄၀ | ၃၂၀၆၈ | ၁.၆၉ | (၁.၄၀)ပေ |
| | | လှိုင်းဘွဲ့မြို့ | ၁၉ | ၂၃၇၆ | | | | ရေကျော် |
| | | **ချင်းပြည်နယ်** | | | | | | |
| ၃ | လိုင်ဗားရေလှောင်တမံ | ဖလမ်းခရိုင်/ | ၆၈.၈၀ | ၁၈၈၁ | ၆၉.၀၀ | ၁၈၉၅ | ၀.၀၇ | (၀.၂၀)ပေ |
| | | ဖလမ်းမြို့ | ၂၆ | ၁၀၃ | | | | ရေကျော် |
| ၄ | သီကီရ်ရေလှောင်တမံ | ဟားခါးခရိုင်/ | ၆၅ | ၁၃၆၅ | ၆၅.၂၅ | ၁၃၇၇ | ၀.၁၃ | (၀.၂၅)ပေ |
| | | ထန်တလန်မြို့ | ၁၅ | ၇၅ | | | | ရေကျော် |
| | | **စစ်ကိုင်းတိုင်းဒေသကြီး** | | | | | | |
| ၅ | မဟာနန္ဒာကန် | ရွှေဘိုခရိုင်/ | ၆ | ၁၀၉၅ | ၆.၁၀ | ၁၁၁၄ | - | (၀.၁၀)ပေ |
| | | ရွှေဘိုမြို့ | ၀ | ၁၂၂ | | | | ရေကျော် |
| ၆ | မြောက်ယမားရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၅၄ | ၁၄၀၅၇ | ၅၄.၂၀ | ၁၄၁၈၈ | - | (၀.၂၀)ပေ |
| | | ပုလဲမြို့ | ၂၉ | ၂၈၃၆ | | | | ရေကျော် |
| ၇ | မြောက်ယမားရေကူ ရေလှောင်တမံ | ယင်းမာပင်ခရိုင်/ | ၁၂၀ | ၁၂၂၉၀၀ | ၁၂၂.၁၀ | ၁၂၇၂၈၂ | - | (၁.၁၀)ပေ |
| | | ပုလဲမြို့ | ၇၉ | ၂၁၂၄၀ | | | | ရေကျော် |
| ၈ | ရာဇဂြိုလ်ရေလှောင်တမံ | ကလေးခရိုင်/ | ၁၄၅ | ၅၂၀၀၀ | ၁၄၇.၀၀ | ၅၃၉၀၀ | - | (၂.၀၀)ပေ |
| | | ကလေးမြို့ | ၈၅ | ၈၀၀၀ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အရှေ့)** | | | | | | |
| ၉ | ပသိရေလှောင်တမံ | တောင်ငူခရိုင်/ | ၈၀ | ၃၀၅၀၀ | ၈၁.၀၀ | ၃၁၄၅၀ | - | (၁.၀၀)ပေ |
| | | တောင်ငူမြို့ | ၂၅.၆ | ၁၅၀၅ | | | | ရေကျော် |
| ၁၀ | မင်းရဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၃၈ | ၂၃၅၀ | ၃၈.၅၀ | ၂၄၀၀ | ၀.၉၀ | (၀.၅၀)ပေ |
| | | အုတ်တွင်းမြို့ | ၂၅ | ၅၀၀ | | | | ရေကျော် |
| ၁၁ | ငမြဲရေလှောင်တမံ | တောင်ငူခရိုင်/ | ၄၆ | ၂၃၈၀ | ၄၆.၂၀ | ၂၄၀၈ | ၁.၀၀ | (၀.၂၀)ပေ |
| | | ဖြူးမြို့ | ၂၇.၅ | ၃၅၀ | | | | ရေကျော် |
| ၁၂ | ဖြူးချောင်းရေလှောင်တမံ | တောင်ငူခရိုင်/ | ၂၁၉ | ၆၃၂၅၃၃ | ၂၂၃.၈၀ | ၇၀၇၁၄၃ | ၁.၁၀ | (၄.၈၀)ပေ |
| | | ဖြူးမြို့ | ၁၁၆.၆ | ၂၉၉၄၉ | | | | ရေကျော် |
| ၁၃ | ရဲနွယ်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၀၅ | ၉၃၁၈၀၀ | ၂၁၀.၅၀ | ၁၀၃၉၁၂၇ | ၂.၂၀ | (၅.၅၀)ပေ |
| | | ကျောက်တံခါးမြို့ | ၈၈.၂ | ၃၄၉၀၀ | | | | ရေကျော် |
| ၁၄ | ဘောနီရေလှောင်တမံ | ပဲခူးခရိုင်/ | ၇၃ | ၃၅၂၀၀ | ၇၄.၂၀ | ၃၇၁၂၀ | ၀.၅၁ | (၁.၂၀)ပေ |
| | | ဒိုက်ဦးမြို့ | ၃၃ | ၂၄၀၀ | | | | ရေကျော် |
| ၁၅ | ပျဉ်ပုံကြီးရေလှောင်တမံ | ပဲခူးခရိုင်/ | ၄၀ | ၁၁၁၃၀ | ၄၁.၄၀ | ၁၁၅၆၈ | ၀.၃၅ | (၁.၄၀)ပေ |
| | | ဒိုက်ဦးမြို့ | ၈ | ၁၄၂၈ | | | | ရေကျော် |
| ၁၆ | မဇင်းရေလှောင်တမံ | ပဲခူးခရိုင်/ | ၅၂ | ၂၆၁၈၆ | ၅၃.၇၀ | ၂၈၅၈၉ | ၀.၀၄ | (၁.၇၀)ပေ |
| | | ပဲခူးမြို့ | ၂၅ | ၂၄၇၆ | | | | ရေကျော် |
| ၁၇ | ဇလက်ထော်ရေလှောင်တမံ | ပဲခူးခရိုင်/ | ၃၉.၅ | ၁၈၉၁၂ | ၄၁.၁၀ | ၂၀၈၁၀ | - | (၁.၆၀)ပေ |
| | | ပဲခူးမြို့ | ၁၂.၅ | ၇၅၀ | | | | ရေကျော် |
| ၁၈ | ရွှေပြည် (၃)ရေလှောင်တမံ | ပဲခူးခရိုင်/ | ၂၈ | ၃၇၀၀ | ၂၈.၂၀ | ၃၈၀၀ | ၀.၄၀ | (၀.၂၀)ပေ |
| | | ပဲခူးမြို့ | ၈ | ၄၀ | | | | ရေကျော် |
| ၁၉ | ကိုဒွကွဲရေလှောင်တမံ | ပဲခူးခရိုင်/ | ၈၀ | ၁၄၈၃၆၄ | ၈၂.၁၅ | ၁၆၂၆၀၄ | ၀.၂၅ | (၂.၁၅)ပေ |
| | | ပဲခူးမြို့ | ၃၅ | ၁၀၁၈၅ | | | | ရေကျော် |
| | | **ပဲခူးတိုင်းဒေသကြီး (အနောက်)** | | | | | | |
| ၂၀ | တောင်နဝင်းရေထိန်းတမံ | ပြည်ခရိုင်/ | ၃၆ | ၂၁၁၉၆ | ၃၆.၈၂ | ၂၇၃၆၄ | ၀.၄၆ | (၀.၈၂)ပေ |
| | | ပေါက်ခေါင်းမြို့ | ၂၉.၄၄ | ၁၀၅၄၉ | | | | ရေကျော် |
| ၂၁ | ဝဲကြီးရေလှောင်တမံ | ပြည်ခရိုင်/ | ၁၀၂ | ၂၅၂၀၀၀ | ၁၀၅.၂၀ | ၂၉၀၀၀၀ | ၀.၆၀ | (၃.၂၀)ပေ |
| | | ပေါင်းတည်မြို့ | ၇၀ | ၂၅၀၀၀ | | | | ရေကျော် |
| ၂၂ | ညောင်ကိုင်းရေလှောင်တမံ | ပြည်ခရိုင်/ | ၄၈ | ၁၇၅၉၄ | ၄၉.၁၀ | ၁၉၄၃၁ | ၀.၁၂ | (၁.၁၀)ပေ |
| | | ပန်းတောင်းမြို့ | ၂၆ | ၃၀၀၁ | | | | ရေကျော် |
| ၂၃ | တောင်ညိုရေလှောင်တမံ | သာယာဝတီခရိုင်/ | ၉၅ | ၂၁၈၀၀၀ | ၉၇.၅၀ | ၂၃၂၀၄၅ | ၀.၂၇ | (၂.၅၀)ပေ |
| | | နတ္တလင်းမြို့ | ၅၇.၅ | ၂၁၉၅၀ | | | | ရေကျော် |
| ၂၄ | ဘော်ဘင်ရေလှောင်တမံ (၂) (ဘော်ဘင်ချောင်း) | သာယာဝတီခရိုင်/ | ၁၀၀ | ၂၆၅၈၈ | ၁၀၁.၈၀ | ၂၈၃၅၂ | - | (၁.၈၀)ပေ |
| | | ဇီးကုန်းမြို့ | ၆၅ | ၅၈၄၂ | | | | ရေကျော် |
| ၂၅ | ဂမုန်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၃ | ၅၆၄၁၇ | ၁၀၄.၈၀ | ၅၉၇၆၆ | ၀.၂၄ | (၁.၈၀)ပေ |
| | | အုတ်ဖိုမြို့ | ၅၁ | ၄၆၆၂ | | | | ရေကျော် |
| ၂၆ | ကံတင်ဘီးလင်းရေလှောင်တမံ | သာယာဝတီခရိုင်/ | ၁၀၅ | ၁၃၄၁၇၅ | ၁၀၆.၄၀ | ၁၄၀၉၈၃ | ၀.၀၈ | (၁.၄၀)ပေ |
| | | မင်းလှမြို့ | ၅၅ | ၇၅၇၈ | | | | ရေကျော် |
| ၂၇ | သဲကောရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၆ | ၅၂၅၀၀ | ၆၇.၈၀ | ၆၃၉၀၀ | ၀.၂၄ | (၁.၈၀)ပေ |
| | | လက်ပံတန်းမြို့ | ၄၀ | ၄၁၂၀ | | | | ရေကျော် |
| ၂၈ | မုက္ခာရေလှောင်တမံ | သာယာဝတီခရိုင်/ | ၆၄ | ၂၄၁၁၂ | ၆၅.၆၀ | ၂၆၃၈၀ | ၀.၂၈ | (၁.၆၀)ပေ |
| | | မင်းလှမြို့ | ၃၄ | ၁၈၆၁ | | | | ရေကျော် |
| | | **မကွေးတိုင်းဒေသကြီး** | | | | | | |
| ၂၉ | မြစ်သာရေလှောင်တမံ | ဂန့်ဂေါခရိုင်/ | ၁၈၅ | ၃၇၇၆၀၀ | ၁၈၆.၄၀ | ၃၈၆၈၁၂ | - | (၁.၄၀)ပေ |
| | | ဂန့်ဂေါမြို့ | ၁၃၅ | ၁၅၂၉၁၅ | | | | ရေကျော် |
| ၃၀ | စလင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၂၀၃ | ၁၃၃၀၀၀ | ၂၀၃.၄၀ | ၁၃၄၀၄၄ | - | (၀.၄၀)ပေ |
| | | စလင်းမြို့ | ၉၃ | ၁၆၂၁၉ | | | | ရေကျော် |
| ၃၁ | မုန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၄၀ | ၆၂၀၉၀၀ | ၁၄၂.၇၀ | ၆၄၉၄၃၉ | - | (၂.၇၀)ပေ |
| | | စေတုတ္တရာမြို့ | ၆၀ | ၉၂၅၀၀ | | | | ရေကျော် |
| ၃၂ | မန်းချောင်းရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၀ | ၁၂၀၀၀၀ | ၁၂၁.၀၀ | ၁၂၄၀၀၀ | - | (၁.၀၀)ပေ |
| | | ငဖဲမြို့ | ၆၀ | ၁၀၅၀၀ | | | | ရေကျော် |
| ၃၃ | ကြီးအုံကြီးဝရေလှောင်တမံ | မင်းဘူးခရိုင်/ | ၁၂၃.၅ | ၃၀၂၇၀၀ | ၁၂၆.၉၀ | ၃၃၄၆၆၀ | - | (၃.၄၀)ပေ |
| | | ပွင့်ဖြူ | ၅၆ | ၂၄၃၇၂ | | | | ရေကျော် |
| ၃၄ | ဘွက်ကြီးရေလှောင်တမံ | သရက်ခရိုင်/ | ၉၅ | ၇၃၁၉၂ | ၉၆.၁၀ | ၇၆၄၄၁ | - | (၁.၁၀)ပေ |
| | | အောင်လံမြို့ | ၆၁ | ၁၇၆၁၅ | | | | ရေကျော် |
| | | **မွန်ပြည်နယ်** | | | | | | |
| ၃၅ | ကတိုက်ရေလှောင်တမံ | သထုံခရိုင်/ | ၁၂၃ | ၅၄၀၉၂ | ၁၂၄.၂၀ | ၅၅၂၃၃ | ၁.၆၅ | (၁.၂၀)ပေ |
| | | ပေါင်မြို့ | ၂၆ | ၁၁၇၅ | | | | ရေကျော် |
| ၃၆ | ရွှေနတ်တောင် ရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၇၄ | ၅၂၅၀ | ၇၄.၇၅ | ၅၃၈၀ | ၀.၆၈ | (၀.၇၅)ပေ |
| | | မော်လမြိုင်မြို့ | ၃၄ | ၉၁၀ | | | | ရေကျော် |
| ၃၇ | အဇင်းရေလှောင်တမံ | မော်လမြိုင်ခရိုင်/ | ၈၂.၈ | ၁၅၄၂၇ | ၈၃.၁၀ | ၁၅၅၇၇ | ၀.၆၅ | (၀.၃၀)ပေ |
| | | မုဒုံမြို့ | ၂၅.၅ | ၁၂၆ | | | | ရေကျော် |
| | | **ရခိုင်ပြည်နယ်** | | | | | | |
| ၃၈ | ပြိုင်းချောင်းရေလှောင်တမံ | စစ်တွေခရိုင်/ | ၉၆ | ၂၅၂၀၅ | ၉၇.၂၀ | ၂၅၈၀၅ | ၀.၄၀ | (၁.၂၀)ပေ |
| | | ကျောက်တော်မြို့ | ၂၆ | ၁၀၅၄ | | | | ရေကျော် |
| ၃၉ | ကြိုးကြာကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀ | ၅၂၉ | ၄၀.၅၀ | ၅၄၀ | - | (၀.၅၀)ပေ |
| | | တောင်ကုတ်မြို့ | ၁၁ | ၇ | | | | ရေကျော် |
| ၄၀ | ရဟိုင်းကွင်းရေလှောင်တမံ | သံတွဲခရိုင်/ | ၄၀.၆ | ၆၂၅ | ၄၀.၉၀ | ၆၄၀ | - | (၀.၃၀)ပေ |
| | | ဂွမြို့ | ၁၃.၆၀ | ၄၇ | | | | ရေကျော် |
| ၄၁ | ဇီးဖြူကုန်းရေလှောင်တမံ | သံတွဲခရိုင်/ | ၂၇ | ၄၃၀ | ၂၇.၂၀ | ၄၃၆ | - | (၀.၂၀)ပေ |
| | | သံတွဲမြို့ | ၆ | ၂၂ | | | | ရေကျော် |
| ၄၂ | ငပလီရေလှောင်တမံ | သံတွဲခရိုင်/ | ၄၄ | ၁၄၇၀ | ၄၄.၆၀ | ၁၅၁၂ | - | (၀.၆၀)ပေ |
| | | သံတွဲမြို့ | ၉ | ၇၀ | | | | ရေကျော် |
| ၄၃ | မင်းသားချောင်းရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၁၇ | ၁၆၅၀ | ၁၇.၃၀ | ၁၆၅၆ | - | (၀.၃၀)ပေ |
| | | ကျောက်တော်မြို့ | ၁ | ၂၀ | | | | ရေကျော် |
| ၄၄ | ဂရင်ဂျိုင်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၂၆ | ၆၅ | ၂၆.၂၀ | ၆၆ | - | (၀.၂၀)ပေ |
| | | မင်းပြားမြို့ | ၁၂ | ၅ | | | | ရေကျော် |
| ၄၅ | ကြက်တက်ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၃၀ | ၁၂၀ | ၃၂.၉၀ | ၁၅၀ | - | (၂.၉၀)ပေ |
| | | မင်းပြားမြို့ | ၁၀ | ၉ | | | | ရေကျော် |
| ၄၆ | ရှောက်ချောင်း ရေလှောင်တမံ | မြောက်ဦးခရိုင်/ | ၄၃ | ၁၀၄၀ | ၄၄.၂၀ | ၁၂၁၅ | ၀.၉၀ | (၁.၂၀)ပေ |
| | | ကျောက်တော်မြို့ | ၁၇ | ၁၂၀ | | | | ရေကျော် |
| | | **ရန်ကုန်တိုင်းဒေသကြီး** | | | | | | |
| ၄၇ | မဟူရာ (ငမိုးရိပ်)ရေကူ ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၉၀ | ၅၃၉၉၂ | ၉၂.၁၀ | ၅၇၉၈၆ | ၀.၂၀ | (၂.၁၀)ပေ |
| | | လှည်းကူးမြို့ | ၃၄ | ၂၅၀၀ | | | | ရေကျော် |
| ၄၈ | ငမိုးရိပ်ရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၆၂ | ၁၈၀၀၀၀ | ၆၂.၈၀ | ၁၈၆၄၀၀ | ၀.၀၄ | (၀.၈၀)ပေ |
| | | လှည်းကူးမြို့ | ၃၆ | ၁၂၀၀၀ | | | | ရေကျော် |
| ၄၉ | တဘူးလှရေလှောင်တမံ | ရန်ကုန် (မြောက်ပိုင်း)ခရိုင်/ | ၈၅ | ၁၉၄၆၀၀ | ၈၅.၃၀ | ၁၉၆၁၀၀ | - | (၀.၃၀)ပေ |
| | | တိုက်ကြီးမြို့ | ၄၅ | ၂၄၃၂၅ | | | | ရေကျော် |
| ၅၀ | ဘန့်ဘွေးကုန်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၃ | ၁၇၃၅ | ၁၃.၈၀ | ၁၉၁၁ | ၁.၁၀ | (၀.၈၀)ပေ |
| | | သန်လျင်မြို့ | ၂.၅၀ | ၁၅၀ | | | | ရေကျော် |
| ၅၁ | ဇာမဏီအင်းရေလှောင်တမံ | ရန်ကုန် (တောင်ပိုင်း)ခရိုင်/ | ၁၂ | ၅၃၆၄ | ၁၂.၇၅ | ၅၈၉၄ | ၀.၅၉ | (၀.၇၅)ပေ |
| | | သန်လျင်မြို့ | ၂ | ၃၂၆ | | | | ရေကျော် |
| | | **ရှမ်းပြည်နယ် (မြောက်ပိုင်း)** | | | | | | |
| ၅၂ | မုံးရင်ရေလှောင်တမံ | ကျောက်မဲခရိုင်/ | ၈၆ | ၂၅၉၀၀ | ၈၇.၁၀ | ၂၇၁၁၂ | ၀.၃၄ | (၁.၁၀)ပေ |
| | | နောင်ချိုမြို့ | ၅၆ | ၅၃၈၅ | | | | ရေကျော် |
| ၅၃ | ကောက်ကွေ့ရေလှောင်တမံ | လားရှိုးခရိုင်/ | ၁၀၆ | ၅၀၃၄ | ၁၀၆.၂၀ | ၅၀၆၇ | ၀.၇၀ | (၀.၂၀)ပေ |
| | | လားရှိုးမြို့ | ၃၄ | ၂၀၇ | | | | ရေကျော် |
| ၅၄ | ဟူးမွန်ရေလှောင်တမံ | လားရှိုးခရိုင်/ | ၇၂ | ၂၀၂၅ | ၇၂.၂၀ | ၂၀၄၂ | ၀.၇၀ | (၀.၂၀)ပေ |
| | | လားရှိုးမြို့ | ၃၀ | ၁၈၀ | | | | ရေကျော် |
| | | **ဧရာဝတီတိုင်းဒေသကြီး** | | | | | | |
| ၅၅ | ကွန်ချောင်းရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၂၅ | ၉၈၄၀၀ | ၁၂၅.၃၀ | ၉၈၉၁၀ | - | (၀.၃၀)ပေ |
| | | ကြံခင်းမြို့ | ၄၈ | ၇၃၅၀ | | | | ရေကျော် |
| ၅၆ | မမြရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၅ | ၇၁၄၀၀ | ၁၃၅.၁၀ | ၇၁၅၃၀ | - | (၀.၁၀)ပေ |
| | | မြန်အောင်မြို့နယ် | ၃၆ | ၂၉၆၂ | | | | ရေကျော် |
| ၅၇ | နန်းကသူရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၃၈ | ၄၀၄၈၇ | ၁၃၉.၈၀ | ၄၁၃၅၃ | - | (၁.၈၀)ပေ |
| | | အင်္ဂပူမြို့ | ၅၈ | ၆၆၁၈ | | | | ရေကျော် |
| ၅၈ | ကညင်ရေလှောင်တမံ | ဟင်္သာတခရိုင်/ | ၁၇၄ | ၁၄၅၀၀၀ | ၁၇၆.၂၀ | ၁၄၉၁၈၈ | - | (၂.၂၀) ပေ |
| | | အင်္ဂပူမြို့ | ၈၆ | ၂၆၈၈၀ | | | | ရေကျော် |

# သဲအင်းဂူ ဗဟိုဌာနချုပ် (မှော်ဘီ)
# မူလ သဲအင်းဂူဆရာတော်ကြီး၏ ဝဲ–ယာ မျက်ရှင်တော် သီတင်းသုံးရန် သုံးထပ်ကျောင်းဆောင် ဆောက်လုပ်ခြင်း



ကျေးဇူးတော်ရှင် မူလသဲအင်းဂူဆရာတော်ကြီး ဦးဥက္ကဋ္ဌ၏ ကြွင်းကျန်ရစ်သော ဝဲ-ယာ မျက်ရှင်တော် (ဓာတ်တော်များ) သီတင်းသုံးရန်နှင့် ဝေနေယျများ နေ့စဉ် ဖူးမြော်နိုင်ရန်အတွက် ကျပ်သိန်းသုံးထောင်ခန့်ကုန်ကျမည့် သုံးထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်လျက်ရှိရာ မည်သူမဆို ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်ကို အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၇၉၈၃၈၁၅၉၅၊ ၀၉-၄၂၇၇၈၂၃၀၃၊ ၀၉-၉၅၂၀၀၂၇၇၇

**သဲအင်းဂူ ဗဟိုဌာနချုပ် (မှော်ဘီ)**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ အထက(စလွန်ဖြူ) တက္ကသိုလ်ဝင်တန်းမှ မောင်ဝေဖြိုးအောင်၏ဖခင် ဦးထွန်းထွန်းဦး ၉/မတရ(နိုင်)၀၄၄၇၆၂ နှင့် ဦးထွန်းထွန်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးထွန်းထွန်းဦး (ခ) ဦးထွန်းထွန်း**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ကန့်ဘလူမြို့နယ်၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း (J) မှ မောင်ဝေလင်း၏ဖခင် ဦးဇော်မင်းထွေးနှင့် ဦးအောင်စိန် ၅/ကဘလ(နိုင်)၀၄၈၄၉၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးဇော်မင်းထွေး (ခ) ဦးအောင်စိန်**

### ဖခင်အမည်မှန်
ပြင်ဦးလွင်ခရိုင်၊ မတ္တရာမြို့နယ်၊ အထက(မြို့သစ်) တက္ကသိုလ်ဝင်တန်း (B)မှ မောင်သူရမောင်၏ ဖခင်အမည်မှန်မှာ ဦးသန်းဦး ၉/မတရ(နိုင်)၀၀၉၀၉၁ ဖြစ်ပါကြောင်း။ **ဦးသန်းဦး**

### မိခင်အမည်မှန်
လယ်ဝေးမြို့၊ အထက (၃) သပြေပင်၊ နဝမတန်း(A)မှ မခိုင်ဇင်ဝင်း၏ မိခင်အမည်မှန်မှာ ဒေါ်ကေခိုင် ဖြစ်ပါကြောင်း။
**ဒေါ်ကေခိုင်**

### တစ်ဦးတည်းဖြစ်ပါကြောင်း
လယ်ဝေးမြို့နယ်၊ ကျောက်ကျောင်းစုအုပ်စု၊ ရွာမနေ ဦးအေးလေး၏သား ဦးအောင်ကြီးနှင့် ဦးအောင်အောင် ၉/လဝန(နိုင်)၂၂၅၁၈၇ သည် တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးအောင်ကြီး(ခ)ဦးအောင်အောင်**

### မိဘအမည်မှန်
လယ်ဝေးမြို့နယ်၊ နောင်ဘိုကျေးရွာနေ မသန္တာအောင်၊ အထက (၃) သပြေပင်၊ အဋ္ဌမတန်း(A) မှ မောင်လပြည့်စိုး၊ နောင်ဘို၊ မူလွန်ကျောင်း၊ စတုတ္ထတန်းမှ မောင်ဟန်ထူးအောင်တို့၏ မိဘအမည်မှန်မှာ ဦးထွန်းထွန်းနှင့် ဒေါ်ကျော့မေခိုင် ဖြစ်ပါကြောင်း။
**ဦးထွန်းထွန်း-ဒေါ်ကျော့မေခိုင်**

### ဖခင် အမည်မှန်
ကော့ကရိတ်မြို့ အထက(၁) တက္ကသိုလ်ဝင်တန်း (D)မှ မောင်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးအေးမြင့် ၃/ကကရ(နိုင်)၀၁၉၈၃၈ ဖြစ်ပါကြောင်း။ **ဦးအေးမြင့်**

### မိဘအမည်မှန်
ကော့ကရိတ်မြို့၊ အထက ချောင်းတောင် နဝမတန်း (ဂ)မှ နန်းဇူလိုင်မိုး၏ မိဘအမည်မှန်မှာ ဦးသိန်းမြင့် ၃/ကကရ(နိုင်)၀၁၀၆၃၀ နှင့် ဒေါ်နော်မူးပေ့ ၃/ကကရ(နိုင်)၂၂၃၄၁၆ ဖြစ်ပါကြောင်း။
**ဦးသိန်းမြင့် - ဒေါ်နော်မူးပေ့**

### ပတ်စ်ပို့ပျောက်
ကျွန်မ မထွန်းထွန်းမီ ၁/မကန(နိုင်)၁၂၆၅၅၈ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၀၀၁၀၆၆၆**

### မွေးသက္ကရာဇ်အမှန်
တနိုင်းမြို့၊ အထက (၁)၊ တက္ကသိုလ်ဝင်တန်း(B)မှ မောင်ရဲဆာဒွေ့၏ မွေးသက္ကရာဇ်အမှန်မှာ ၂၆-၉-၂၀၀၃ ဖြစ်ပါသည်။

### အမည်ပြောင်း
တနိုင်းမြို့၊ အထက(ခွဲ)၊ လမုန်ကျောင်း၊ အဋ္ဌမတန်း(B)မှ ဦးဇော်နိုင်၏သား မောင်သီဟနိုင်အား မောင်သူရိန်ဟိန်းထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

### မိခင်အမည်မှန်
ပိုင်းမော်မြို့၊ အထက (၁) စတုတ္ထတန်း(A)မှ မယဉ်ယဉ်ဌေး၏ မိခင်အမည်မှန်မှာ ဒေါ်ရှောယီ ၁/ပမန(နိုင်)၀၅၇၀၂၀ ဖြစ်ပါသည်။

### မွေးသက္ကရာဇ်အမှန်၊ ဖခင်အမည်မှန်
ပိုင်းမော်မြို့၊ အထက (၂)၊ တက္ကသိုလ်ဝင်တန်း($B_1$)မှ မောင်ထက်အောင်၏ မွေးသက္ကရာဇ်အမှန်မှာ ၁၁-၁၁-၂၀၀၂ ဖြစ်ပြီး ၎င်း၏ဖခင်အမည်မှန်မှာ ဦးပေါင်းဖ ၁/မကန(နိုင်)၀၉၅၁၆၁ ဖြစ်ပါသည်။

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) ပဥ္စမတန်းမှ မမေသဇင်ဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်နုယဉ်ရွှေ ၈/ရနခ(နိုင်)၁၀၁၀၁၈ ဖြစ်ပါကြောင်း။ **ဒေါ်နုယဉ်ရွှေ**

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) အဋ္ဌမတန်းမှ မောင်စောရန်နိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မိုးဝေ ၈/ရနခ(နိုင်)၁၄၉၀၂၂ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မိုးဝေ**

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) သတ္တမတန်းမှ မောင်ဝေလင်းထက်၏ မိခင်အမည်မှန်မှာ ဒေါ်တင်တင်မိုး ၈/ရနခ(နိုင်)၁၀၀၉၇၈ ဖြစ်ပါကြောင်း။ **ဒေါ်တင်တင်မိုး**

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) ပဥ္စမတန်းမှ မသီရိစံ၏ မိခင်အမည်မှန်မှာ ဒေါ်စန်းစန်းမြင့် ၈/ရနခ(နိုင်)၁၀၀၉၈၆ ဖြစ်ပါကြောင်း။
**ဒေါ်စန်းစန်းမြင့်**

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) အဋ္ဌမတန်းမှ မသဲစုနိုင်၏ မိခင်အမည်မှန်မှာ ဒေါ်လှဲ့လှဲ့မိုး ၈/ရနခ(နိုင်)၀၈၃၅၈၇ ဖြစ်ပါကြောင်း။ **ဒေါ်လှဲ့လှဲ့မိုး**

### မိခင်အမည်မှန်
ရေနံချောင်းမြို့၊ အလက (ဝက်မစွတ်) သတ္တမတန်းမှ မောင်မိုးဇော်ထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မိုးရွှေ ၈/ရနခ(နိုင်)၁၂၁၀၃၅ ဖြစ်ပါကြောင်း။ **ဒေါ်ခင်မိုးရွှေ**

### ဖခင် အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက နဝမတန်း(B)မှ မနန်းဌေးလှိုင်၏ ဖခင်အမည်မှန်မှာ ဦးမင်းသိမ်းထွဋ် ၉/မခန(နိုင်)၁၄၈၀၀၆ ဖြစ်ပါကြောင်း။ **ဦးမင်းသိန်းထွဋ်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း (B)မှ မောင်အောင်မျိုးသူ၏ ဖခင်အမည်မှန်မှာ ဦးကျော်မြင့်စိုး ၈/မမန(နိုင်)၁၉၃၄၅၉ ဖြစ်ပါကြောင်း။
**ဦးကျော်မြင့်စိုး**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း (B) မှ မမြပုလဲသွယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့် ၈/မမန(နိုင်)၁၂၁၄၁၈ ဖြစ်ပါကြောင်း။
**ဦးမြင့်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း (B) မှ မနွယ်ဇင်ဝင်းနှင့် ပေါင်းတည် အလက သတ္တမတန်းမှ မောင်ဝင်းဇော်ဌေးတို့၏ ဖခင်အမည်မှန်မှာ ဦးတိုင်းပေါ် ၈/မမန(နိုင်)၀၅၄၄၀၃ ဖြစ်ပါကြောင်း။
**ဦးတိုင်းပေါ်**

### မွေးသက္ကရာဇ်နှင့် အမည်မှန်
ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ အထက စတုတ္ထတန်း(ဂ)မှ မဂျာဆိုင်းဘရိန်၏ မွေးသက္ကရာဇ်နှင့် အမည်မှန်မှာ မဂျာဆိုင်းဘရိမ် ၄-၅-၂၀၀၉ ဖြစ်ပါသည်။
**မဂျာဆိုင်းဘရိမ်**

### ဖခင်အမည်မှန်
ဗန်းမော်ခရိုင်၊ လွယ်ဂျယ်မြို့ အထက အဋ္ဌမတန်း(ဂ)မှ မောင်အင်ခွမ်လနောင်၏ ဖခင်အမည်မှန်မှာ ဦးအင်ခွမ်တူးအောင် ဖြစ်ပါသည်။
**ဦးအင်ခွမ်တူးအောင်**

### ဖခင်အမည်မှန်
ပန်းတောင်းမြို့နယ်၊ အထက ဥသျှစ်ပင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မဖြူဖြူသွယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်ဦး ၇/ပတန(နိုင်)၀၄၈၀၆၃ ဖြစ်ပါကြောင်း။
**ဦးမြင့်နိုင်ဦး**

### ဖခင်အမည်မှန်
ပန်းတောင်းမြို့နယ်၊ အထက ဥသျှစ်ပင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မောင်သူရဇော်၏ ဖခင်အမည်မှန်မှာ ဦးအောင်ကြည်မြင့် ၇/ပတန(နိုင်)၁၀၇၁၆၀ ဖြစ်ပါကြောင်း။
**ဦးအောင်ကြည်မြင့်**

### မိဘအမည်မှန်
ပန်းတောင်းမြို့နယ်၊ အထက ဥသျှစ်ပင် ၂၀၁၈-၂၀၁၉ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းမှ မောင်အိုက်ကျော်ကျော်၏ မိဘအမည်မှန်မှာ ဦးကျော်ဦး ၇/ပတန(နိုင်)၀၉၅၆၆၃ နှင့် ဒေါ်စန်းဝင်း ၇/ပတန(နိုင်)၁၃၁၄၀၅ ဖြစ်ပါသည်။

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း(A) မှ မစုမြတ်မွန်နှင့် ပေါင်းတည် အလက ဆဋ္ဌမတန်းမှ မောင်ရှိုင်းထက်အောင်တို့၏ ဖခင်အမည်မှန်မှာ ဦးအောင်စိုးဝင်း ၈/မမန(နိုင်)၁၄၂၃၉၇ ဖြစ်ပါကြောင်း။ **ဦးအောင်စိုးဝင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း(A) မှ မအိအိဆွေ၏ ဖခင်အမည်မှန်မှာ ဦးတင်နိုင်ဝင်း ၈/မမန(နိုင်)၁၆၅၈၄၅ ဖြစ်ပါကြောင်း။
**ဦးတင်နိုင်ဝင်း**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် လက်ယက်မ အထက တက္ကသိုလ်ဝင်တန်း(D) မှ မစိုးစန္ဒာ၏ ဖခင်အမည်မှန်မှာ ဦးသိန်းရွှင် ၈/မမန(နိုင်)၁၄၃၂၈၀ ဖြစ်ပါကြောင်း။
**ဦးသိန်းရွှင်**

### ဖခင်အမည်မှန်
မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ လက်ယက်မ အထက နဝမတန်း(B) မှ မမိပြည့်နှင့် မြန်အောင် အလက ပဥ္စမတန်းမှ မောင်ဖြိုးနိုင်ထွေးတို့၏ ဖခင်အမည်မှန်မှာ ဦးကျန်ရစ် ၈/မမန(နိုင်)၁၂၀၇၇၆ ဖြစ်ပါကြောင်း။ **ဦးကျန်ရစ်**

SEVEN စံ မော်
မြေကွက်များရောင်း/ဝယ်ရေး
ဒဂုံဆိပ်ကမ်း၊အရှေ့ပိုင်း၊ တောင်ပိုင်း၊ မြောက်ပိုင်း၊
(ရွှေပေါက်ကံမြို့သစ်) အိမ်အရောက် ငွေပေးချေသည်။ 'ပွဲခလုံးဝမယူပါ'။
09 - 33 333 511, 09 - 33 333 514, 09 - 33 333 644

### ကိုယ်စားလှယ်စာရုပ်သိမ်းကြောင်း ကြေညာခြင်း
ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ ပေါက်ကုန်းရပ်ကွက်၊ (ပက-၃၇၅)နေ ဒေါ်စန္ဒာအောင် (ဘ)ဦးအောင်လှ ၅/ဝသန(နိုင်)၀၃၆၆၁၆ က ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မင်းကုန်းရပ်ကွက် ဦးစိုးပိုင် (ဘ)ဦးထွန်းစိန် ၁/ဗမန(နိုင်)၀၅၁၀၅၈ အား ကိုယ်စားလှယ်စာအဖြစ် လွှဲအပ်ထားသော ဗန်းမော်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ (၁၂-၄-၂၀၁၈) ရက်စွဲပါ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၃၆/၂၀၁၈ အား ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန္ဒာအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော် (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၅၆၅၅)**
**သာစည်ရပ် (သစ-၃၆၅)၊ ဗန်းမော်မြို့**

### အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ခေမာသီရိရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆ခ/၂၊ ခေမာသီရိ)၊ ဦးပိုင်အမှတ် (၉၄/က)၊ မြေဧရိယာ ၀ ဒသမ ၁၀၅ ဧကရှိ မြေကွက်အား ခရိုင်အမှုတွဲအမှတ် ၇၄၅(၃) (၉၈-၉၉) အရ (၂၁-၁၂-၂၀၁၃) ရက်အထိ ဦးအောင်ရီ-ဒေါ်အုံးကြည်အမည်ဖြင့် (၁၅)နှစ် မြေငှားဂရန်ရရှိထားရာမှ နေအိမ်တွင် ပျောက်ဆုံးသွားပါသဖြင့် ဦးအောင်ရီ ၁/မကန(နိုင်)၀၃၁၃၄၀၊ ဒေါ်အုံးကြည် ၁/မကန(နိုင်)၀၃၁၃၆၇ အမည်ဖြင့် မြေငှားဂရန်မိတ္တူကူးယူခွင့်ပြုပါရန် မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်(မိတ္တူကူး)ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဩဂုတ် ၃၀**

မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ် တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပိုင်ဂြိုဟ်တုစနစ် တည်ထောင်ရေးဦးဆောင်ကော်မတီ ဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီး ဦးသာဦး၊ ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ❑




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံပိုင် ဂြိုဟ်တုစနစ်တည်ထောင်ရေး ဦးဆောင်ကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

## မြန်မာ ယူ-၂၃ အသင်း တရုတ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် အပြီးသတ်လူရွေး

ရန်ကုန် ဩဂုတ် ၃၀

**မြန်မာ ယူ-၂၃ အသင်းသည် တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်ရန် အပြီးသတ် ကစားသမား ၂၂ ဦး ရွေးချယ်လိုက်ပြီ ဖြစ်သည်။**



တရုတ်ဖိတ်ခေါ်ပြိုင်ပွဲယှဉ်ပြိုင်မည့် မြန်မာ ယူ-၂၃ အသင်း။ ဓာတ်ပုံ-စိုးညွန့်

မြန်မာယူ-၂၃ အသင်းတွင် **အုပ်ချုပ်သူ** - ဦးထွန်းထွန်းအောင်၊ **နည်းပြချုပ်** - ဦးကြည်လွင်၊ **လက်ထောက် နည်းပြ** - ဦးချစ်နိုင်၊ ဦးကျော်လွင်၊ **ဂိုးနည်းပြ** - ဦးမျိုးကျော်အောင်၊ **ဂိုးသမား**- စိုးအာကာ၊ အောဇင်မှူး၊ အောင်မျိုးထွေး၊ **နောက်တန်း** - ကျော်မျိုးနိုင်၊ စိုးကိုကို၊ ကျော်သက်ဦး၊ ဟိန်းထက်စည်သူ၊ ဇင်ရဲနိုင်၊ ဇွဲခန့်မင်း၊ သက်ပိုင်ထွေး၊ ဇွဲထက်မင်း၊ **အလယ်တန်း** - ဇော်ဝင်းမောင်၊ သက်အောင်၊ အောင်နိုင်ဝင်း၊ မင်းကိုကို၊ နန်းထိုက်ဇော်၊ ကျော်ဇေယျအာကာ၊ အောင်ဇော်မြင့်၊ ဇော်မွန်အောင်၊ **ရှေ့တန်း** - ချမ်းငြိမ်း၊ ထက်အာကာလင်းတို့ ပါဝင်ကြသည်။ မြန်မာယူ-၂၃ အသင်းသည် ယင်းပြိုင်ပွဲ

*စာမျက်နှာ ၁၂ ကော်လံ ၁* ❍

## SAM RATULANGI PD အမည်ရှိ သင်္ဘောတစ်စင်း မုတ္တမပင်လယ်ကွေ့အတွင်းတွေ့ရှိ

**သုံးခွ ဩဂုတ် ၃၀**

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် သမစိတ္တကျေးရွာအနီး မုတ္တမပင်လယ်ကွေ့အတွင်း၌ ဩဂုတ် ၂၈ ရက် ည ၈ နာရီတွင် သင်္ဘောတစ်စင်း သောင်တင်လျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

အဆိုပါသင်္ဘောကို ဩဂုတ် ၃၀ ရက် နံနက် ၇ နာရီ ၁၅ မိနစ်မှစတင်၍ မြို့နယ်ရဲစခန်းမှူး ယာယီရဲမှူး သန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ အမှတ်(၁)ဗျူဟာစစ်ရေယာဉ်စုမှ ဗိုလ်မှူး ခိုင်မင်းထွန်း နှင့်အဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဟန်ဖြိုးဇော်နှင့်အဖွဲ့၊ စရဖ(ရေ)မှ တကက ဝင်းရီနှင့်အဖွဲ့၊ မြို့နယ်လဝကမှ လက်ထောက် လဝကမှူး ဦးသက်ပိုင်ဝင်းတို့သည် အဆိုပါသင်္ဘောသို့ ထွက်ခွာခဲ့ရာ ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိပြီး အမှတ် (၁)ဗျူဟာစစ်ရေယာဉ်စုမှ ဗိုလ်မှူးခိုင်မင်းထွန်းဦးစီးအဖွဲ့နှင့် စရဖ(ရေ)မှ တကက ဝင်းရီအဖွဲ့တို့က သင်္ဘောပေါ်သို့ တက်ရောက်စစ်ဆေးခဲ့ရာ သင်္ဘောအမည်မှာ *စာမျက်နှာ ၆ ကော်လံ ၅* ▼



## စစ်တောင်းနှင့် သံလွင်မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၃၀**

ယနေ့မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။ အလားတူစစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် သုံးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်ငါးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်ပါသည်။

*စာမျက်နှာ ၆ ကော်လံ ၅* ✳

